www.burmeseclassic.com

# သတိုးတော

## ဆုတောင်းပြည့်မြွေဆိပ်

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၁၂၄၀၉၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | |
| ထုတ်ဝေသူ | - | ဦးဝင်းသူရလွင် (အိမ်မက်အသစ်စာပေ) ၃၈ (၃ လွှာ)၊ ၁၅၃-လမ်း၊ တာမွေမြို့နယ်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးဇော်မြင့်ဝင်း (ကာလာဇုန်ပုံနှိပ်တိုက်) ၁၈၄ (ဘီ)၊ ၃၁ လမ်း (အထက်) ပန်းဘဲတန်းမြို့နယ်။ |
| မျက်နှာဖုံးဒီဇိုင်း | - | Antt Bwere Zin |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် နိုဝင်ဘာလ၊ ၂၀၁၁ ခုနှစ်၊ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၂၀၀၀ ကျပ် |

၈၉၅.၈၃
သတိုးတေဇ
ဆုတောင်းပြည့်မြွေဆိပ်
သတိုးတေဇ။ - ရန်ကုန်၊
အိမ်မက်အသစ်၊ ၂၀၁၁။
၁၈၄ - စာ၊ ၁၃.၂ x ၂၁.၁ စင်တီမီတာ။
(၁) ဆုတောင်းပြည့်မြွေဆိပ်


**အိမ်မက်အသစ် မှ ထွက်ရှိပြီး စာအုပ်များ**

| | | |
|---|---|---|
| ၁၈။ | တစ်ဝက်တစ်ပျက်ည | မင်းခိုက်စိုးစန်၊ L ဆင်ဖြူကျွန်း |
| ၁၉။ | ငှက်စိုးတွန်ချိန် | သတိုးတေဇ |
| ၂၀။ | ဆောင်းနေသူ | သတိုးတေဇ |
| ၂၁။ | ညည့်နက်သန်းခေါင်ခွေးတစ်ကောင် | သတိုးတေဇ |
| ၂၂။ | စွဲလမ်းခြင်းခရီးသည် | သတိုးတေဇ |
| ၂၃။ | အပြာရောင်မှတ်ဉာဏ်အပိုင်းအစများ | ဇေယျာလွင် |
| ၂၄။ | ချစ်သူရှာ | ရှား |
| ၂၅။ | ညည်းတွားမိုက်တဲ့ ဇုံသ | သတိုးတေဇ |
| ၂၆။ | ဦးရှင်ကြီး | ဒီပွဲကျော်မှာ |
| ၂၇။ | ပန်းသင်ဘား | ဇေယျာလွင် |
| ၂၈။ | ဓားရယ် | ရှား |
| ၂၉။ | ကလေးအတွေး Essay | မင်းခိုက်စိုးစန် |
| ၃၀။ | ကိုနဂါးပြည်သို့ အလည်ရောက်သူ | ဒီပွဲကျော်မှာ |
| ၃၁။ | ဘာဆိုလားပဲ | ရှား |
| ၃၂။ | ခေါင်းညိမ့်ပြေးတဲ့ အရိပ်ကလေး | ဇေယျာလွင် |
| ၃၃။ | လိပ်ပြာနဲ့တဲ့ည | ဒ သသ ကျော်မှာ |
| ၃၄။ | မေညွန့် ရောက်ကြမှာဆိုး | သတိုးတေဇ |
| ၃၅။ | 25 | ရှား |
| ၃၆။ | မိစ္ဆာမျက်ရည် | ဓ ဝလ ကျော် |
| ၃၇။ | နှင်းဆီရောင်မှန်တိုင်း | ဇေယျာလွင် |
| ၃၈။ | အလင်းဆမှောင်ကကြိုး | ဇေယျာလွင် |
| ၃၉။ | မိုနီပိုလီ | ရှား |
| ၄၀။ | ဆင်ဝင်တားတဲ့လှ | ဒ ဂျွ ကျော်မှာ |
| ၄၁။ | လမိုက်ညခေါ်သံ | ဒ သသ ကျော်မှာ |
| ၄၂။ | သွေးကျွတ်ရှင် | ဒ ဂျွ ကျော်မှာ |
| ၄၃။ | အချို့မြစ် | ရှား |
| ၄၄။ | နတ်သမီးအားအောင် | ရှား |
| ၄၅။ | ဝိဘတ်ကြဲမှာ | ဒ သသ ကျော်မှာ |
| ၄၆။ | ဟွတာကြီး | ရှား |
| ၄၇။ | သက်ပျောက်သစ်ပင် | ဒ သသ ကျော်မှာ |
| ၄၈။ | စွယ်နှံ့ဆင်ရိုင်း | သတိုးတေဇ |
| ၄၉။ | နဂါးတွင်းခရီးသည် | ဒ ဂျွ ကျော်မှာ |
| ၅၀။ | တစ်ယှဉ်မျက်လုံးရှင် | ဒ သသ ကျော်မှာ |
| ၅၁။ | ပါဆယ် | ရှား |
| ၅၂။ | ခေါင်း...ခေါင်း...ခြေတစ်ချောင်း | သတိုးတေဇ |
| ၅၃။ | မရောက်ဘို့ | ဒ သသ ကျော်မှာ |
| ၅၄။ | သရဲကျွမ်း | ဒ သသ ကျော်မှာ |
| ၅၅။ | မိုးမျှော်ရှာ | ရှား |
| ၅၆။ | ခြေကလိမ်မ မယ်ကာက | ဒ သသ ကျော်မှာ |
| ၅၇။ | သမီးရည်းစားအတိုက်ခံ | ရှား |
| ၅၈။ | မြို့တစ်မြို့ | ရှား |
| ၅၉။ | သန်းခေါင်ယံညည်းသံ | ဒ သသ ကျော်မှာ |
| ၆၀။ | ဘီနီဗိုလ်ကေ | ရှား |
| ၆၁။ | သွေးနီစိတ်ကျောက်တိုင် | ဒ သသ ကျော်မှာ |
| ၆၂။ | တက္ကသိုလ် ၆ ခု | ရှား |
| ၆၃။ | နေ/ည ၂၄ နာရီကဒ်: | ရှား/ မြူ |
| ၆၄။ | မြေကြွက်: | ဒ သသ ကျော်မှာ |
| ၆၅။ | အတ်မမက်ရဲတဲ့ အိပ်မက်ကောင်း | သတိုးတေဇ |
| ၆၆။ | ကျားနိုင်ဝိဇ္ဇာ | ဒ ဂျွ ကျော်မှာ |
| ၆၇။ | ရွှေဝတိုရီ | မင်းလွှာ၊ လူနေ၊ မိုးစက်ဖိုင်၊ |
| ၆၈။ | ကမ္ဘာ့သရဲတစ္ဆေ ဇာတ်လမ်းတိုများ | မင်းခိုက်စိုးစန် |
| ၆၉။ | ရည်းစားထားတဲ့ဂိမ်း | ရှား |
| ၇၀။ | နှမ်းစဉ်ကောင်းကင် | မင်းခိုက်စိုးစန်၊ |
| ၇၁။ | ဆုတောင်းပြည့်မြွေဆိပ် | သတိုးတေဇ |
| | ***ဆက်လက်ထွက်ရှိမည့်စာအုပ်များ*** | |
| ၇၂။ | ရန့်ရဲ့ကိုယ်ရောင်ကိုယ်ဝါ | |

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

BURMESE CLASSIC .com

# ဆုတောင်းပြည့်မြွေဆိပ်

## သတိုးဇော

Eainmakathit
38 (3rd-fl), 153rd Lane, Tamwe Ts, Yangon.
095112428, 551403

www.burmeseclassic.com

www.burmeseclassic.com

''အား…အမလေးလုပ်ပါအုံး…အမေ့အမေ သမီးခြေထောက်ကို မြွေကိုက်လိုက်လို့…''

ဒေါ်စံပုမှာ နံနက်စောစော အာရုံဆွမ်းထပြီးချက်နေရာမှ သမီးဖြစ်သူ ခင်နှင်းမှုံ၏ အိပ်ယာထဲမှ အထိတ်တလန့်အော်သံကြောင့်

''ဟင်…ဘယ်မှာလဲ…ဘယ်မှာလဲ''

ပြောပြောဆိုဆို ဒေါ်စံပုက ကြပ်ခိုးစင်အောက်မှ ရေနံဆီမီး ခွက်ကို လှမ်းယူကာ ခင်နှင်းမှုံရှိရာ အိပ်ခန်းဆီသို့ ဒရောသောပါးနှင့် ပြေးဝင်လိုက်သည်။

ခင်နှင်းမှုံမှာ အိပ်ယာပေါ်တွင် လူးလိမ့်နေရင်း သူ့ကိုယ်ပေါ်မှ လွှားခြုံထားသော စောင်၏အောက်သို့ကြည့်ကာ သွေးပျက်မတတ်ပင် အော်ဟစ်နေ၏။

''စောင်…စောင်…စောင်အောက်မှာ…မြွေ…မြွေ…''

သူမ၏ ခြေထောက်တွေက စောင်အောက်တွင် တွန်းထိုးရုန်းကန်နေရင်း အသံတွေက တုန်တုန်ယင်ယင်ဖြစ်နေသည်။ ဒေါ်စံပုက အိပ်ခန်းထောင့်တွင် ထောင်ထားသည့် ဝါးလုံးရှည်တစ်ချောင်းကိုယူကာ ခင်နှင်းမှုံ၏စောင်ကို ဆွဲလှန်လိုက်ပြီး မြွေကိုရိုက်ရန် အသင့်ချိန်ရွယ် လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ဘယ်မှာလဲမြေ..."

ဝါးလုံးရှည်ဖြင့်စောင်ကို ဆွဲမဖယ်လိုက်သော်လည်း မြေနှင့်တူသည့် အရာဟူ၍ ဘာတစ်ခုမှရှိမနေ။ ဒေါ်စံပုက လက်ထဲမှ ရေနံဆီ မီးခွက်ကို အပေါ်သို့မြှောက်ကာ ခင်နှင်းမှုံ၏အိပ်ယာပတ်ပတ်လည်ကို လှည့်ပတ်ကြည့်လိုက်သည်။ ထိုအိပ်ယာပေါ်တွင်တော့ တွန့်လိမ်ရှုပ်ပွနေသော နှစ်နှံသုံးနံ့စဝ်ဖာထားသည့် အိပ်ယာခင်းအဟောင်းတစ်ခုကိုသာ တွေ့လိုက်ရသည်။

ဒေါ်စံပုမှာ ခင်ပွန်းသည် ကိုရာကျော်ဆုံးပါးသွားပြီးကတည်းက သမီးလေးခင်နှင်းမှုံကို ပင်ပန်းဆင်းရဲခံပြီး ကြံ့ရာကျပမ်းလုပ်ကိုင်ရှာဖွေကျွေးကာ ကျောင်းထားလာခဲ့ရသူဖြစ်သည်။ ဘာပဲပြောပြော ဒေါ်စံပုတစ်ယောက် အခုတော့ သူပင်ပန်းဆင်းရဲခံပြီး ကျောင်းထားပေးခဲ့ရကျိုးတော့နပ်ပြီဖြစ်သည်။ မနေ့က ဆယ်တန်းအောင်စာရင်းတွေထွက်တော့ သူ့သမီးခင်နှင်းမှုံတစ်ယောက် ဂုဏ်ထူးနှစ်ခုနှင့်ပင် အောင်မြင်ခဲ့သည်။

အခုလည်း သမီးလေး ခင်နှင်းမှုံ ဆယ်တန်းအောင်သည့် အထိမ်းအမှတ်နှင့် ရွာဦးကျောင်းမှ ဆရာတော်ကို အာရုဏ်ဆွမ်းကပ်ရန် နံနက်စောစော ဆွမ်းထချက်နေခြင်းပင်ဖြစ်သည်။

"ဟဲ့...နှင်းမှုံ...ဘယ်မှာလဲ ညည်းမြွေ...၊ ဒီကောင်မလေး အိပ်မှုန်စုံမွှားနဲ့ ဘာတွေယောင်ယမ်းပြီး လျှောက်ပြောနေတာလဲမသိပါဘူးအေ"

ဒေါ်စံပုမှာ ရေနံဆီမီးခွက်ကိုကိုင်ရင်း ခင်နှင်းမှုံ၏ခြေရင်းမှ စောင်ကို ပြန်ခြုံပေးရန်လှမ်းယူလိုက်စဉ်...

"ဟင်...သွေး...သွေးတွေပါလား၊ သမီး သမီးခြေထောက်မှာ



သွေးတွေ..."

ခင်နှင်းမှုံ၏ ဘယ်ဘက်ခြေမျက်စိအထက်နားတွင် အပေါက်ရာနှစ်ခုမှ သွေးတို့က တသွင်သွင်စီးကျလျက်ရှိနေပြီး ခြေကျင်းဝတ် တစ်ခုလုံးမှာလဲ တစ်ခဏအတွင်းမှာပင် သပြေသီးမှည့်ရောင်ညိုပုတ်ပုတ်ကြီးဖြစ်လာ၏။

"သမီး...သမီး နှင်းမှုံ..."

ဒေါ်စံပုမှာ ချက်ချင်းပင် ခေါင်းနပန်းတွေကြီးသွားပြီး ခင်နှင်းမှုံ၏မျက်နှာဆီသို့ ရေနံဆီမီးခွက်တိုးကပ်ရင်းကြည့်လိုက်၏။

"ဟင်..."

ရေနံဆီမီးခွက်ရောင်၏အောက်တွင် ခင်နှင်းမှုံ၏မျက်နှာတစ်ခုလုံးမှာ မီးသွေးတုံးတစ်ခုလို မည်းနက်နေတော့သည်။

"သမီး...သမီး...လာကြပါအုံးရှင်...ဒီ.ဒီမှာ ကျွန်မသမီးလေးပိုးထိလို့..."

ဒေါ်စံပု၏အသံက နံနက်ဝေလီဝေလင်း အချိန်ကြီးတွင် ကမ္ဘာပျက်မတတ် ကျယ်ကျယ်လောင်လောင်ကြီးဖြစ်သွား၏။

မကြာမီ...အနီးပတ်ဝန်းကျင်မှ ရွာသားများက လက်ဆွဲမီးအိမ်များ..တုတ်များ..ဓါးများကိုင်ဆောင်လျက် ဆူဆူညံညံနှင့် ပြေးလာကြသည်။

"ဘယ်မှာလဲ...ဘယ်မှာလဲဟဲ့ မိစံပု"

"ဘာမြွေတဲ့လဲဟ...ဘယ်လောက်ကြီးလဲ"

"ခက်တာပဲဗျာ...ကျုပ်တို့ရွာမှာ ဒီနှစ်မြွေဆိုးတွေတော်တော်သောင်းကျန်းနေတာပဲ..."

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်ပေါက်အော်ဟစ်ရင်း ညာသံပေးပြီးရောက်လာကြသည့် အနီးပတ်ဝန်းကျင်မှ ရွာသားများက ဒေါ်စံပုကိုမေးရင်း မြွေကို တစ်အိမ်လုံးအနှံ့လိုက်ရှာနေကြသည်။

''လုပ်ကြပါအုံး…ကျွန်မသမီးလေး ခေါ်လို့မရတော့ဘူး…''

ဒေါ်စံပု၏အသံက ငိုသံပါကြီးနှင့်ဖြစ်နေသည်။ သူ့လက်ထဲ တွင်ပွေ့ချီထားသော သူ့သမီးခင်နှင်းမှုံမှာလဲ တစ်ကိုယ်လုံးပျော့ခွေ ကာ မီးသွေးတုံးလိုမည်းချိတ်နေပြီဖြစ်သည်။

''ဟာ… တစ်ကိုယ်လုံးမဲပြာနေပြီဟ…ဆေးရုံ‥ဆေးရုံကို ပို့ဖို့ လုပ်ကြလေ… ဘာလုပ်နေကြတာလဲ''

အားလုံးက ခင်နှင်းမှုံကို ဆေးရုံသို့ ပို့လိုက်ကြဖို့ ကြိုးစားကြသော်လည်း ခင်နှင်းမှုံ၏ အခြေအနေမှာ အတော်လေးပင် ဆိုးရွားနေပြီဖြစ်သည်။

''လုပ်…လုပ်ကြပါအုံးရှင်…ကျွန်မသမီးလေးကို မကယ်နိုင်ကြတော့ဘူးလား…ဖြစ်မှဖြစ်ရလေသမီးလေးရယ်…''

ရွာထဲတွင် တတ်သိနားလည်သော ဘကြီးထွန်းယုံမှာ ခင်နှင်းမှုံ၏ မဲပြာနေသော မျက်နှာကိုကြည့်ကာ 'ဟင်' ကနဲဖြစ်သွား၏။ ထို့နောက် အနည်းငယ်အပြင်သို့ ပြူးထွက်နေသော ခင်နှင်းမှုံ၏မျက်လုံး ကို သူ့လက်ဖြင့် သပ်ချလိုက်ကာ…

''ဟဲ့…စံပု နင့်သမီးက အသက်မရှိတော့ဘူး…''

''ရှင်…''

ရဘ်တရက်ကြားလိုက်ရသော ဘကြီးထွန်းယုံ၏ စကားကြောင့် ဒေါ်စံပုမှာ အရုပ်ကြိုးပြတ်လဲကျသွားသည်။



အားလုံးကလဲ ဒေါ်စံပုကို ကြည့်ရင်း ကြေကွဲသို့နှင့်ကုန်ကြသည်။ ထောက်ပြီး ဘာအကောင်အထည်ကိုမှ မမြင်လိုက်ရဘဲ ယခုကဲ့သို့ အသေဆိုးနှင့် သေရှာသည့် ခင်နှင်းမှုံ၏အဖြစ်ကိုလဲ ဒေါ်စံပုနှင့်အတူ တစ်ရွာလုံးက ဆွေးသြနေကြသည်။

''ဟဲ့…ညည်းဟာက မြွေကိုက်တာကောဟုတ်ရဲ့လား စံပုရယ်… တစ်ခြားအဆိပ်ရှိတဲ့ သတ္တဝါတွေဘာတွေများဖြစ်နေမလား ဟယ်… ဘယ်လိုဖြစ်တာလဲပြောစမ်းပါအုံး…''

အိမ်အတွင်းသို့ သုတ်သီးသုတ်ပြာရောက်လာသော ဒေါ်ကြီးမြစိ၏စကားကြောင့် ဒေါ်စံပုမှာ မျက်ရည်များကို လက်ဖမိုးဖြင့် သပ်လိုက်ရင်းငိုသံပါကြီးဖြင့်-

''ကျွန်မလဲ မီးဖိုထဲမှာ ဆွမ်းချက်နေတုန်း သမီးလေးအသံကြားကြားချင်း ပြေးလာပြီး ကြည့်လိုက်တော့ သူ့ခြေရင်းက စောင်အောက်မှာ လုံးလားထွေးလားတွေနဲ့ ကန်ကျောက်နေတာတွေ့ရတာပဲ…၊ ကျွန်မလည်း စောင်ကို ချက်ချင်းဆွဲလှန်လိုက်တော့ စောင်အောက်မှာ ဘာမြွေမှ မတွေ့ရဘူး…၊ သေသေချာချာပြန်ကြည့်လိုက်တော့ သူ့ ခြေမျက်စိအထက်နားမှာ မြွေစွယ်ရာလို အပေါက်နှစ်ပေါက်ကနေ သွေးတွေထွက်နေတာ တွေ့လိုက်ရတာပဲ…၊ ဒီမှာလေ…ကြည့်ပါအုံး၊ ကျွန်မ သမီးလေးအဖြစ်က ဆိုးပါတယ် ကြီးကြီးမြရယ်…အီး…ဟီး…ဟီး…''

ဒေါ်စံပုက ခင်နှင်းမှုံ၏အလောင်းကို ဖုံးအုပ်ထားသော စောင်အား ခြေကျင်းဝတ်ပေါ်အောင်လှန်ပြလိုက်၏။ ခင်နှင်းမှုံ၏ ဘယ်ဖက်ခြေထောက်တစ်ခုလုံးမှာ ညိုပုတ်ပုတ်နှင့်မဲမှောင်ပြောင်တင်းနေပြီး ခြေစာက အပေါက်ရာနှစ်ခုမှ သွေးတို့က ခြောက်သွေ့စပင်ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာထဲမှလူကြီးများကလည်း ခင်နှင်းမှုံခြေထောက်မှ ဒဏ်ရာကို ကြည့်ပြီး အမျိုးမျိုး မှတ်ချက်ချနေကြသည်။

"ဟုတ်တယ်…ဖြစ်နိုင်တယ်…ဒါမြွေကိုက်ခံရတဲ့ ဒဏ်ရာပဲ…"

ရွာမြောက်ပိုင်းမှ ဖိုးနီတို့လူငယ်တွေအုပ်စုကတော့ တောက်တစ်ခေါက်ခေါက်နှင့် ဝါးရင်းတုတ်များ၊ မီးတုတ်၊ မီးဆွဲများကိုကိုင်ကာ မြွေကိုတစ်အိမ်လုံးအနှံ့လိုက်ရှာနေကြသည်။

ကာလသားခေါင်းဖြစ်သူ ကိုအုန်းမြင့်က ငှက်ကြီးတောင်ဓားကြီးတစ်ရမ်းရမ်းဖြင့် ဖိုးနီတို့အုပ်စုကို

"မြွေကိုက်တာမှန်ရင် ဒီမြွေဟာ ခပ်ဝေးဝေးကို ပြေးမှာမဟုတ်သေးဘူး ရှိကိုရှိရမယ်။ သေသေချာချာရှာကြပေါ့…"

"ကျွန်တော်တို့လည်း အဲဒီမြွေကို ရောက်ကတည်းကရှာတာ တစ်အိမ်လုံးနှံ့နေပြီဗျ…မြွေနဲ့တူတာဆိုလို့ ဘာကိုမှမတွေ့ဘူး။ အံ့သြစရာတော့ ကောင်းနေပြီ ကိုအုန်းမြင့်ရာ…"

ဖိုးနီတို့လူစု၏ စိတ်ပျက်လက်ပျက်ဖြစ်နေသည့် အသံတွေက ဒေါ်စံပုတို့အိမ်၏ နေရာအနှံ့အပြားမှ ကြားနေရသည်။

သို့သော် ခင်နှင်းမှုံကို ကိုက်သည့်မြွေကတော့ ဒေါ်စံပုတို့ အိမ်ထဲတွင် ထူးဆန်းစွာ ပျောက်ဆုံးနေသည်။ ဒေါ်စံပုမှာလဲ သမီး ခင်နှင်းမှုံ၏ အဖြစ်ဆိုးကြီးကိုကြည့်ရင်း အရူးမီးဝိုင်းသလို လူးလှိမ့်နေအောင်ပင် ငိုကြွေးနေတော့သည်။

"အီး…ဟီးဟီး ဆယ်တန်းအောင်ချင်လွန်းလို့ ဆုတွေတောင်းခဲ့တဲ့သမီးလေးရဲ့…အခုဆယ်တန်းအောင်လို့ ဆုတောင်းတွေလည်းပြည့်



ရော အမေ့ကိုထားခဲ့ပြီးလား သမီးလေးရဲ့…အီးဟီး…ဟီး"

ဒေါ်စံပု၏အသံတွေက လည်ချောင်းအတွင်း တိမ်ဝင်ပျောက်ကွယ်လုနီးပါး ဆို့နှင့်နေသည်။ အနီးပတ်ဝန်းကျင်မှ လူများမှာလည်း မြွေမတွေ့ပဲ မြွေအကိုက်ခံရပြီး သေဆုံးသွားသည့် ခင်နှင်းမှုံ၏အဖြစ်ကို တအံ့တသြနှင့် ဖြစ်ကုန်ကြသည်။

ဆယ်တန်းကို ဂုဏ်ထူးတွေနှင့်အောင်ချင်လွန်းလို့ ဆုတောင်းခဲ့ဘူးသော သူမ၏ဆန္ဒတွေက အမှန်တကယ်ပင် ပြည့်ဝသွားခဲ့ပြီဖြစ်သော်လည်း ထိုဆုတောင်းစကား၏ နောက်ကွယ်တွင်တော့ ဘယ်သူမှ မထင်မှတ်ထားသည့် ကြမ္မာဆိုးကြီးက ဆယ်တန်းအောင်စာရင်းထွက်ပြီး နှစ်ဆယ့်လေးနာရီမပြည့်ခင်မှာပင် သူမထံသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးကို ရောက်လာခဲ့ခြင်းဖြစ်သည်။

တကယ်တော့ မြွေကို မမြင်လိုက်ရဘဲ မြွေကိုက်ခံလိုက်ရပါသည်ဆိုသော ခင်နှင်းမှုံ၏အဖြစ်အပျက်ဆိုးကြီးတစ်ခုက ဖြူးပတ်ဝန်းကျင်ရွာကလေးတစ်ရွာတွင် အုပ်အော်သောင်းတင်းသတင်းတစ်ခုအဖြစ် ချက်ချင်းပင် ပျံ့နှံ့သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

နံနက်စောစော နေရောင်ခြည်က ရေမရှိဘဲ ခြောက်သရောင်းနေသည့် ဖြူးချောင်းပေါ်သို့ စိမ့်ဖြာပြီးကျနေ၏။ ဖြူးချောင်း၏ဘေးတစ်ဖက်တစ်ချက်မှ အုံ့ဆိုင်းနေသည့် သစ်စိမ့်ပင်၊ ပျဉ်းမပင်၊ ဝါးရုံပင်ကြီးများမှာလဲ ဖြူးချောင်း၏ သဲသောင်ခုံများပေါ်သို့ ညိုမှောင်မှောင်နှင့် အုပ်မိုးပြီး တစ်ခါတစ်ရံ ဟိုမှဒီမှ တီတီတျာတျာ အော်မြည်နေကြသော ကြက်တောနှင့် ငှက်တော်တို့၏ အသံတွေက တောတောင်ငှ် လိုက်ဖက်ညီနေသည်။

ဒေါ်...ကျော်၊ စောထူးဝါး၊ ဝဏ္ဏအောင်နှင့် သဇင်ဝင်းတင့်တို့မှာ ကျောင်းနေဖက် သူငယ်ချင်းများဖြစ်ကြပြီး အခုလိုဆယ်တန်းတက္ကသိုလ်ဆက်မတက်ရသေးခင် အချိန်တွင် သဇင်ဝင်း ဇာတိ ဖြူးမြို့သို့ အလည်အပတ်ခရီးထွက်လာခဲ့ကြခြင်း ဖြစ်သည်။ သဇင်ဝင်းတင့်မှာလည်း သူမ၏ဇာတိ ဖြူးမြို့သို့ ပြန်မရောက်ပဋ္ဌမတန်းကျောင်းသူဘဝကတည်းက ဖြစ်သဖြင့် အရာရာက အဆန်းတစ်ခုလိုပြန်ဖြစ်နေသည်။



ဖြူးမြို့ပေါ်တွင် သဇင်ဝင်းတင့်၏ ဘကြီးဖြစ်သူ ဘကြီးစောမှာ ထမင်းဆိုင်ဖွင့်ထားပြီး အတန်အသင့် ချောင်လည်သူဖြစ်သဖြင့် အလည်အပတ်လိုက်လာကြသော မိုးကျော်၊ စောထူးဝါးနှင့် ဝဏ္ဏအောင်တို့မှာ စားရေးသောက်ရေးကအစ ဘာတစ်ခုမှ အားနာမနေရတော့ဘဲ လွတ်လွတ်လပ်လပ်ပင် နေကြရသည်။

သိပ်မကြာလိုက် သဇင်ဝင်းတင့်၏ဘကြီး ဘကြီးစောနှင့် အပျော်အပါးမက်သော သူတို့သုံးယောက်မှာ အဖွဲ့ကျသွားမိကြသည်။ အခုလဲ ဒီရိုးမတောင်ပေါ်မှ ကျောက်အိုးကြီးဆိုသည့်နေရာသို့ တောလည်ခရီးထွက်လာခဲ့ကြသည်မှာ ဘကြီးစော၏ အကြံပေးချက်အရပင် ဖြစ်၏။

"ဟေ့ကောင် မိုးကျော်...ဘကြီးစောပြောတဲ့ ဖြူးတောင်ကျချောင်းဆိုတာ ဒီနေရာကို ပြောတာပဲဖြစ်မယ်ကွ..."

မိုးကျော်၏ ဆိုင်ကယ်နောက်တွင် တစ်ချိန်လုံး လိုက်ပါလာသည့် ဝဏ္ဏအောင်က ရေမရှိတော့သည့် ဖြူးချောင်း၏ သဲသောင်ပြင်ပေါ် ဆိုင်ကယ်ဖြတ်မောင်းနေစဉ် လှမ်းမေးလိုက်၏။

"အေး ဟုတ်မှာပေါ့ ငါတို့အခုသွားမယ့်နေရာက ဒီဖြူးချောင်းစပြီးဖြစ်လာမယ့် ရိုးမတောင်ပေါ်က ကျောက်အိုးကြီးဆိုတဲ့နေရာပဲ...သူတို့၏ဆိုင်ကယ်ဘီးများက ရေမရှိတော့သည့် သဲချောင်းထဲတွင် ဘယ်ညာလူးလားခတ်ရမ်းလှုပ်နေ၏။ တစ်ခါတစ်ရံရေဝပ်နေသော အချို့သဲသောင်ခုံများအနီးတွင် ဆိုင်ကယ်၏ဘီးများကို သဲကပြန်ဆွဲထားသလိုဖြစ်နေ သဖြင့် လီဗာကို အားကုန်ဆွဲကာ ရုန်းကန်နေရသည်။

သူတို့လိုပင် စောထူးဝါးနှင့် သဇင်ဝင်းတင့်တို့၏ ဆိုင်ကယ်များမှာလည်း ဖြူးချောင်း၏ သဲသောင်ပြင်ကြီးထဲတွင် လက်ကိုင်တရမ်း

www.burmeseclassic.com

www.burmeseclassic.com



ရမ်းဖြင့် သတိထားပြီးမောင်းနေရသည်။ သူတို့လေးယောက်၏ရှေ့မှ ဦးဆောင်ပြီးသွားနေသည့် ခင်မာဝေကတော့ ဖြူးချောင်း၏တဖက်ကမ်း ဘက်သို့ပင် ရောက်နှင့်နေပြီဖြစ်သည်။

ခင်မာဝေမှာ သဇင်ဝင်းတင့်တို့နှင့် သက်တူရွယ်တူလောက် ပင် ရှိသူဖြစ်ပြီး သဇင်ဝင်းတင့်တို့လိုပင် ဒီနှစ်တက္ကသိုလ်တက်ရန် စောင့်နေသူဖြစ် သည်။ သူမက သဇင်ဝင်းတင့်တို့ ဘကြီး၏ထမင်းဆိုင်တွင် ကူညီလုပ်ကိုင် ပေးရင်း စားဝတ်နေရေးအတွက်လည်း ကြိုးပမ်းနေရသူဖြစ်သည်။ အခုလည်း ဒီခရီးကို ဘကြီးစောက သူမြေး သဇင်ဝင်းတင့်နှင့် အဖော်ရအောင် ခင်မာဝေကို သူတို့နှင့်အတူ ထည့်လိုက်ခြင်းဖြစ်သည်။ နောက်ပြီး ခင်မာဝေ က ဒီတောဒီတောင်ကြီးထဲကို ရောက်ဖူးပြီး နှံ့နှံ့စပ်စပ်ရှိသူဖြစ်သဖြင့် သူတို့ အုပ်စုကို လမ်းပြရန် ဘကြီးစောက ထည့်ပေးလိုက်ခြင်းဖြစ်သည်။

မကြာမီ မိုးကျော်၊ ဝဏ္ဏအောင်၊ စောထူးဝါးနှင့် သဇင်ဝင်းတင့် တို့၏ ဆိုင်ကယ်တွေက ခင်မာဝေက ရပ်စောင့်နေရာ သဲချောင်းတစ် ဖက်ကမ်းဆီသို့ ရောက်လာကြသည်။ ခင်မာဝေက သူတို့အဖွဲ့ရောက် လာသည်နှင့် သူမ၏ဆိုင်ကယ်ကို စက်နှိုးလိုက်ပြီး ရိုးမတောကြီးဆီသို့ ဦးတည်ကာ ရှေ့မှဆက်မောင်းသွားတော့၏။

''ဝေါ...ဝရော...''

ဆိုင်ကယ်သံတွေက တောကြီးထဲတွင် ပွက်ပွက်ညံအောင်ဆူ နေ၏။ တစ်ခါတစ်ရံ တောကြက်တွေက သူတို့အုပ်စု၏ ဆိုင်ကယ်သံတွေ ကို ကြားပြီးအလန့်တကြားဖြင့် ထပျံသွားကြသည်။ မြင့်မားသော ကညင်ပင် ကြီးများ၊ ကျွန်းပင်ကြီးများနှင့် သစ်စိမ့်ပင်ကြီးများပေါ်မှ တစီစီအော်မြည် နေကြသော ပိုးကောင်မွှားကောင်တို့၏ အသံများမှာလဲ ချက်ချင်းပင်



တိတ်ဆိတ်သွားကြကာ ညို့မှောင်သော တောကြီးအတွင်း ဆိုင်ကယ်သံတ ဟိန်းမှလွဲ၍ ဘာသံကိုမှ မကြားရတော့ချေ။

''ဟော့...ရောက်တော့မယ်ကွ...၊ ဟော့ကောင် စောထူးဝါး မင်း ဆိုင်ကယ်က မီးခိုးတွေအူနေပြီ။ ငါတို့ကိုမီအောင် မောင်းဖို့မစဉ်းစားနဲ့...''

ဝဏ္ဏအောင်က မိုးကျော်ဆိုင်ကယ်၏နောက်တွင် လိုက်ပါလာရင်း စောထူးဝါးတို့ကို လှမ်းအော်ပြီးနောက်နေ၏။ စောထူးဝါးမှာလဲ သဇင် ဝင်းတင့်ကို တင်ပြီးခေါ်လာရသဖြင့် သူ့ဆိုင်ကယ်မှာ လက်ကိုင်တစ် သမ်းယမ်းဖြစ်နေသည်။ ဒီကြားထဲ သဇင်ဝင်းတင့်က သူ့ခါးကို လက်နှစ် ဖက်ဖြင့် နောက်မှသိုင်းဖက်ထားသဖြင့် စောထူးဝါးမှာ အနေရအထိုင်ရခက် နေပြီး ဆိုင်ကယ်ကို သတိထားမောင်းနေရသည်။

စောထူးဝါးမှာ ဝဏ္ဏအောင်၏စကားကြောင့် ဆိုင်ကယ်ကို လီဗာ မြှင့်တင်လိုက်၏။ ငေါက်ကနဲရုန်းထွက်သွားသော အရှိန်ကြောင့်

''ဟဲ့...စောထူးဝါး ငါ...ငါကြောက်တယ်နော်...နင်တို့ အဲဒီလို ဆိုင်ကယ်ပြိုင်မောင်းနေရင် ငါ ဒီမှာပဲ ဆင်းကျန်ခဲ့တော့မယ်...''

သဇင်ဝင်းတင့်မှာ စောထူးဝါး၏ ကျောပြင်ကို တဖုန်းဖုန်း ထုရင်း အကြောက်အကန်အော်ဟစ်နေသည်။ သူတို့ဆိုင်ကယ်နှစ်စီး၏ ရှေ့တွင်တော့ ခင်မာဝေ၏ ဆိုင်ကယ်မှာ အင်တိုင်းတောများ ပျဉ်းမပင်များနှင့် ခြံနွယ်ပိတ် ပေါင်းများကြားတွင် ကျွမ်းကျင်စွာ မောင်းနေသည်။

ထိုအပင်ကြီးများ၏ အောက်ခြေတွင် တဖြုတ်ဖြုတ်ကြွေကျ နေသော ရွက်ကြင်ရွက်ဟောင်းများက အောက်ခြေမြေသားကိုပင် မမြင် ရဘဲ ထူထူထပ်ထပ်ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့် အင်တိုင်းတောကြီးတစ်ခုကို ဖြတ်မောင်းလာကြပြီး ဆယ်မိနစ်ခန့်ကြာသောအခါ သူတို့ဆိုင်ကယ်တွေက ရှေ့ဆက်သွားလို့မရတော့။ ချုံနွယ်ပိတ်ပေါင်းတွေနှင့် တောကတဖြည်းဖြည်းပိုပြီး ရှုပ်လာသည်။ နေကလည်း ထန်းတဖျားစာနီးနီး မြင့်တက်လာပြီး အင်တောကြီးထဲတွင် နေပြောက်တွေက ဟိုတစ်ပြောက်ဒီတစ်ပြောက်ပွစာ ကြဲလာကြသည်။ ထိုအင်တောကြီးအဆုံးမှစပြီး ရိုးမတောင်က တဖြည်းဖြည်း အတက်ခရီးတွေဖြစ်လာသည်။

''ဟာ…ဟော့ကောင် မိုးကျော်…ဟိုရှေ့မှာ ခင်မာဝေဆိုတဲ့ ငတိမဆိုင်ကယ်ကိုရပ်လိုက်ပြီကွ…''

ထိုနေရာသို့ရောက်သောအခါ ရှေ့ဆုံးမှ ဦးဆောင်ပြီး သွားနေသည့် ခင်မာဝေ၏ ဆိုင်ကယ်က ရပ်တန့်သွား၏။

''ဟေး ဟုတ်တယ်…ဝဏ္ဏ ငါတို့ ဒီနေရာကနေပြီး ရိုးမတောင်ပေါ်ကို ခြေလျင်စပြီးတက်ရတော့မယ်နဲ့တူတယ်…''

မိုးကျော်တို့ဆိုင်ကယ်၏နောက်မှ ရောက်လာသော စောထူးဝါးနှင့် သဇင်ဝင်းတင့်တို့မှာ ထိုနေရာသို့ရောက်သောအခါ ဆိုင်ကယ်ကို ရပ်တန့်လိုက်ကြသည်။ ဆိုင်ကယ်ရပ်လိုက်သည်နှင့် သဇင်ဝင်းတင့်မှာ သူ့ကျောပိုးအိတ်အတွင်းမှ ကြည့်မှန်ဝိုင်းလေးကို ထုတ်ယူလိုက်ပြီး ဖုန်များသဲများကပ်နေသည့် မျက်နှာကို လက်ဖြင့်ပွတ်သပ်ကာ…

''သွားပါပြီဟာ…၊ ကြည့်စမ်းပါအုံး နင်တို့ဆိုင်ကယ်ပြိုင်မောင်းကြတာ ငါ့မျက်နှာတစ်ခုလုံး ဖုန်တွေသဲတွေကပ်နေလိုက်တာ၊ မြင်လို့တောင်မကောင်းတော့ဘူး…''



မိုးကျော်၊ ဝဏ္ဏအောင်နှင့် စောထူးဝါးတို့မှာ ချွေးတွေသံတွေနှင့် ဖုန်တွေသဲတွေ ကပ်နေသော သဇင်ဝင်းတင့်၏မျက်နှာကိုကြည့်ကာ အူတက်မတတ် တခွီးခွီးနှင့် ရယ်နေကြသည်။

သဇင်ဝင်းတင့်မှာ မာနကြီးသလောက် အလှအပကိုလဲ မက်မောသူဖြစ်သည်။ သူ့ဝါသနာက အဆိုတော်ပဲဖြစ်ချင်သလို၊ ရုပ်ရှင်မင်းသမီးပဲဖြစ်ချင်သလိုနှင့် တစ်ယောက်ထဲအမျိုးမျိုးတွေ စိတ်ကူးယဉ်နေတတ်ပြီး တစ်ခါတစ်ခါ ထိုစိတ်ကူးများကို သူငယ်ချင်းများဖြစ်သည့်မိုးကျော်နှင့် ဝဏ္ဏအောင်တို့အုပ်စုကို သူမပါးစပ်ကပင်ဖွင့်ပြီး ပြောတတ်သည်။ ဒါကို မိုးကျော်တို့က တစ်ကြိမ်တစ်ခါမှ 'နင်ဟာကြိုးစားရင် အဆိုတော်ဖြစ်နိုင်တယ်'ဟု မပြောခဲ့ကြသလို'နင်သိပ်လှတာပဲ ရုပ်ရှင် မင်းသမီးဖြစ်နိုင်တယ်'ဟုလည်း ဘယ်တော့မှ မပြောခဲ့ကြ။

သူတို့အားလုံးတစ်ယောက်နှင့်တစ်ယောက် နောက်ပြောင်နေချိန်မှာပင် ခင်မာဝေက သူ့ကျောပိုးအိတ်ကိုလွယ်လျက် တောစပ်မှ အင်တိုင်းတောကြီးကိုဖြတ်ပြီး ရိုးမတောင်ပေါ်သို့ပင် တက်နေပြီဖြစ်သည်။

''မြန်မြန်လုပ်ကြ၊ ဟိုမှာ ခင်မာဝေတောင် တောထဲကို ဝင်နေပြီ
တော်ကြာ သူ့ကို မျက်ခြေပြတ်သွားရင် ငါတို့ ဒုက္ခရောက်လိမ့်မယ်…''

မိုးကျော်က ကျောပိုးအိတ်ကို ပခုံးပေါ်သိုင်းလွယ်လိုက်ရင်း ရှေ့မှသွားနေသည့် ခင်မာဝေကို မှီအောင် ခြေလှမ်းခပ်သွက်သွက်ဖြင့် လိုက်သွား၏။ ဝဏ္ဏအောင်က သူ့လက်ထဲမှ ရေဘူးကို ကပျာကယာ မော့သောက်ရင်း

''ဟဲ့ သဇင် နင့်ဘကြီးထည့်ပေးလိုက်တဲ့ကောင်မလေးက
ငါတို့ကိုတောင်မစောင့်ဘူး ဘယ်လိုဖြစ်တာလဲ။ သူသွားသ

www.burmeseclassic.com

www.burmeseclassic.com



လောက်သာ ငါတို့မနားပဲလိုက်နေရရင်တော့ ဒုက္ခပဲ။ ငါတို့က သူတို့ လို အလေ့အကျင့်ရှိတာမဟုတ်ဘူး။ မောတယ်ဟ…နင်နည်းနည်းပါးပါး ပြောထားအုံး၊ ခရီးက အဝေးကြီးသွားရအုံးမှာ…”

“အောင်မာ နင်က တစ်လမ်းလုံး မိုးကျော်ဆိုင်ကယ်နောက်ကလဲ လိုက်လာသေးတယ်…အခု အမောကဖောက်နေပြန်ပြီလား…”

သဇင်ဝင်းတင့်က ကျောပိုးအိတ်ကိုလွယ်ကာ ဝဏ္ဏအောင်ကို မျက်စောင်းထိုးပြီး လှမ်းပြောလိုက်၏။ သူတို့နှစ်ယောက်တစ်ယောက်တစ်ခွန်းပြောဆိုပြီး လျှောက်လာချိန်တွင် မိုးကျော်နှင့် စောထူးဝါးမှာ ရှေ့မှသွားနေသော ခင်မာဝေကိုပင် မှီစပြုလာ၏။

သူတို့ နင်းလျှောက်လာရာ မြေပြင်တစ်လျှောက်လုံးတွင် အင်ရွက်အကြွေများက သွေ့ခြောက်နေပြီး တဂျွမ်းဂျွမ်းနှင့် မြည်နေ၏။ ပိုးကောင်းမွှားကောင်တို့၏အသံက မြင့်မားရှည်လျားသော ကညင်ပင်ကြီးများပေါ်မှ တစီစီနှင့် ကြားနေရသည်။

သူတို့အဖွဲ့ရောက်ရှိလာကြရာ တောအစမှာ သစ်ကြီးဝါးကြီးများပေါများရာအရပ်ဖြစ်ပြီး အေးစိမ့်နေသော်လည်း အားလုံးက ချွေးတစ်လုံးသံတစ်လုံးတွေနှင့် ဖြစ်နေသည်။

မိုးကျော်က သူ့ရှေ့မှ လျှောက်နေသော ခင်မာဝေကို စကားမရှိစကားရှာရင်း လှမ်းပြောလိုက်၏။

“ဘယ်လိုလဲ…ခင်မာဝေ ဒီကိုရောက်ဖူးတယ်ဆို၊ ဒီတောထဲက ထူးထူးဆန်းဆန်းအဖြစ်တွေဘာတွေ တွေ့ဖူးကြားဖူးမှာပေါ့နော်”



မိုးကျော်၏စကားကို ခင်မာဝေက မကြားချင်ယောင်ဆောင်နေသည်လား တကယ်ပဲမကြားသည်လားမသိ၊ ဘာတစ်ခွန်းမှပင် ပြန်မပြောဘဲ သူ့ရှေ့မှ အုပ်မိုးကျနေသည့် ချုံနွယ်များကိုလက်ဖြင့် ရှင်းပြီး ဆက်လျှောက်နေ၏။ မိုးကျော်က လေသံကို အနည်းငယ်မြှင့်ပြီး နောက်တစ်ကြိမ်ထပ်မေးလိုက်ပြန်သည်။

“ဟိုလေ…ခင်မာဝေ၊ နင်က ဒီမှာနေတော့ ဒီတောထဲမှာ ထူးထူးဆန်းဆန်း…”

မိုးကျော်၏ စကားမဆုံးခင်မှာပင် ခင်မာဝေက ရုတ်တရက် ရပ်တန့်လိုက်ပြီး နောက်သို့လှည့်ကာ စိုက်ကြည့်လိုက်၏။ ထို့နောက် ဘာစကားတစ်ခွန်းမှ ပြန်မဖြေဘဲ ရှေ့သို့ ဆက်လျှောက်သွားသည်။

“ဟင်…သူငါ့ကို ပြန်လှည့်ကြည့်တဲ့အကြည့်တွေက ထူးဆန်းနေသလိုပဲ…ဘာလဲ ငါမေးတဲ့မေးခွန်းထဲမှာ သူမပြောချင်စရာ တစ်ခုခုများရှိနေလို့လား…”

ထိုစဉ် သူ့အေးသို့ရောက်လာသော သဇင်ဝင်းတင့်ကို မိုးကျော်က-

“ဟဲ့ သဇင်၊ နင်ဘကြီးထည့်ပေးလိုက်တဲ့ ခင်မာဝေဆိုတဲ့ကောင်မလေးက ဘာဖြစ်နေတာလဲ။ ငါတို့ကို စကားမပြောမပြောနဲ့…၊ စေ့ကြည့်ရတာ ငါတို့တွေကို ဒီတောထဲကို လိုက်ပို့ရလို့ သူ့အလုပ်အကိုင်တွေပျက်လို့များ စိတ်ဆိုးနေတာလားမသိဘူးနော်…”

“အေး သူ့ကိုကြည့်ရတာတော့ တစ်မျိုးပဲဟ။ အေးတိအေးစက်နဲ့…ဘာလဲ နင်က သူစိတ်ဆိုးနေတာဆိုရင် သွားချော့မလို့လား…”

www.burmeseclassic.com

www.burmeseclassic.com



သဇင်ဝင်းတင့်စကားကြောင့် မိုးကျော်မှာ ပြုံးဖြီးဖြီးအမူအရာ ဖြင့်

"အေး…ဟုတ်တယ်၊ သွားပြန်ချော့မလို့…သူ့ပုံစံက ချော ချောလေးဆိုတော့ ငါစိတ်ထဲမှာတောင် ကျိတ်ပြီးပစ်မှားချင် သလိုလိုဖြစ်လာပြီ…ဟား ဟား ဟား…"

"ဟာ…ဟော့ကောင် မိုးကျော် တောထဲတောင်ထဲမှာ မဟုတ် တန်းလျားတွေ လျှောက်မပြောကောင်းဘူးကွ တော်ကြာတော တွေဘာတွေ မှောင့်နေရင်ဒုက္ခ…"

မိုးကျော်၏ ပြောင်စပ်စပ်အမူအရာဖြင့် ပြောလိုက်သောစကား ကို ဝဏ္ဏအောင်က စိုးရိမ်တကြီးဖြင့် ဝင်တားလိုက်၏။

"ဟုတ်တယ် ဟော့ကောင် မိုးကျော်…အခုလို တောတွေ တောင်တွေထဲကိုရောက်ရင် စကားကို ဆင်ခြင်ပြီး ပြောရတယ်ကွ… စကားမှားလို့မရဘူး…"

သူတို့အထဲတွင် ကရင်လူမျိုးပီပီ အကြောက်အလန့်မရှိ ဖွတ် တရွတ်နှင့် ဘာကိုမှ အယုံအကြည်မရှိသူ စောထူးဝါးကပင် ဒီတစ်ကြိမ် တော့ အနည်းငယ်ထိတ်လန့်သလိုနှင့် ဝင်ပြောလိုက်သည်။

ဝဏ္ဏအောင်နှင့် စောထူးဝါးတို့၏စကားကြောင့် မိုးကျော်မှာ အနည်းငယ်တွေတွေဝေဝေ ဖြစ်သွား၏။ တစ်ချိန်ထဲမှာပင် သူတို့နှစ်ယောက် ၏ မျက်နှာများကိုလဲ အကဲခတ်သလိုနှင့် ကြည့်လိုက်၏။ တစ်ခါတစ်ခါ သူတို့နှစ်ယောက်က အချင်းချင်းတိုင်ပင်ပြီး သူ့ကို အတည်ပေါက်တွေနှင့် နောက်တတ်ကြမည်မဟုတ်ပါလား။

ထို့ကြောင့် မိုးကျော်က

"ဟော့ကောင်တွေ…မင်းတို့ပြောတဲ့ တောမှောက်တာတို့ တောလှန်



တို့ဆိုတာ ငါငယ်ငယ်တုန်းက ကြားဖူးတဲ့ ပုံပြင်တွေထဲမှာပဲရှိတယ်။ လာစရာမနေနဲ့ ငါဆိုတဲ့ကောင်က မျက်မြင်ကိုယ်တွေ့မဟုတ်ရင် ဘာကိုမှ အယုံအကြည်ရှိတာ မဟုတ်ဘူး…"

ပြောပြောဆိုဆိုနှင့် ရှေ့သို့ ဆက်ပြီးလျှောက်သွားသော မိုးကျော်ကို စောထူးဝါးက မှီအောင်လိုက်လျှောက်ရင်း

"မင်းက ငါပြောတာကို မယုံလို့လား မိုးကျော်…မင်းတို့ ငါတို့ ငယ်ငယ်တုန်းက ကြားဖူးခဲ့တဲ့ ပုံပြင်တွေဆိုတာတကယ် မဟုတ်ပေမယ့် ငါ ငယ်ငယ်က တကယ်ကြုံခဲ့ရတဲ့ အဖြစ်တစ်ခုကိုတော့ မင်းကို ပြောပြမယ်… အဲဒီအဖြစ်ဆိုးကြီးက ငါ့ဘဝမှာ ဘယ်လိုမှမေ့မရတဲ့ အဖြစ်ဆိုးကြီးပဲ…"

သဇင်ဝင်းတင့်နှင့် ဝဏ္ဏအောင်တို့မှာလဲ မိုးကျော်နှင့် စောထူးဝါး တို့ဘေးတွင် ယှဉ်ပြီး လျှောက်လာရင်း စောထူးဝါး၏ အဖြစ်အပျက်ကို စိတ်ဝင်တစားနှင့် နားထောင်နေမိသည်။

စောထူးဝါးက သူ့စကားကို ဆက်ကာ…

"အဲဒီတုန်းကလဲ ဟောဒီ ပဲခူးရိုးမရဲ့တောင်ခြေမှာပဲ ဖြစ်ခဲ့ တာ…။ ဒီပဲခူးရိုးမဆိုတာ ငါတို့နေတဲ့ တောင်ငူဖက်မှာ သစ်ကြီး ဝါးကြီးတွေ ပိုပြီးပေါတယ်ကွ။ ငါတို့ကရင်လူမျိုးတွေ တော်တော်များ များကလဲ တောထဲမှာ သစ်ခုတ်၊ ဝါးခုတ်၊ အလုပ်ဆိုရင် မိန်းမတွေပါ တောထဲဝင်ပြီးလုပ်ကြတယ်…"

စောထူးဝါးက သူ့အဖြစ်အပျက်တွေကို ပြန်ပြောပြနေရင် မြေပြင်ပေါ်သို့ ကိုင်းညွတ်ကျနေသည့် ချုံနွယ်များကို လက်ဖြင့် တွန်း ဖယ်လိုက်၏။ ထို့နောက် တဖြည်းဖြည်း နိမ့်ဆင်းသွားသော ချိုင့်ဝှမ်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုထဲသို့ ဖြည်းဖြည်းချင်း ဆင်းလိုက်သည်။

သူတို့ရှေ့မှ ခင်မာဝေမှာလဲ အခုအချိန်အထိ တစ်ချက်လေးမျှ ပင် လှည့်မကြည့်ဘဲ တရွေ့ရွေ့နှင့် သွားနေ၏။ ထို့နောက် စောထူးဝါးက

"အဖေမရှိတော့တဲ့နောက် အမေကိုယ်တိုင် နွားလှည်းမောင်း ပြီး တောစပ်မှာ သစ်ခုတ်၊ ဝါးခုတ်သွားလုပ်ရတယ်။ အဲဒီတုန်းက ငါအသက်က ခုနှစ်နှစ် ငါ့ညီလေး စောထူးမြတ်က လေးနှစ်သားလောက် ပဲရှိသေးတော့ တောစပ်ကို သစ်ခုတ်၊ ဝါးခုတ်သွားတိုင်း ငါတို့ညီအစ် ကိုနှစ်ယောက်ပါ လိုက်ရတယ်…။ တစ်နေ့တော့ ရိုးမတောင်ခြေက အင်တိုင်းတောအစပ်မှာ…"

စောထူးဝါးက ရိုးမတောကြီးအတွင်း ကြုံတွေ့ခဲ့သည့် အဖြစ် ဆိုးကြီးကို မိုးကျော်၊ ဝဏ္ဏအောင်နှင့် သဖင်ဝင်းတင့်တို့ကို ပြန်ပြော ပြတော့သည်။

"ချွင်…ချွင်…ချွင်…"

ရုတ်တရက်ကြားလိုက်ရသော ခြူသံတွေကြောင့် ဒေါ်ဒိုးဝါးမှာ လှည်းကို အရှိန်သတ်လိုက်ရင်း နွားနှစ်ကောင်ကိုလည်း စုတ်တစ်သတ် သတ်နှင့် ချော့လိုက်ရသည်။ နွားနှစ်ကောင်မှာ ထိုခြူသံတွေကို ကြား လိုက်သည်နှင့် တရှုးရှုးနှာမှုတ်သံတွေပေးကာ အတိတ်တလန့်ဖြစ်နေ ၏။



ဒေါ်ဒိုးဝါးမှာလည်း ယခုကဲ့သို့ လူသူကင်းမဲ့နေသော အင်တိုင်း တောကြီးအတွင်း အဆက်မပြတ်ကြားနေရသော ခြူသံတွေကြောင့် အနည်းငယ် ဖင်ထိတ်လန့်လျှက်ရှိသည်။ လှည်းနောက်မြီးတွင် လိုက်ပါလာကြသော စောထူးဝါးနှင့် စောထူးမြတ်တို့ညီအစ်ကိုနှစ်ယောက်မှာ ကလေးပီပီ ဘာကိုမှ မသိကြဘဲ ထိုခြူသံလာရာဆီသို့သာ နားစိုက်ထောင်ကြည့်နေကြသည်။

"ချွင်…ချွင်…ချွင်…ချွင်…"

ထိုခြူသံတွေက သူတို့လှည်းနှင့် မျက်နှာချင်းဆိုင်အင်တော ကြီး၏အကွေ့တစ်ဖက်မှ ကြားနေရပြီး တစ်ဖြည်းဖြည်းနီးကပ်လာနေ၏။

စောထူးမြတ်က ထိုခြူသံတွေ နီးကပ်လာသည်နှင့် နွားလှည်း ၏ ဘေးလက်ရန်းကိုကိုင်ကာ မတ်တတ်ရပ်ပြီး ရှေ့သို့မျှော်ကြည့်လိုက် သည်။ သို့သော် ခြူသံတလွင်လွင်ကတော့ သူတို့လှည်းရှေ့သို့ တော် တော်နှင့်ရောက်မလာ…။

ခါတိုင်းဆိုလျှင် ဒီတောကြီးထဲသို့ ထင်းခုတ်၊ ဝါးခုတ်လာကြ သော တောလှည်းများမှာ အခုကဲ့သို့ နွားနှစ်ကောင်ကို ခြူများတပ် ဆွဲလာဖို့ နေနေသာသာ ကဲ့ယာဉ်ပေါင်းမိုးများပင်တပ်ဆင်မလာကြ…။ ပေါ့ပေါ့ပါးပါး နှင့်သာ တောတက်လေ့ရှိသည်။ အခုမှ ကြားနေရသော ခြူသံတွေကြောင့် ဒေါ်ဒိုးဝါးမှာ နှေခင်းကြောင်တောင် တောကြီးမျက် မည်းထဲတွင် တစ်စုံ တစ်ရာကို ထိတ်လန့်နေမိသည်။

"ချွင်…ချွင်…ချွင်…ချွင်…"

မကြာမီ…ခြူသံတွေက ပိုကျယ်လာပြီး သူတို့လှည်းနှင့်မျက် နှာချင်းဆိုင် ဝါးရုံပင်များကြားမှ ဘွားကနဲထွက်လာ၏။ ထိုခြူသံတွေ က ဒေါ်ဒိုးဝါးထင်သလို တောလှည်းတွေမဟုတ်…။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

အင်တိုင်းတောကြီးအတွင်း အပြိုင်းပြိုင်းထနေသော ဝါးရုံပင်များကြားမှ ထိုးထွက်လာသည့် မြင်းနက်ကြီးနှစ်ကောင်ကို တအံ့တသြနှင့် တွေ့လိုက်ရသည်။ ထိုမြင်းနက်ကြီးနှစ်ကောင်၏အပေါ်တွင်လဲ စောထူးမြတ်တို့ အရွယ်သာသာ ကလေးနှစ်ယောက်မှာ ပြောင်ပြောင် လက်လက်အဝတ်အစားများကို ဝတ်ဆင်ထားကြလျှက် သူတို့၏မျက်နှာတွေက ပြုံးရယ်နေကြကာ စောထူးဝါးတို့ညီအစ်ကိုနှစ်ယောက်ကို စိုက်ကြည့်နေကြသည်။

ကြီးမားခန့်ညားလှန်းသော မြင်းနက်ကြီးနှစ်ကောင်မှာ မှန်ကူကွက်များတပ်ဆင်ထားသော မေးပါးချိပ်သိုင်းကြိုးများနှင့် ကုန်းနှီးများယန်းများကြောင့် ကျောပေါ်၌ ကလေးနှစ်ယောက်က ပိုပြီးကြည့်ကောင်းနေသည်။

စောထူးဝါးကတော့ သူ့ညီ စောထူးမြတ်တို့အရွယ်လေးနှစ်သားလေးနှစ်ယောက်က ထွားကြိုင်းသန်မာသည့် မြင်းနက်ကြီးများကို တောကြီးထဲတွင် မြင်းထိန်းမပါပဲ ပိုင်ပိုင်နိုင်နိုင်စီးနေကြသည်ကိုတွေ့ပြီး အထူးအဆန်းတစ်ခုလိုဖြစ်နေမိသည်။ အထူးသဖြင့် သူတို့ဝတ်စားထားကြသည့် အဝတ်အစားတွေက မြို့ပေါ်မှ ပိုက်ဆံချမ်းသာသည့်သူများ ရဟန်းခံရှင်ပြုလျှင် ဝတ်ဆင်လေ့ရှိသည့် ရွှေမကိုင်ငွေ ရွှေစလွယ်တွေလို အချွန်အတက်နှင့် တပြောင်ပြောင်တလက်လက်ဖြစ်နေသည်ကို ပိုပြီးအံ့သြမိနေ၏။

ဒီကောင်တွေ ရှင်လောင်းလှည့်လာတာကလည်း တောကြီးထဲမှာ အိုးစည်မပါ တီးဝိုင်းမပါနဲ့ ပျင်းစရာကောင်းလိုက်တာ...

စောထူးဝါး၏ အတွေးတွေက ကိုရင်ဝတ်ချင်သလိုနှင့် အားကျမိလာ၏။



ထိုကလေးနှစ်ယောက်မှာ မြင်းနက်ကြီးများကို ဖြေးဖြေးနှင့် မှန်မှန် ကျစီးလာရာ စောထူးဝါးတို့၏လှည်းနှင့် အေးချင်းယှဉ်ပြီး ရပ်လိုက်၏။

ထိုစဉ်...လှည်းပေါ်မှ စောထူးမြတ်က မြင်းကိုယ်စီနှင့် သူ့အရွယ်ကလေးနှစ်ယောက်ကို လှမ်းပြီးနှုတ်ဆက်လိုက်၏။

"ဟေ့ကောင်တွေ... ဘယ်သွားကြမှာလဲကွ... မင်းတို့မြင်းနက်ကြီးတွေက လှလိုက်တာ ငါလဲစီးကြည့်ချင်တယ်..."

စောထူးမြတ်က ကလေးပီပီ လှမ်းပြီးနှုတ်ဆက်လိုက်သဖြင့် ဒေါ်ဒိုးဝါးမှာ မြင်းပေါ်မှ ကလေးနှစ်ယောက်ကို သေသေချာချာကြည့်လိုက်ရာ ကျောထဲမှ ကြက်သီးများဖျန်းကနဲ ထသွားသည်။

မြင်းနက်ကြီးများပေါ်မှ ကလေးများကလဲ စောထူးမြတ်နှင့် စောထူးဝါးတို့ ညီအစ်ကိုနှစ်ယောက်ကို လက်ယပ်လှမ်းခေါ်နေပြီး...

"စီးချင်ရင်လာလေကွာ...ငါတို့က ကညင်တောဖက်ကိုသွားမလို့ လိုက်ခဲ့ပါလား...ဟား ဟား ဟား..."

ကျယ်ကျယ်လောင်လောင်ကြီး ရယ်လိုက်ကြသည့် အသံတွေနှင့်အတူ မြင်းနက်ကြီးများပေါ်မှ ကလေးနှစ်ယောက်၏ခေါ်သံကြောင့် စောထူးမြတ်မှာ လှည်း၏လက်ရန်းကို ခွကျော်ကာလှည်းပေါ်မှ ဆင်းရန်ဟန်ပြင်လိုက်၏။

ထိုစဉ်...

ဒေါ်ဒိုးဝါးမှာ သူ့သားငယ် စောထူးမြတ်၏ လက်မောင်းကို ဖြန်းကနဲရိုက်လိုက်ပြီး မျက်နှာထားတင်းတင်းနှင့် တစ်ချက်စိုက်ကြည့်လိုက်သည်။ စောထူးဝါးမှာလည်း သူ့အမေ၏ မျက်ရိပ်မျက်ကဲကို

www.burmeseclassic.com

www.burmeseclassic.com



နားမလည်နိုင်အောင်ဖြစ်ပြီး မြင်းနက်ကြီးများပေါ်မှ သူတို့အရွယ်ကလေးနှစ်ယောက်ကိုသာ လှမ်းပြီးကြည့်နေမိသည်။

စောထူးမြတ်ကတော့ သူ့အမေ ဒေါ်ဒိုးဝါးကို ပေစောင်းစောင်းပြန်ကြည့်ရင်း မကျေမနပ်နှင့် လှည်းပေါ်ပြန်ပြီးထိုင်နေ၏။ ဒေါ်ဒိုးဝါး၏လက်ထဲမှ ကြိမ်တံကို မြှောက်ကိုင်လိုက်သည်နှင့် နွားညီနောင်မှာ အင်တိုင်းတောဆီမှ လှည်းကို ဒလကြမ်းဆွဲပြီးပြေးတော့သည်။

တောလေ့ တောအထာကိုမသိ ငယ်ရွယ်သော စောထူးမြတ်မှာ လည်ပင်းကြောထောင်ကာ မျက်စိပြူး၊ မျက်စံပြူးနှင့် သူ့အမေ ဒေါ်ဒိုးဝါးကို လက်ကုတ်ပြီး မျက်နှာကို ဖျတ်ကနဲတစ်ချက်လှမ်းကြည့်သည်။ ဒေါ်ဒိုးဝါးမှာလဲ ဘာစကားတစ်ခွန်းမှပင် ပြန်ဖြေမနေဘဲ လှည်းကိုသာရွာသို့ မြန်မြန်ပြန်ရောက်ရန် ဒလကြမ်းမောင်းနေသည်။

စောထူးဝါးက သူ့အမေကို ဒီအကြောင်းတွေမေးနေဖို့ထက် မြင်းနက်ကြီးပေါ်မှ ကလေးနှစ်ယောက်ကို တအံ့တဩနှင့် လည်ပြန်ကြည့်နေမိသည်။ ထိုကလေးနှစ်ယောက်မှ သူတို့လှည်းခပ်လှမ်းလှမ်းသို့ ရောက်သွားသည်အထိ စိုက်ကြည့်နေကြပြီး လက်ယပ်လှမ်းခေါ်လျက် ရှိနေသည်။

☯

"မင်းတို့မြင်လိုက်ရတဲ့ ကလေးနှစ်ယောက်က ဘာတွေလဲ သရဲတွေလား ဒါမှမဟုတ်မှင်စာတွေလား…"

ဝဏ္ဏအောင်က စောထူးဝါး၏ မျက်နှာကိုကြည့်ကာ ဘေးတိုက်ယှဉ်လျှောက်လာရင်း မေးနေ၏။



"ငါလည်း အတိအကျတော့မသိဘူးကွ…၊ အဲဒီတုန်းက ကလေးဆိုတော့ သူတို့လိုမြင်းနက်ကြီးတွေဆီး၊ အဝတ်အစားတောက်တောက်ပြောင်ပြောင်တွေဝတ်ပြီး ငါက ရှင်ပြုချင်တာပဲသိတာ…"

"ဒါဆို မင်းတို့အမေကတော့ နာနာဘာဝတွမှန်းသိလို့ မင်းညီလေးစောထူးမြတ်ကို လှမ်းရိုက်လိုက်ပြီး ရွာကိုအတင်းပြန်မောင်း ပြေးတာပဲနေမှာ…"

မိုးကျော်က ကျောပိုးအိတ်အတွင်းမှ ရေသန့်ဘူးကို ထုတ်ယူလိုက်ပြီး စောထူးဝါး၏စကားကို ဆက်မေးနေသည်။

"ငါတို့ရွာကိုပြန်ရောက်တော့ နေတောင်အတော်လေးစောင်းနေပြီ…၊ ရွာထဲကလူတွေကလည်း…ငါ့အမေ ဒုန်းစိုင်းပြီးလှည်းမောင်းလာတာကိုတွေ့တော့ ဘာများဖြစ်လာသလဲမသိဘူးဆိုပြီး စိုးရိမ်တကြီးနဲ့ ဝိုင်းမေးကြတယ်..။ အမေက အိမ်ထဲရောက်တာနဲ့ ရေတစ်ခွက် ကို သူလဲသောက်၊ ငါတို့ညီအစ်ကိုနှစ်ယောက်ကိုလဲ တိုက်လိုက်ပြီးမှ ရွာထဲကလာမေးကြတဲ့သူတွေကို ပြန်ပြောနိုင်တော့တယ်…"

စကားပြောရင်း တောလမ်းခရီးကို မရပ်မနားဘဲ ခြေလျင်လျှောက်လာရသည့်အတွက် စောထူးဝါးမှာ အတော်ပင် မောဟိုက်နေ၏။ ထို့နောက် မိုးကျော်၏လက်ထဲမှ ရေသန့်ဘူးကို ယူကာမော့ သောက်လိုက်ပြီး…

"တကယ်တော့…ငါတို့မြင်လာခဲ့တဲ့ မြင်းနက်ကြီးတွေ စီးထားတဲ့ကလေးတွေကို ဒီရွာနီးချုပ်စပ်မှာ တစ်ခါမမြင်ဘူးတော့ အမေကမသိတာဖြစ်နေတာ။ အဲဒီကလေးတွေဟာ လူသားစစ်စစ် မဖြစ်နိုင်ဘူးလေ…ပိုဆိုးတာက…အဲဒီတုန်းက ငါတို့ညီအစ်ကို စီးချင်နေတဲ့မြင်းနက်ကြီးတွေက

www.burmeseclassic.com

www.burmeseclassic.com



ငါ့အမေမျက်စိထဲမှာ အသုဘခေါင်းအနက်ကြီးတွေ ဖြစ်နေတယ်တဲ့ ...''

''ဘာ...သူတို့ခွစီးထားတာလူသေထည့်တဲ့ ခေါင်းအနက်ကြီးတွေ...ဟုတ်လား''

သဇင်ဝင်းတင့်၏ မျက်နှာပေါ်တွင် အံ့ဩထိတ်လန့်သွားသည့် အမူအရာကြောင့် သူ့ခြေလှမ်းများက အလိုလိုရပ်တန့်သွား၏။

''အေး...ဟုတ်တယ်...ငါတို့မျက်လုံးထဲမှာသာ မြင်းအနက်ကြီးတွေလို့မြင်နေတာ...အမေမြင်နေရတာက ခေါင်းမဲမဲကြီးနှစ်လုံးကို တလှုပ်လှုပ်နဲ့ခွစီးထားကြတဲ့ ပရလောကသားကလေးလေးနှစ်ယောက်ပဲတဲ့။

စောထူးဝါး၏ စကားကြောင့် သူတို့အားလုံး၏ ခြေလှမ်းများမှာ အနည်းငယ်တွန့်ဆုတ်သွားကြ၏။

တစ်ချိန်ထဲမှာပင် စောထူးဝါး၏ တုန်ရင်နေသောအသံနှင့် မျက်နှာကိုလဲ အကဲခတ်လိုက်ကြသည်။ ထို့နောက် စောထူးဝါးက

''အဲဒီလို...တောထဲမှာ နာနာဘာဝတွေနဲ့ တွေ့ကြုံလာရပြီး တစ်ပတ်လောက်အကြာမှာ...ငါ့ညီလေးစောထူးမြတ် ကောက်ကာငင်ကာနဲ့ဖျားပြီး ဆုံးသွားခဲ့တယ်...''

''ဟင်...''

အားလုံးက စောထူးဝါး၏ စကားကြောင့် ပိုပြီးအံ့ဩသွားကြကာ ထိတ်လန့်ကြောက်ရွံ့သည့်စိတ်တွေကြောင့် ကြက်သီးမွေးညင်းများပင် ထသွားကြသည်။ သဇင်ဝင်းတင့်၏ မျက်လုံးများမှာလဲ သူတို့ ယခုရောက်နေသည့် သစ်ပင်ဝါးပင်များ ထူထပ်ရာတောကြီးတစ်ခုလုံးကို မလုံမလဲဖြင့် ပြူးပြူးပျာပျာ လှည့်ပတ်ကြည့်လိုက်မိ၏။



စောထူးဝါးက...

''ငါ့ညီလေး စောထူးမြတ် မသေခင်အချိန်လေးမှာ သူ့ပါးစပ်က တယောင်ကတမ်းတွေနဲ့ မြင်းနက်ကြီးတွေ အိမ်ရှေ့မှာရောက် နေကြပြီ...သွားမယ်...သွားစီးမယ်လို့ မပွင့်တပွင့်ပြောနေသေးတယ်...အဲဒီနောက် သိပ်မကြာပါဘူး...''

စောထူးဝါး၏ စကားဆုံးသောအခါ အားလုံးက မိုးကျော်၏ မျက်နှာကို ပြိုင်တူကြည့်လိုက်ကြသည်။ ထိုအကြည့်တွေက ယခုလို တောကြမ်းတောင်ကြမ်းနေရာမျိုးတွင် ဘာရယ်မဟုတ်ဘဲ ပြောလိုက်သည့်စကား တစ်ခွန်းကြောင့် သူတို့တစ်ဖွဲ့လုံး ဒုက္ခရောက်မည်ကိုတွေးပြီး ကြောက်နေမိသော အကြည့်တွေဖြစ်နေ၏။

သူတို့အားလုံး စကားတပြောပြောနှင့် လျှောက်လာကြရာ ခရီးက အတော်လေးပင် ရောက်နေပြီဖြစ်သည်။ သူတို့ရှေ့မှ သွားနေသော ခင်မာဝေမှာလဲ နောက်သို့ တစ်ချက်လေးပင် လှည့်မကြည့်ဘဲ ရိုးမတောကြီး အတွင်းမှ သစ်ပင်ဝါးပင်များကြားတွင် တရွေ့ရွေ့နှင့် သွားနေ၏။

မိုးကျော်၊ ဝဏ္ဏအောင်၊ စောထူးဝါးနှင့် သဇင်ဝင်းတင့်တို့မှာလဲ မလှမ်းမကမ်းရှေ့မှ သွားနေသော ခင်မာဝေကို မှီအောင် ခပ်သွက်သွက်လျှောက်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

အတန်ကြာအောင် တောလမ်းခရီးကို လျှောက်လာကြပြီး နောက် စမ်းချောင်းလေးစာစ်ခုအနားသို့ ရောက်လာကြသည်။ ထိုစမ်း ချောင်းကလေး မှာ အခုလို နွေရာသီအချိန်တွင် ရေများကခမ်းခြောက်နေပြီဖြစ်သော်လဲ စမ်းချောင်းတစ်လျှောက်လုံး ခမ်းခြောက်နေသည်တော့ မဟုတ်။ တစ်ချို့နေရာ များတွင် ရေတင်အိုင်ဖြစ်ကာ ခြေမျက်စိသာသာနှင့် အချို့နေရာများတွင် လူကြီးဒူးခေါင်းခန့်အထိ အိုင်ထွန်းကျန်နေသေးသည်။

ထိုစမ်းချောင်းကလေး၏ ကြည်လင်အေးမြသော ရေကို နင်းဖြတ် လျှောက်လိုက်မိသည်နှင့် အေးစိမ့်လန်းဆန်းသော အရသာက ခြေဖျားမှ တဆင့် တစ်ကိုယ်လုံးအေးကနဲ ခံစားလိုက်ရပြီး အမောအပန်းတွေ ပြေသွား ကြသည်။

ကြည်လင်စိမ်းမြနေသော စမ်းချောင်းကလေး၏ အောက်ခြေ တွင် ကျောက်တုံးကျောက်ခဲလေးများကိုပါ မြင်နေရပြီး ထိုကျောက်တုံး ကျောက်ခဲ လေးများကြားတွင် ဟိုဟိုဒီဒီလန့်ပြီး ကူးလူးပြေးလွှားနေသည့် ငါးကလေး များကို တွေ့နေရသည်။ စမ်းချောင်းကလေး၏ ဘေးတစ် ဖက်တစ်ချက်မှ အုံ့ဆိုင်းနေသည့် သစ်ပင်ကြီးများ၏ ထိပ်ဖျားပေါ်မှ ဒေါင်းတွန်းသံ၊



ကြက်တွန်သံများကိုလဲ ကြားနေရ၏။ ဘာပဲပြောပြော သူတို့အဖွဲ့ရောက်ရှိ နေရာ နေရာမှာ ရိုးမတောကြီး၏ အစပမာဏ မဟုတ်တော့သည်ကတော့ သေချာနေပြီဖြစ်သည်။

" ဟေး…ဟေး…ဟေး…"

" ဗွမ်း…ဗွမ်း…ဗွမ်း…"

ဝဏ္ဏအောင်နှင့် စောထူးဝါးတို့မှာ ခြေမျက်စိသာသာရေများ တင်ကျန်နေသော စမ်းချောင်းကလေးအတွင်း စိတ်လွတ်ကိုယ်လွတ် ခုန်ပေါက်ပြေးလွှားလိုက်ကြသည်။ သူတို့နှစ်ယောက်အောင်ဟစ်လိုက် သံနှင့် ရေသံတဗွမ်းဗွမ်းမြည်သံတို့ကြောင့် ခပ်လှမ်းလှမ်းမှ ဖုတ်လူး နေကြသော မြေဝပ်ငှက်တွေထပျံသွားကြသည်။

သူတို့ရှေ့မှ ဦးဆောင်ပြီးသွားနေသည့် ခင်မာဝေမှာလဲ ထိုစမ်း ချောင်းလေးအနီးသို့ရောက်သောအခါ သူ့ကျောပေါ်မှ ကျောပိုးအိတ် ကို ကျောက်တုံးတစ်ခုပေါ်သို့ ပစ်တင်ရင် ခဏနားလိုက်သည်။ ထိုအခါမှ မိုးကျော်တို့ အုပ်စုမှာလဲ စိတ်သက်ရာရပြီး

"ဟာ…ဟိုမှာ ခင်မာဝေဆိုတဲ့ ငတိမတော့ ကျောက်တုံး ပေါ်မှာ နားနေပြီ ငါတို့လဲ တစ်လမ်းလုံးလျှောက်လာရတာ ဒူးခေါင်း တွေတောင် သိပ်မနိုင်ချင်တော့ဘူး ခဏနားမှ ရတော့မယ်…"

သူတို့အားလုံးမှာ စမ်းချောင်းလေးအနီးတွင်ပင် ခြေပစ်လက် ပစ်တွေနှင့် ကျောပိုးအိတ်တွေကို မြေကြီးပေါ်သို့ ပစ်ချကာ နားလိုက်ကြ သည်။

သဇင်ဝင်းတင့်မှာ ကျောပိုးအိတ်ကို ချလိုက်သည်နှင့်

"ဒီနေရာလေးက သိပ်လှတာပဲနော်…ကြည့်စမ်းပါအုံး ဟို-

www.burmeseclassic.com

www.burmeseclassic.com



စမ်းချောင်းထဲကို လဲကျနေတဲ့ သစ်မြစ်ဆုံကြီးရဲ့ အကိုင်းအခက်တွေက ကွေးကွေးကောက်ကောက်တွေနဲ့ ဘယ်လောက်လှသလဲ…ဒီအပင်ကြီးနဲ့သာ ဓာတ်ပုံတွဲရိုက်လိုက်ရရင် ငါသိပ်လှနေမှာပဲ…”

တစ်ကိုယ်ထဲ ပြောသလိုလိုနှင့် သဇင်ဝင်းတင့်က မိုးကျော်တို့ အုပ်စုကို မသိမသာတစ်ချက်လှမ်းပြီး ကြည့်လိုက်သည်။ မိုးကျော်တို့အုပ်စုမှာလဲ ဘယ်နေရာရောက်ရောက် အလှဓာတ်ပုံရိုက်တာ ဝါသနာပါသည့် သဇင်ဝင်းတင့်၏အကျင့်ကို သိပြီးသားဖြစ်သဖြင့် သူမ၏စကားကို မသိချင်ယောင် မကြားချင်ယောင်ဆောင်နေပြီး ပြုံးဖြီးဖြီးတွေ လုပ်နေကြသည်။

စောထူးဝါးကတော့ မိုးကျော်တို့နှင့်အတူ ထိုင်ပြီး နားနေရာမှ ကျောပိုးအိတ်အတွင်းမှ ပေါက်ဆိန်အသေးလေးတစ်လက်ကို ထုတ်ယူကာ ခပ်လှမ်းလှမ်းမှ ဝါးရုံပင်ကြီးရှိရာဆီသို့ ထပြီးထွက်သွား၏။

သူတို့အားလုံးနှင့် မလှမ်းမကမ်းမှာ ထိုင်နေသော ခင်မာဝေမှာ ဘယ်သူ့ကိုမှ စကားမပြောဘဲ မြင့်မားရှည်လျားစွာ ပေါက်နေသည့် အင်ပင်ကြီးများ၊ သစ်စိမ့်ပင်ကြီးများပေါ်သို့ အေးစက်စက်မျက်လုံးများနှင့် အဓိပ္ပါယ်မဲ့စွာ မော့ကြည့်နေသည်။

“ဟဲ့…စောထူးဝါး…ငါ့ကို ဒီ သစ်မြစ်ဆုံကြီးနဲ့ တွဲပြီး ဓာတ်ပုံရိုက်ပေးပါလားဟယ်။ ဒီစမ်းချောင်းလေးနဲ့ သစ်မြစ်ဆုံကြီးက အရမ်းလှပြီး တဗျာဆန်နေလို့…”

သဇင်ဝင်းတင့်က သူ့အနားမှဖြတ်ပြီး ဝါးရုံတောဖက်ဆီသွားနေသော စောထူးဝါးကို လှမ်းပြီးပြောလိုက်၏။ စောထူးဝါးမှာလဲ သစ်မြစ်ဆုံကြီးအနားတွင် ရပ်နေသော သဇင်ဝင်းတင့်ကို မဲ့ကာရွဲ့ကာဖြင့်

“နင်ကလဲ အားအားရှိ ဒီဓာတ်ပုံပဲ ရိုက်ချင်နေတာပဲ…ဒီမှာ



ရေ့တဲထောက်နားရင် ထမင်းချက်ဖို့ ဝါးယောက်မလုပ်ရအုံးမယ်…ငါ့မှာ အားသေးဘူး…”

သဇင်ဝင်းတင့်က ပြောပြောဆိုဆို လှည့်ထွက်သွားသော စောထူးဝါးကို မျက်စောင်းတစ်ချက်လှမ်းထိုးလိုက်၏။

ဒီတစ်ကြိမ်တော့ ဝဏ္ဏအောင်က ခြေပစ်လက်ပစ်ထိုင်ပြီး နားနေရာမှ သူ့ကျောပိုးအိတ်အတွင်းမှ ကင်မရာကို ထုတ်ယူလိုက်ကာ…

“ကဲ…ကဲ…နင်ဒီလောက် ဓာတ်ပုံရိုက်ချင်နေရင်လဲ ငါပဲ ရိုက်ပေးမယ်…”

ဝဏ္ဏအောင်၏စကားကြောင့် သစ်မြစ်ဆုံကြီး အနားတွင် နှုတ်ခမ်းစူပြီး ရပ်နေသော သဇင်ဝင်းတင့်၏ မျက်နှာက ချက်ချင်းပင် ဝင်းလက်သွားပြီး သူမ၏ပွယောင်းယောင်းဖြစ်နေသော ဆံပင်များကို လက်ဖြင့် တစ်ချက်နှစ်ချက် သပ်တင်လိုက်သည်။ ထို့နောက် စမ်းချောင်းလေးအတွင်း လဲကျနေသော သစ်မြစ်ဆုံကြီးပေါ်သို့ ကပျာကယာ ကုတ်ခြစ်ပြီးတက်တော့သည်။

မိုးကျော်ကတော့ သဇင်ဝင်းတင့်၏ အမူအရာကိုကြည့်ကာ တစ်ချက်ပြုံးမိ၏။ ရပ်ရှင်မင်းသမီးဖြစ်ချင်သည့် ဝါသနာနှင့် နေရာဒေသမရွေး အလှဓာတ်ပုံရိုက်ချင်သည့် သဇင်ဝင်းတင့်၏ အကျင့်ကို ဘာတစ်ခွန်းမှ မပြောတော့ဘဲ သူတို့အားလုံးနှင့် ခပ်လှမ်းလှမ်းတွင် ထိုင်နေသည့် ခင်မာဝေဆီသို့ လှမ်းကြည့်လိုက်သည်။

သူမကို ကြည့်ရသည်မှာ မိုးကျော်တို့ အုပ်စုနှင့် တစ်ခရီးထဲ အတူသွားနေသော်လဲ ဘာစကားတစ်ခွန်းမှ မပြောဘဲ တစ်ယောက်ထဲ ကင်းကင်းရှင်းရှင်းနှင့် ဖာသိဖာသာနေတတ်လွန်းနေသည်။ ဘယ်အချိန်ကြည့်ကြည့် သူမျက်ဝန်းတွေက တစ်စုံတစ်ရာကို ငေးငေးငိုင်ငိုင်ဖြစ်နေတတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသလိုဖြစ်နေသည်။

မိုးကျော်က ထိုင်ရာမှ ထလိုက်ပြီး ခင်မာဝေဆီသို့ လျှောက်သွားလိုက်၏။ ထို့နောက် စကားမရှိစကားရှာကာ

"ဘယ်လိုလဲ…ပျင်းနေပြီလား…"

မိုးကျော်၏ အမေးကြောင့် ခင်မာဝေမှာ အေးစက်စက်လေသံဖြင့် လှည့်မကြည့်ဘဲ

"တစ်ယောက်ထဲနေရတာ…ပိုသဘောကျလို့…"

တုံးတိတိနှင့်ဌကျသည့် အဖြေကြောင့် မိုးကျော်မှာ သူမကို နားလည်ရပိုပြီးခက်သွားသည်။ ထို့နောက် မိုးကျော်က ခင်မာဝေထိုင်နေရာ ကျောက်တုံးကြီး၏ဘေးမှ လွတ်နေသော နေရာတွင်ဝင်ပြီး ထိုင်လိုက်သည်။ မိုးကျော်ဘေးတိုက်မြင်နေရသော ခင်မာဝေ၏မျက်နှာမှာ…ရှင်းသန့်နေပြီး…သူမ၏ အသားအရည်တို့က ညိုပြာပြာနှင့် ကြည့်ကောင်းနေသည်။ ကော့ညွတ်နေသော မျက်တောင်များက ရှမ်းစိုနေသော သူ့မျက်ဝန်းများကိုပိုပြီး အရောင်လက်နေသလိုဖြစ်နေ၏။

"ဆယ်တန်းမဖြေခင်နှစ်ကတည်းက ဖြူးကိုရောက်လာတာဆို ၊ အခုကော တက္ကသိုလ်တက်ဖို့ကျောင်းအပ်ပြီးပြီလား"

မိုးကျော်၏လေသံတွေက သူမမျက်နှာကိုကြည့်ရင်း ဂရုဏာသံလိုလို ပျော့ပျော့ပျောင်းပျောင်းနှင့် ဖြစ်နေသည်။ နောက်ပြီး ခင်မာဝေထံမှ ပြန်ဖြေမည့်အဖြေကိုလဲ ဘာရယ်မဟုတ်ဘဲ ကြားချင်နေမိသည်။

"ဘာလုပ်မလို့မေးနေတာလဲ…"

ဒီတစ်ခါ ခင်မာဝေ၏အသံက စောစောကလောက်တုံးတိတိ မဖြစ်တော့ပဲ။ အနည်းငယ် တောင့်တင်းနေရုံလောက်သာ ဖြစ်နေသည်။



သို့သော် မိုးကျော်၏ မျက်နှာကိုတော့ တစ်ချက်ကလေးမှပင် လှည့်ပြီး မကြည့်ချေ။

သူ့ကိုကြည့်ရတာ ဆင်းဆင်းရဲရဲနဲ့ ဘဝကိုရုန်းကန်လာရတော့ အမြဲလိုလိုစိတ်တွေမကြည်မလင် ဖြစ်နေရတယ်နဲ့တူပါတယ်…ဒီကြား ထဲ တက္ကသိုလ်တက်ဖို့ စရိတ်ရှာရင်း ဘကြီးဓာတို့ဆိုင်မှာ အလုပ်တွေ တနင့် တပိုးကြီးဝင်လုပ်နေရတော့ သူ့ခမျာ ငါတို့ရှေ့မှာ သိမ်သိမ်ငယ်ငယ်လဲဖြစ် နေတယ်နဲ့တူပါတယ်…"

ထို့နောက် မိုးကျော်က

"စိတ်ဝင်စားလို့မေးမိတာပါ…ဒါနဲ့ ခင်မာဝေ့ဓာတိက ဒီဖြူး မြို့ကပဲလားဟင်…"

ဖျတ်ကနဲ လှည့်ကြည့်လိုက်သော ခင်မာဝေ၏ မျက်လုံးအစုံက လင်းကနဲလက်သွား၏။ သူမ၏နှုတ်ခမ်းအစုံတို့မှာလဲ တင်းတင်းစေ့ထား လျက် အကြောခက်ထန်နေသည်။

ခင်မာဝေမှာ ထိုင်ရာမှ ရုတ်တရက် မတ်တပ်ရပ်လိုက်ပြီး မိုးကျော် ၏ မျက်နှာကို စေ့စေ့စိုက်ကြည့်ကာ လေသံကို မြှင့်ပြီးပြောလိုက်၏။

"ငါ…စပ်စုတာကို နည်းနည်းမှ မကြိုက်ဘူး"

မိုးကျော်မှာ ခင်မာဝေ၏ စကားသံကြောင့် မနည်းငယ်ရုက်သလိုဖြစ်သွားပြီး ဘေးပတ်ဝန်းကျင်သို့ လှည့်ပတ်ကြည့်လိုက်သည်။ သူတို့နှင့် မလှမ်းမကမ်းမှ ဝါးပင်များအောက်တွင် ဝါးများကို ပေါက်ဆိန်နှင့်ခုတ်ထစ်ပြီး ယောက်မလုပ်နေသည့် စောထူးဝါးမှာ ဘာတစ်ခုမှ ကြားလိုက်သည့်ပုံမပေါ်။ ဝဏ္ဏအောင်နှင့် သဇင်ဝင်းတင့်မှာလဲ ငါးမရှာမီး များ တဖျတ်ဖျတ်နှင့် သစ်မြစ်ဆုံကြီးနားတွင် ဓာတ်ပုံရိုက်နေကြသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မိုးကျော်နှင့် ခင်မာဝေတို့၏ အသံများကို မကြားကြချေ။

"စပ်စုတာ မဟုတ်ပါဘူး ခင်မာဝေ။ ငါက နင့်ကို ခင်မင်ချင်လို့ပါ…ငါနင့်ကို အခုလိုလာပြီး စကားပြောနေတာလဲ။ နင်တစ်ယောက်ထဲ ပျင်းနေမှာစိုးလို့ပါ…။ ဘာလဲ…ငါကနင့်အတွက် ခင်စရာမကောင်းတဲ့ကောင်ဖြစ်နေလို့လား…အေးလေ။ နင်မကြိုက်ရင်လဲ ငါဘာမှ မမေးတော့ပါဘူး…"

ပြောပြောဆိုဆို မိုးကျော် ခင်မာဝေ့အနားမှ လှည့်ပြန်ရန် ကျောက်တုံးကြီးပေါ်မှ ထလိုက်သည်။

ထိုအခါမှ ခင်မာဝေက

"ဟို…ဟို…ငါပြောတာ ရိုင်းသွားရင် ခွင့်လွှတ်ပါဟာ…ငါတို့က တောသူတွေဆိုတော့ ဟန်မဆောင်ပဲ ဒဲ့ဒိုးပြောနေကျမို့လို့ပါ…။ နောက်ပြီး နင်တို့က မြို့သားတွေဆိုတော့ စကားပြောရတာ မရဲဘူးဖြစ်နေလို့ပါ…"

တင်းမာထားသည့် ခင်မာဝေ၏ မျက်လုံးတွေက ချက်ချင်းဆိုသလို လျော့ပါးသွားပြီး နူးညံ့သည့် စကားလုံးတွေနှင့် မိုးကျော်ကို မပွင့်တပွင့် လှမ်းပြောလိုက်သည်။ သူမ၏ ပုံစံမှာလဲ တစ်စုံတစ်ရာကို အမှားအယွင်း လုပ်မိသည့် အပြစ်ရှိသူတစ်ယောက်လို သိမ်သိမ်ငယ်ငယ်ပင်ဖြစ်နေ၏။

မထင်မှတ်ပဲ ကြားလိုက်ရသည့် ခင်မာဝေ၏ တောင်းပန် စကားကြောင့် မိုးကျော်မှာ ခေါင်းတညိမ့်ညိမ့်နှင့် လုပ်နေပြီး ကျေနပ် ပီတိတွေဖြစ်သွားမိသည်။ နောက်ပြီး သူ့ကို ညိုးညိုးငယ်ငယ်နှင့် ပြောဆိုနေသော ခင်မာဝေ၏ မျက်နှာကို ကြည့်ကာ သနားမိသလိုပဲ ဖြစ်သွား၏။

သူမ၏ ရွှန်းစိုသော မျက်ဝန်းများဖြင့် တစ်ချက်ပင့်ကြည့်လိုက်



ဆိုင်း ဘာရယ်မဟုတ်ပဲ မိုးကျော်၏ ရင်တွေကတဆတ်ဆတ်ခုန်နေ၏။ ပြည့်ဖြိုးဝိုင်းစက်သော သူမ၏ မျက်နှာပေါ်တွင် ဖြောင့်စင်းနေသော နှာတံက အပြစ်ကင်းစင်နေ၏။ ထိုသို့ သွယ်သွယ်လျလျကျနေသော နှာတံ၏အောက်မှ မွေးညှပ်နေသော သူမ၏ နှုတ်ခမ်းများမှာလဲ ပီရိသေသပ်လွန်းနေသည်။

"ရပါတယ်ဟာ…တကယ်ဆို ငါတို့ဒီကိုလာတာကို အလုပ်အကိုင်ပျက်တွေဖြစ်ပြီး လိုက်ပို့တဲ့ နင့်ကိုသာ ပြန်ပြီးတောင်းပန်ရမှာ…"

"အို…ကိစ္စမရှိပါဘူး…ငါ့အတွက် ဒီတောဒီတောင်တွေကို သွားနေရတာ ဘာမှအပန်းမကြီးပါဘူး…အားမနာပါနဲ့…"

ခပ်လှမ်းလှမ်းမှ စောထူးဝါး ဝဏ္ဏအောင်နှင့် သဇင်ဝင်းတင့်တို့မှာ အခုလို မိုးကျော်နှင့် ခင်မာဝေတို့လေဘောတွေ ဖြောင့်နေကြသည် ကို ဘာမှမသိကြ…။

"သြော်…ဒါနဲ့ ငါ့နာမည်က မိုးကျော်တဲ့ မှတ်ထားနော်"

အခြေအနေပေးလာသည်နှင့် မိုးကျော်က ခင်မာဝေ့ကို ချဉ်း ကပ်ဖို့ ကြိုးစားနေပြန်သည်။ ခင်မာဝေက သူ့ဆံပင်စတွေကို လက်ဖြင့် သပ်တင်လိုက်ရင်း…

"သိပြီးသားပါ…ဒီကိုမလာခင်တုံးက ဘကြီးစောက အားလုံးကို မိတ်ဆက်ပေးပြီးသား…"

မိုးကျော်က သူ့နာမည်ကို ခင်မာဝေတစ်ယောက် သိထားပြီး ဖြစ်သည်ကိုပင် အကျေနပ်ကြီး ကျေနပ်နေသည်။

"ဒါဆို…ငါနင့်ကို 'ဝေ'လို့ခေါ်ရင် ရမလားဟင်…"

လွှတ်ကနဲထွက်သွားသော စကားကြောင့် မိုးကျော်က သူ့ကိုယ် သူပင်မယုံကြည်နိုင်လောက်အောင် ဖြစ်သွားမိသည်။ နောက်ပြီး ဒီလောက်

www.burmeseclassic.com

www.burmeseclassic.com



အချိန်တိုကလေးအတွင်းမှာ အခွင့်အရေးယူမိသော သူ့ကိုယ်သူလဲ ပြန်ပြီး အပြစ်တင်နေမိသည်။ ထိုစကားကြောင့် ခင်မာဝေမှာ ဘာပြန်ဖြေလို့ ဖြေရမှန်းမသိဘဲ ခေါင်းကိုသာ ငိုက်စိုက်ချထားမိသည်။

မိုးကျော်ကတော့ ပြောလက်စစကား၏အဖြေကို ရင်တထိတ်ထိတ်နှင့် စောင့်နေမိသည်။ သူ့လက်ချောင်းများမှာလဲ ဂဏှာမငြိမ်တော့ဘဲ လက်သည်းခွံများကြားတွင် ညှပ်နေသော ချေးများကိုအကြောင်းမဲ့ ထိုးဆိတ်ခွာနေမိ၏။

"ငါ…ငါ သူ့ကို အဲဒီလိုကြီး ပြောလိုက်တာမှားများသွားပြီလား… မဟုတ်သေးပါဘူး၊ ငါက ရိုးရိုးသားသားနဲ့ ဝေလို့ခေါ်မယ်လို့ ပြောတာပါ…၊ သူငါ့ကိုများ တစ်မျိုးထင်သွားပြီလားမသိဘူး…"

သူ့အတွေးတွေ ယောက်ယက်ခပ်ပြီး လှုပ်ရှားနေချိန်တွင် ခင်မာဝေမှာ ခေါင်းငုံ့ထားရာမှ တောက်ပရွှန်းစိုသော မျက်လုံးများဖြင့် သူ့ကိုပြန်မော့ကြည့်လိုက်သည်။ မိုးကျော်၏ ရင်တွေကလှုပ်ကနဲပင် ဖြစ်သွားမိသည်။

တစ်ချိန်ထဲမှာပဲ မိုးကျော်ကိုကြည့်နေသော ခင်မာဝေ၏မျက် လုံးများက မမျှော်လင့်ပဲ ဒေါသပြင်းထန်လာသလို စူးရှတောက်ပလာပြီး ချက်ချင်းပင်ပေါက်ကွဲထွက်တော့မည့် မီးကျီးခဲတစ်ခုလို ရဲရဲနီလာသည်။ သူမ၏ မေးရိုးကြီးများမှာလဲ အံကိုတင်းတင်းစေ့ကြိတ်ထားသဖြင့် မာကြော ခက်ထန်နေသည်။

ထို့နောက် စူးစူးဝါးဝါး အသံနက်ကြီးဖြင့် ကုန်းအော်လိုက်တော့သည်။

"ဟိတ်…မလုပ်နဲ့…"

ပပပ

အခန်း(၃)

မထင်မှတ်ဘဲ ကျယ်ကျယ်လောင်လောင်ကြီး အော်လိုက်သည့် ခင်မာဝေ၏အသံနက်ကြီးက မိုးကျော်၏ နှလုံးသားတို့ကို ဆွဲယူဖြစ်ညှစ် လိုက်သလိုဖြစ်သွားပြီး တစ်ကိုယ်လုံးတုန်ရင်သွား၏။ ခင်မာဝေ၏ မျက်နှာ တစ်ခုလုံးမှာလဲ သူထင်ထားသလို မဟုတ်တော့ပဲ။ ခက်ထန်မာကျောနေကာ မျက်လုံးအစုံတို့က မီးဝင်းဝင်းတောက်နေ၏။

မိုးကျော်၏ မျက်နှာအမူအရာမှာ ချက်ချင်းပြောင်းသွားပြီး နားလည်ရခက်သည့် အကြည့်တွေနှင့် ခင်မာဝေ့ကို ကြောင်ပြီး စိုက်ကြည့်နေမိသည်။ သူ့ကိုယ်သူလဲ ခင်မာဝေ ကုန်းအော်လိုက်သည့် ကိစ္စကိုသေသေချာချာ ပြန်ပြီးစဉ်းစားနေမိသည်။

"ငါ…ငါ ဘာလုပ်မိလိုက်လို့လဲ…"

တစ်ချိန်ထဲမှာပင် ခင်မာဝေ၏ မျက်လုံးတွေက သူ့ကိုကျော်ပြီး နောက်ဖက်ဆီသို့ စိုက်ကြည့်နေသည်ကို တွေ့လိုက်ရ၏။

"ဟင်"

သူမအကြည့်တွေက ဦးတည်နေရာဆီသို့ မိုးကျော်က ဖြတ်ကနဲ လှည့်ကြည့်လိုက်ရာတွင်…

www.burmeseclassic.com

www.burmeseclassic.com



စောစောက ဝါးရုံပင်ခြေရင်းမှာ ပေါက်ဆိန်တစ်လက်နှင့် ဝါးခြမ်းပြားများကို ခွဲနေသော စောထူးဝါးက အနားမှ ဖြတ်ပြေးသွားသည့် မြွေတစ်ကောင်ကို သူ့လက်ထဲမှ ပေါက်ဆိန်နှင့် လှမ်းပေါက်လိုက်သည်ကို တွေ့လိုတ်ရသည်။

ထိုမြင်ကွင်းကို အားလုံးက မြင်လိုက်ရပေမယ့်...ခင်မာဝေ၏ တားမြစ်စကားကတော့ နောက်ကျသွားလေပြီ..။

ထိုအချိန်တွင် မြွေကတော့ စောထူးဝါးလက်ချက်နှင့် ခေါင်းဖြတ်ကာရှည်လျားသော ကိုယ်လုံးက သွေးအိုင်ထဲတွင် တွန့်လိန်ကောက်ကွေးနေ၏။

ခင်မာဝေက ဒေါသမာန်ပါပါ ခြေလှမ်းများဖြင့် စောထူးဝါးဆီသို့ လျှောက်သွားပြီး

"ဒီတောထဲမှာ မြွေမသတ်ရဘူးဆိုတာ နင်မသိဘူးလား..."

စောထူးဝါးမှာလဲ ခင်မာဝေ့ကို ပေကပ်ကပ်မျက်လုံးများနှင့် ပြန်ကြည့်နေပြီး သူ့စရိုက်အတိုင်း တိုတိုတောင်းတောင်းနှင့် ပြန်ပြောလိုက်သည်။

"မသိဘူး..."

ခင်မာဝေက စိတ်ပျက်လက်ပျက်နှင့် ခေါင်းကိုခါယမ်း လိုက်ပြီး အားလုံးကို ပြောသလိုနှင့် အသံကိုမြင့်ပြီး

"ဒီတောထဲမှာ အားလုံးအနေအထိုင်စည်းကမ်းရှိကြပါ...၊ အဲဒီလိုမဟုတ်ရင် အခုထဲက လှည့်ပြန်တာအကောင်းဆုံးပဲ..."

မိုးကျော်၊ ဝဏ္ဏအောင်နှင့် သဇင်ဝင်းတင့်တို့မှာ ခင်မာဝေကို ငေးကြောင်ပြီး ကြည့်မိနေကြသည်။ စောထူးဝါးမှာလဲ သူလုပ်လိုက် သည့်



ဘုပ်ရပ်ကြောင့် လေသံမာမာ အပြောခံလိုက်ရသည်ကို မကျေနပ် သလိုနှင့် ခင်မာဝေ့ကို စိုက်ပြီးပြန်ကြည့်နေ၏။ ထို့နောက် ခင်မာဝေက

"အဲဒီမြွေသေကို ကျင်းနက်နက်တူးပြီး သေသေချာချာပြန်မြှုပ်လိုက်..."

သူမ၏ အသံက အမိန့်ပေးနေသလို မာထန်ပြတ်သားလွန်း နေ၏။ အားလုံးကလဲ ဒီတောဒီတောင်ထဲမှာ ကန့်သတ်ထားသည့် တောစည်း တောင်စည်းတွေကို ဘာတစ်ခုမှ နားမလည်ကြဘဲ ခင်မာဝေ့ စကားတွေကြောင့် မချင့်မရဲတွေ ဖြစ်ကုန်ကြသည်။ ခင်မာဝေကတော့ မြွေသေကို မြှုပ်နိုင်းပြီး တောင်ကုန်းတစ်ခုပေါ်သို့ တက်ကာသွားရပ်နေ၏။

ခင်မာဝေရပ်နေသော တောင်ကုန်းပေါ်မှ သစ်ပင်ကြီးများက လေတိုက်တိုင်း လှုပ်ရှားယိမ်းထိုးနေကြ၏။ သူမ၏ကျောအလယ်အထိရှည်လျားပြီး ကျနေသည့် ဆံပင်များကလည်း လေထဲတွင် လူးလွန့်နေကြကာ အဝတ်အစားတွေ တဖျတ်ဖျတ်လှုပ်ခပ်နေသည်။

တစ်ခါတစ်ခါ ကျက်သရေကင်းမဲ့သော တစ်တီတူးငှက်တစ် ကောင်၏ အော်မြည်သံက ကညင်ပင်ကြီးများ၏ ထိပ်ဖျားများပေါ်မှ ကြားနေရသည်။

မိုးကျော်က တောင်ကုန်းပေါ်သွားပြီး ရပ်နေသည့် ခင်မာဝေ့၏ နောက်ကျောမှ လွင့်နေသော ဆံစများကို ကြည့်ကောင်းကောင်းနှင့် ကြည့်နေ၏။

စောထူးဝါးကတော့ သူမျှော်လင့်မထားသော အဖြစ်အပျက် ကြောင့် ခါးထောက်ရင်း ခင်မာဝေရပ်နေရာဆီသို့ လှမ်းပြီးကြည့်နေသည်။ ထိုစဉ်မှာပင် မိုးကျော်က စိတ်မထင်လျှင် မထင်သလို အဓောက်တန်းလုပ်တတ်သည့် စောထူးဝါး၏ လက်ထဲမှ ပေါက်ဆိန်ကို လှမ်းယူကာ

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဟော့ကောင် စောထူးဝါး မင်းလက်ထဲက ပေါက်ဆိန်ငါ့ကိုပေး။ ငါပဲမြွေသေကို ကျင်းတူးပြီး သွားမြှုပ်လိုက်မယ်..."

"အလကားပါကွာ...ဟိုကောင်မကိုက အဖြစ်သည်းနေတာပါ..."

ထို့နောက် စောထူးဝါးနှင့် မိုးကျော်မှာ မြေကြီးကို ပေါက်ဆိန်နှင့် ကျင်းဖြစ်အောင်တူးလိုက်ကြပြီး မြွေသေကို မြှုပ်ပစ်လိုက်ကြသည်။

ထိုစဉ်မှာပင်...ဆူဆူညံညံနှင့် ဖြိုလဲကျလာသည့် အသံကြီးကို အဝေးကြီးမှ ကြားလိုက်ရသည်။

"ဂျိမ်း...ဒလိန်း...ဝုန်း..."

ထိုမြည်ဟီးသံကြီးကို ကြားလိုက်ရသည်နှင့် မိုးကျော်တို့အုပ်စုမှာ...

"ဟာ ဘာသံကြီးလဲ..."

"ဟင်...ဒါသစ်ပင်ကြီးတွေ လဲပြိုကျလာတဲ့အသံတွေ..."

သိမ့်ကနဲ တုန်လှုပ်သွားသော မြေကြီးတွေက သူတို့လေးယောက်ရှိနေသည့် နေရာကို ဆွဲခါလိုက်သလို ဖြစ်သွား၏။ ထိုအသံကြီးတွေ ရပ်တန့်မသွားပဲ အဆက်မပြတ် တဝေါဝေါနှင့် ပြိုလဲကျလာကာ သူတို့ဆီသို့ လိမ့်ဆင်းလာနေသည်ဟုပင် ထင်ရသည်။ တစ်ချိန်ထဲမှာပင် သူတို့နှင့်အနီးပတ်ဝန်းကျင်မှ သစ်ပင်ကြီးများကလည်း ယိမ်းထိုးလှုပ်ရမ်းလာ၏။

"အား...အမေလေးလုပ်ပါအုံး ဘာသံတွေလဲ...ငါ...ငါ ကြောက်တယ်"

ကျယ်လောင်သော တောပြိုသံကြီးတွေကြားမှ သဇင်ဝင်းတင့်၏ ကြောက်လန့်တကြား အော်ဟစ်နေသံတွေက ပွက်ပွက်ညံနေသည်။

"မကြောက်နဲ့ မကြောက်နဲ့ သဇင်၊ ငါတို့ရှိတယ်...ဘာမှ မဖြစ်ဘူး..."



စောထူးဝါးက ပြောသာပြောနေသော်လည်း သူ့မျက်နှာက အသံတွေ ကြားရာဆီသို့ လှမ်းကြည့်ကာ သွေးပျက်မတတ်ဖြစ်နေ၏။ ထို့နောက် သူတို့ထင်ရာမြင်ရာတွေကို တစ်ယောက်တစ်ပေါက်ပြောနေကြသည်။

"ဒါ...တောခွေးတွေ သားကောင်လိုက်ကြတဲ့အသံကွ..."

"မဟုတ်ဘူး မဖြစ်နိုင်ဘူး တောခွေးတွေ သားကောင်လိုက်တာ ဆိုရင် အသံတွေက မြေပြင်ကပဲကြားရမှာ အခုကြားနေရတဲ့အသံတွေက အပင်ကြီးတွေပေါ်က ကြားရတာ..."

ထိုအသံကြီးကြားရာဆီသို့ သူတို့လေးယောက် အထိတ်တလန့်တွေနှင့် မော့ကြည့်နေကြစဉ်တွင် ခင်မာဝေကတော့ တောင်ကုန်းအမြင့်လေးပေါ်မှာ ကျောနိုင်းပြီး ရပ်နေဆဲပင်ဖြစ်၏။ သူ့ပုံစံက တစ်တောလုံးပြိုကျလာသည့် ကြောက်မက်ဖွယ်ရာအသံနက်ကြီးကိုပင် နည်းနည်းမှကြားသည့်ပုံမပေါ်ချေ။

တစ်ခဏအတွင်းမှာပင် ထိုအသံကြီးက သူတို့နှင့် နီးကပ်လာနေပြီး စောစောက ယိမ်းထိုးလှုပ်ရှားနေသော သစ်ပင်ကြီးများ၏ အကိုင်းအခက်တို့ကြားတွင် မြူခိုးမြူငွေ့တွေလို မှိုင်းမှုန်လာ၏။

"ဝေါ...ဝေါ...ဝုန်း..."

ကျယ်လောင်သော မြည်းဟီးသံကြီးတွေက သူတို့ရပ်နေရာ မြေကြီးတွေကို အောက်ခြေမှ တူးဆွနေသလို တဆတ်ဆတ်တုန်ခါနေ၏။

"ဟာ...ဟိုမှာ ဟိုမှာ မဲမဲလုံးလုံးကြီးတွေ..."

သူတို့နှင့် ဝါးလေးငါးပြန်ခန့်အကွာမှ သစ်ပင်ကြီးသစ်ပင်ကြား များတွင် နှင်းခဲလိုလို မြူခိုးမြူငွေ့လိုလို အလုံးအခဲကြီးတွေက ထိုအသံ

www.burmeseclassic.com

www.burmeseclassic.com



ကြီးမြည်ဟီးလာသံဘက်မှ အလိတ်လိုက်လှင့်မျော တက်လာသည်။

"ဒါ...ဒါ တောခြောက်တာ..."

သူတို့ထဲမှ တောတွေတောင်တွေကို နံ့နံ့စပ်စပ်ရှိသည်ဆိုသော စောထူးဝါးက ထင်ရာမြင်ရာကို ပြောသည်။ မိုးကျော်တို့ ဝဏ္ဏအောင်တို့ကလည်း သူတို့ပါးစပ်ထဲရှိရာတွေ ပြောကုန်ကြသည်။

"မဟုတ်မှလွဲရော...နာနာဘာဝတွေ တစ္ဆေသရဲတွေလား မသိဘူး..."

သဇင်ဝင်းတင့်ကလဲ မိုးကျော်တို့ သုံးယောက်ကို အားကိုးတကြီးနှင့်

"ဟင်...ဒါဆို ငါ...ငါတို့ ဘာလုပ်ကြမလဲ..."

သဇင်ဝင်းတင့်၏ အထိတ်တလန့်မေးလိုက်သော အသံနှင့်အတူ သူတို့ရောက်ရှိနေရာ တောတောင်တစ်ဝိုက်လုံးမှာ ရုတ်တရက် အမှောင်အတိကျသွားတော့သည်။

"အား...အား...."

၈၈၈

အခန်း(၄)

ပတ်ဝန်းကျင်တစ်ခုလုံးမှာ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ဖို့မပြောနှင့် ကိုယ့်လက်ကိုတောင် ကိုယ်ပြန်မမြင်ရလောက်အောင် မဲမှောင်နေသည်။ တဝေါဝေါမြည်နေသော အသံကြီးကလဲနားထဲတွင် ပို၍ပို၍ပင် ကျယ်ကျယ်လောင်လောင်ကြီး ကြားနေရ၏။ မည်းမှောင်နေသော ပတ်ဝန်းကျင်ကြီးထဲတွင် သူတို့လေးယောက်မှာ ဘယ်သူတွေဘယ်ကိုရောက်မှန်းမသိကြ တစ်ယောက်နှင့်တစ်ယောက် အော်ဟစ်ခေါ်နေမိကြသည်။

"ပြေးကြ...ပြေးကြ...ဟိုတောင်ကုန်းပေါ်ကို ရောက်အောင် မြန်မြန်ပြေးကြ..."

တသောသောည်နေသည့် အသံဗလံတွေကြားမှ မိုးကျော်၏ အသံက မကြားတစ်ချက်ကြားတစ်ချက်ပင် ဖြစ်နေသည်။ ဝဏ္ဏအောင် စောထူးဝါးနှင့် သဇင်ဝင်းတင့်တို့ သုံးယောက်မှာလဲ ခင်မာဝေရှိနေရာ တောင်ကုန်းအမြင့်လေးဆီသို့ ဒယောသောပါးတွေနှင့် အလအယက် တွေ ပြေးတက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပါအုံး…ငါ့…ငါ့လက်ကို ကူပြီးဆွဲပါအုံး…"

သဇင်ဝင်းတင့်၏အသံက အမှောင်ထဲတွင် သွေးရူးသွေးတမ်းနှင့် ကြားနေရသည်။ သူတို့အုပ်စု ထိုကုန်းမြင့်လေးပေါ်သို့ ပြေးတက်ရာ လမ်းတစ်လျှောက်လုံးမှာလဲ သစ်ပင်သစ်ကိုင်းများနှင့် ခန္ဓာကိုယ်တို့ ရိုက်မိပြီး တဗိုင်းဗိုင်းလဲကျနေကြသည်။

"ဖျောင်း…"

"အား…"

သစ်ပင်သစ်ကိုင်းများ ကျိုးသံပွဲသံနှင့်အတူ သူတို့လေးယောက်၏အောင်ဟစ်သံတွေက ကမ္ဘာပျက်မတတ်ပင် ဖြစ်နေသည်။

မကြာမီ သူတို့လေးယောက်စလုံးမှာ ခင်မာဝေရှိရာတောင်ကုန်းအမြင့်လေးပေါ်သို့ ရောက်သွားကြ၏။ ထိုတောင်ကုန်းအမြင့်ပေါ်ရောက်သည်နှင့် စောစောကမဲမှောင်ပြီး အုံ့ဆိုင်းနေသော ပတ်ဝန်းကျင်ကြီးတစ်ခုလုံးမှာ ဖြုန်းကနဲ ပြန့်လင်းသွား၏။

"ဟာ"

"ဟင်"

အသက်ကိုလုပြီး ရှုနေရာမှ ထိုထူးဆန်းသော မြင်ကွင်း ကြောင့် အားလုံးမှာ အံ့အားသင့်သွားကြသည်။

"ဟာ…ဘယ်လိုလဲ ထူးဆန်းလိုက်တာ…"

တစ်ချိန်ထဲမှာပင် စောစောက တသောသော တစ်ဝေါဝေါ နှင့် ကြားနေရသော ကြောက်မက်ဖွယ်ရာ အသံကြီးမှာလဲ ချက်ချင်း ပင် တိတ်ဆိတ်ငြိမ်သက်သွား၏။ မိုးကျော် ဝဏ္ဏအောင် စောထူးဝါးနှင့် သဇင်ဝင်းတင့်တို့မှာလဲ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်



လိုက်ကြရင်း မှင်သက်နေမိကြသည်။ သူတို့အားလုံးမှာ ဒီတောင်ကုန်းပေါ်သို့ ကြောက်အားလန့်အားတွေနှင့် ပြေးတက်လာခဲ့ရသည့်အတွက် ခြေတွေ လက်တွေ ဒူးတွေ တတောင်တွေက ပွန်းပဲ့ပေါက်ပြဲကုန်ကြ၏။

"အား…ကျွတ်…ကျွတ်"

"ဒါ…ဒါက ဘယ်လိုဖြစ်သွားတာလဲ၊ ငါတို့မြင်လိုက်ရတဲ့ မဲမဲလုံးလုံးမီးခိုးငွေ့တွေ အခုဘယ်ရောက်သွားပြီလဲ"

သူတို့အချင်းချင်း တစ်ယောက်နှင့်တစ်ယောက်ပြန်မေးနေကြ သည့် မေးခွန်းတွေက နဂိုအတိုင်းမပြောင်းလဲပဲရှိနေသည့် ပတ်ဝန်းကျင် ထဲတွင် အဓိပ္ပါယ်မဲ့နေ၏။ သူတို့နှင့်အတူရပ်နေသည့် ခင်မာဝေ လှည့်ကြည့်လိုက်သော်လဲ ခင်မာဝေမှာ တစ်စုံတစ်ရာထူးခြားသည့် အမူအရာ ဖြစ်မနေဘဲ…အေးစက်တည်ငြိမ်နေသည်။

တခဏအတွင်း ဖြစ်ပျက်သွားသည့် အဖြစ်အပျက်က သူတို့လေးယောက်အဖို့ ရှက်စရာကိစ္စတစ်ခုလိုပင် ဖြစ်နေသည်။ ဘယ်ကို ကြည့်ကြည့် နဂိုအတိုင်းပင် သစ်ပင်ကြီးများပေါ်မှ ငှက်မျိုးစုံတို့က တီတီတျာတျာ အော်မြည်နေကြပြီး သဲချောင်းလေးအတွင်းမှ ရေပွက် ရေအိုင်ကလေးများမှာလဲ ကြည်လင်စိမ်းမြနေသည်။ ထိုစမ်းချောင်းလေးဘေးမှ သောင်ပြင်ပေါ်တွင် သူတို့ချထားခဲ့သော ကျောပိုးအိတ်တွေက နဂိုအတိုင်းပင် ရှိနေခဲ့သည်။

"အား…ကျွတ်…ကျွတ်…"

မိုးကျော်က လက်မှ ပွန်းပဲ့နေသော ဒဏ်ရာကို စုတ်တသတ်သတ်ဖြင့် ငြီးတွားလိုက်ရင်း ခင်မာဝေမျက်နှာကို လှမ်းကြည့်လိုက်သည်။ ခင်မာဝေ့ မျက်လုံးတွေထဲမှာတော့ ဒီအဖြစ်အပျက်ကြီး တစ်ခုလုံးကို

www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်နားလည်မှုတွေ အပြည့်ရှိနေတာကို မိုးကျော်က သိလိုက်သည်။

"ကဲ…ငါတို့ရှေ့ဆက်သွားကြမယ်…"

ခင်မာဝေ၏ စကားကြောင့် သူတို့လေးယောက်မှာ ကပျာကယာ ခရီးဆက်ထွက်ဖို့ ပြင်လိုက်ကြသည်။ စောစောက တောင်ကုန်းလေးအောက်တွင် ကျန်ခဲ့သည့် ကျောပိုးအိတ်တွေကိုလဲ ဆင်းပြီး ကောက်ယူလိုက်ကြသည်။ ထို့နောက် ခင်မာဝေ ဦးဆောင်ပြီးခေါ်ရာ ရိုးမတောကြီးအတွင်းသို့ ယိမ်းယိုင်နေသော ခြေလှမ်းတွေနှင့် လိုက်ပါလာခဲ့ကြသည်။

သူတို့အားလုံး၏ စိတ်ထဲတွင်လဲ ဘယ်အချိန်ဘယ်နေရာတွင် မမျှော်လင့်ဘဲ ထပ်တွေ့ရမည့် ထိတ်လန့်ခြောက်ခြားစရာ၊ အဖြစ်တွေကို တွေးရင်း တိတ်ဆိတ်စွာ လိုက်ပါလာခဲ့ကြသည်။

၅

မြေပြင်ပေါ်သို့ တဖျောက်ဖျောက်ကြွေကျနေသည့် သစ်ဆိမ့်သီးများက တိတ်ဆိတ်နေသော တောကြီးအတွင်း ဟိုမှဒီမှ ကြားနေရသည်။ သူတို့၏ ဖိနပ်များအောက်မှာ နင်းမိနေသော ရွက်ကြွေရွက်ခြောက်တွေကလည်း တဂျွမ်းဂျွမ်းအသံမြည်နေကာ ရိုးမတောကြီးအတွင်း ခြောက်ခြားစရာပင် ကောင်းနေသည်။

တစ်ခါတစ်ရံ ထိုအသံများကြောင့် သစ်ပင်ကြီးများပေါ်သို့ လန့်ပြီး ပြေးတက်သွားကြသော ရှဉ့်ငပေါ်များက တကျွတ်ကျွတ်နှင့် အော်မြည်သွားကြသည်။



မိုးကျော်၊ ဝဏ္ဏအောင် စောထူးဝါးနှင့် သဖင်ဝင်းတင့်တို့မှာ သူတို့မကြာသေးခင်အချိန်က ကြုံတွေ့လာသော အဖြစ်အပျက်ဆိုးကြီး ကိုပင် တစ်ယောက်နှင့်တစ်ယောက် ပြန်မပြောဖြစ်ကြ…။ ကိုယ့် အတွေးနှင့်ကိုယ် ဆွေ ဖြစ်နေကြကာ ခြေလှမ်းကျဲကြီးများဖြင့် ဆက်လျှောက်နေမိကြသည်။ သူတို့၏ရှေ့မှ ခင်မာဝေကလဲ တစ်ခါတစ်ရံ ခပ်သုတ်သုတ်လျှောက်လိုက် တစ်ခါတစ်ရံ ရပ်ပြီးဘယ်ညာကို ကြည့်လိုက်ဖြင့် ချုံနွယ်ပိတ်ပေါင်းများကြားတွင် တိုးဝှေ့ပြီးသွားနေသည်။

ချွေးတလုံးသံတလုံးတွေနှင့် လျှောက်လာကြသည့် တောလမ်းခရီးကြောင့် သူတို့အားလုံးမှာ အတော်လေးပင် မောဟိုက်နေကြသည်။ ခန္ဓာကိုယ်မှ ပွန်းပဲ့နေသော ဒါဏ်ရာများမှာလဲ ချွေးများကြောင့် စပ်ဖျင်းဖျင်းတွေ ဖြစ်နေသည်။ ကြာတော့ မိုးကျော်က မနေနိုင်တော့ဘဲ…

သူ့ရှေ့မှ ခင်မာဝေ့ကို မှီအောင် ခြေလှမ်းခပ်သွက်သွက်ဖြင့် လျှောက်သွားပြီး လှမ်းမေးလိုက်၏။

"ငါတို့ အခုဘယ်ကို ဦးတည်ပြီးသွားနေကြတာလဲ…ခင်မာဝေ…"

"ထူးဆန်းတဲ့ နေရာဆီ…"

ခင်မာဝေက နောက်သို့ လှည့်မကြည့်ဘဲ တိုတိုတောင်းတောင်းနှင့် ပြန်ဖြေလိုက်၏။ မိုးကျော်နှင့်အတူ ဝဏ္ဏအောင်တို့ သုံးယောက် မှာလဲ တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်ကြရင်း ခင်မာဝေ၏ စကားကို နားမရှင်းပဲဖြစ်နေ၏။

"ဘာ…ဘယ်လို…ထူးဆန်းတဲ့နေရာ ဟုတ်လား…"

မိုးကျော်ထပ်မေးလိုက်သည့်အမေးကို ခင်မာဝေက မဖြေ…။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မိုးကျော်က ခင်မာဝေနှင့် ဘေးချင်းယှဉ်လျှောက်လိုက်ပြီး

"အဲဒီ ထူးဆန်းတဲ့နေရာဆိုတာ ဘယ်နေရာမျိုးလဲ..."

ဝဏ္ဏအောင် စောထူးဝါးနှင့် သဇင်ဝင်းတင့်တို့ သုံးယောက်မှာလဲ ခင်မာဝေ ပြောနေသော ထူးဆန်းသည့်နေရာဆိုသည်ကို သိချင်နေကြသည်။ ခင်မာဝေကတော့ ဘာတစ်ခွန်းမှ ပြန်မဖြေဘဲ လျှောက်မြဲအတိုင်းသာ ဆက်ပြီးလျှောက်နေသည်။

ခင်မာဝေ၏ မပွင့်တပွင့်နှင့် စရိုက်ကို မိုးကျော်က သိပြီးသားဖြစ်သဖြင့် ဘာတစ်ခွန်းမှ ဆက်ပြီးမေးမနေတော့ဘဲ ခင်မာဝေ သွားရာနောက်သို့ပင် နှုတ်ပိတ်ပြီး လိုက်လာခဲ့သည်။

သူတို့အားလုံး၏ စိတ်ထဲတွင်လည်း ခင်မာဝေပြောသည့် ထူးဆန်းသည့် နေရာက စောစောက သေပြေးရှင်ပြေးပြေးခဲ့ရသည့် နေရာလိုထိတ်လန့်စရာတွေဖြစ်နေမလားဆိုသည့် အတွေးတွေက အလိုလိုနေရင်းခေါင်းထဲကို ရောက်နေကြသည်။

သူတို့လျှောက်လာရာတစ်လျှောက်လုံးမှာ လျှိုများ၊ချိုင့်ဝှမ်းများပေါများရာနေရာဖြစ်ပြီး ထိုလျှိုများချိုင့်ဝှမ်းများကို သစ်ပင်ချုံနွယ်တို့ ကပိတ်ဖုံးနေကြသဖြင့် ဂရုစိုက်ပြီးသွားနေရသည်။ တစ်ခါတစ်ခါ မြင့်မားသောအပင်ကြီးများပေါ်မှ မျောက်များက နွယ်ကြိုးများကို လွဲခိုစီးပြီးတစ်ပင်နှင့်တစ်ပင် ကူးချည်သန်းချည်နှင့် ဆူညံစွာ အော် ဟစ်နေကြသည်။

အတော်ကြာအောင် လျှောက်လာကြပြီးနောက် မိုးကျော်က မောဟိုက်လှသော လေသံဖြင့်

"ဟဲ့ ခင်မာဝေ...နင့်ရဲ့ထူးဆန်းတဲ့နေရာက တော်တော်သွားရအုံးမှာလားဟ"



"ဟောဟိုက လျှိုကြီးတစ်ခုထဲကို ဆင်းပြီး တောင်ကုန်းပေါ်တက်ရင်ရောက်ပြီ..."

☯

လျှိုကြီးတစ်ခုပေါ်မှ ပြန်တက်လိုက်ပြီး တောင်ကပါးကြီးနှစ်ခုကြားသို့ ရောက်သောအခါ...

"ဟော ဒီနေရာပဲ..."

ခင်မာဝေ လက်ညှိုးထိုးပြသည့်နေရာကို အားလုံးက ကြည့်လိုက်ကြသည်။ မြင့်မားသော တောင်ကပါးယံကြီးနှစ်ခုကြားတွင် မှိုမှိုမောက်မောက်ဖြစ်နေသော တောင်ပူစာလေးရှိနေပြီး ထိုတောင်ပူစာလေးပေါ်တွင် အုပ်အုပ်ဆိုင်းဆိုင်းဖြစ်နေသော သစ်ပင်ချုံနွယ်တွေ ကရှုပ်ထွေးများပြားလျက်ရှိနေသည်။

ထိုရှုပ်ထွေးနေသည့် သစ်ပင်ချုံနွယ်တွေကြားမှာတော့...

"ဟင်...မြွေ...မြွေတွေ..."

ရုတ်တရက်လန့်ပြီး အော်လိုက်ကြသည့် အသံတွေက တောင်ကပါးယံကြီးနှစ်ခုကြားမှ ပဲ့တင်ထပ်ပြီး ပြန်ကြားလိုက်ရသည်။ သူတို့အားလုံးထဲမှ ဝဏ္ဏအောင်ကတော့ နီးရာသစ်ပင်တစ်ပင်ကို တွယ်တက်ပြီး အထိတ်တလန့်မျက်လုံးများဖြင့် မြွေတွေကိုကြည့်ပြီး အော်နေတော့သည်။ သဇင်ဝင်းတင့်မှာလဲ မိုးကျော်နှင့် စောထူးဝါးတို့နှစ်ယောက်ကြားသို့ အတင်းတိုးဝင်ပြီး နောက်သို့လှည့်ပြန်ပြေးတော့မည့် အမူအရာဖြစ်နေသည်။

"ဒါ မြွေအစစ်တွေမဟုတ်ဘူး...အင်္ဂတေနဲ့လုပ်ထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



အရုပ်တွေ…”

ခင်မာဝေ၏စကားကြောင့် အားလုံးက မဝံ့မရဲမျက်လုံးများဖြင့် သေသေချာချာကြည့်လိုက်ကြသည်။

ထိုသစ်ပင်ချုံနွယ်များကြားမှ မြွေတွေက အမှန်တကယ်ပင် အင်္ဂတေဖြင့်ပြုလုပ်ထားသည့် မြွေတွေဖြစ်နေသည်။ ထိုမြွေရုပ်တွေက ခါးစောင်းလောက်မြင့်သည့် နှစ်ပေပတ်လည်အကျယ်ရှိသည့် အုတ်တိုင်များပေါ်တွင် ရစ်ခွေပြီး ပါးပြင်းထောင်နေသည့် ပုံတွေဖြစ်နေသည်။ ထိုသို့ မြွေတစ်ကောင်စီပါးပြင်းထောင်နေသော အုတ်တိုင်တွေက ချုံနွယ်များကြားတွင် ဟိုနေရာဒီနေရာတွေ အနှံ့အပြား တွေ့နေရသည်။

“မြွေရုပ်တွေက များလှချေလား…တစ်…နှစ်…သုံး…လေး…ငါး…”

စောထူးဝါးက များပြားလွန်းသော မြွေရုပ်တွေကို လက်ညှိုးထိုးပြီး ပါးစပ်က ရေတွက်ကြည့်နေ၏။ စောစောက အကြောက်ကြောက် အလန့်လန့်နှင့် သစ်ပင်ပေါ်တက်နေသော ဝဏ္ဏအောင်မှာလဲ အခုမှပင် ပြန်ဆင်းလာကာ ထိုမြွေရုပ်တွေနားသို့ တိုးကပ်ပြီး ကြည့်လိုက်သည်။ သဇင်ဝင်းတင့်ကတော့ ပါးပြင်းထောင်ပြီး ရစ်ခွေနေသော မြွေရုပ်တွေကို …

“မြွေတွေကလဲ အရုပ်တွေသာဆိုတယ်။ တကယ့်မြွေအစစ်တွေကျနေတာပဲ။ ကြောက်စရာကောင်းလိုက်တာနော်…”

“ဟုတ်တယ်…အင်္ဂတေတွေက အညီတက်ပြီး နက်မှောင်မှောင်တွေဖြစ်နေတဲ့အပြင် မြွေရဲ့ ပါးပြင်းမှာလဲ ဟောဒီအမှတ်အသားတွေ လုပ်ထားတော့ တကယ့်မြွေဟောက်တစ်ကောင် ပါးပြင်းထောင်



နေသလိုဖြစ်နေတာ…”

မိုးကျော်က အုတ်တိုင်ပေါ်မှာ ရစ်ခွေနေသော မြွေတစ်ကောင်၏ ဦးခေါင်းကို လက်ဖြင့်ပွတ်သပ်လိုက်ပြီး ထိုမြွေရုပ်၏ ပါးပြင်းနေရာမှ အနားသတ်ကွင်းနှစ်ဖက်ပါသော ပဓောက်ပုံ သင်္ကေတကို သူလက်ညှိုးနှင့်တို့ထိပြီး ပြောလိုက်၏။ ထို့နောက် မိုးကျော် ခင်မာဝေဖက်သို့ လှည့်ပြီး

“ဒီမြွေရုပ်တွေက ဒီတစ်နေရာထဲမှာပဲ ဘာဖြစ်လို့အများကြီး ရှိနေတာလဲ…”

“ဒီနေရာဟာ မြွေတစ်ရာဘုရားလို့ခေါ်တယ်”

ခင်မာဝေ၏ တိုတောင်းပြတ်သားလွန်းသော အဖြေကြောင့် အားလုံးက အံ့အားသင့်သွားကြသည်။ သဇင်ဝင်းတင့်က ထိုနေရာပတ်ပတ်လည်ကို ဝေ့ဝိုက်ကြည့်လိုက်ပြီး…

“ဘာ…မြွေဘုရားဟုတ်လား…ဘုရားသာဆိုတယ်…တစ်ဆူမှလဲ ရှိမနေပါလား…”

ထိုစကားကြောင့် ခင်မာဝေမှာ ငေးငေးရီရီဖြစ်သွားပြီး အဝေးတစ်နေရာသို့ လှမ်းပြီး ကြည့်နေရာမှ…

“အဲဒီဘုရားကို လူတိုင်းလွယ်လွယ်နဲ့တော့ ဖူးလို့မရဘူး…၊ ဖူးထိုက်တဲ့သူမှ ဖူးခွင့်ရအောင် ဆိုင်ရာပိုင်ရာတွေက ကွယ်ဝှက်ထားတယ်ပြောတာပဲ…”

မယုံကြည်ပေမယ့် အတိုက်အခံလုပ်ပြီး ငြင်းခုံမနေချင်သည့် မိုးကျော်နှင့် စောထူးဝါးတို့မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပြုံးစိစိတွေ လုပ်နေကြသည်။ ထို့နောက် မြွေရုပ်တွေကို လှည့်ပတ်ကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်ချင်းစီ လိုက်ရေတွက်ကြည့်နေကြသည်။

ထိုမြေရုပ်များရှိနေသည့် နေရာမှာ ဆူးချုံတောများ နွယ်ပင် များနှင့် ရှုပ်ထွေးနေပြီး အမြဲလိုလို နေရောင်ခြည်မရသဖြင့် အောက်ခြေ မြေသားက စိုစိုထိုင်းထိုင်းဖြစ်နေသည်။ ထိုချုံနွယ်များ၏ အောက်ခြေ တွင် ဆွေးမြေ့နေသော သစ်ရွက်ကြွေများ၏ အနံ့က ပုတ်အဲ့အဲ့ကြီး နံနေသည်။

တစ်ချို့နေရာတွင် တောကြီးပင့်ကူတွေက အိမ်ဆောက်ထား သဖြင့် ပင့်ကူမျှင်တွေက မြေရုပ်ထုတွေအပေါ်တွင် ရှုပ်ရှုပ်ထွေးထွေး ကပ်ညိနေ၏။ သဇင်ဝင်းတင့်မှာ ထိုပင့်ကူမျှင်များက သူ့ခေါင်းမှဆံ ပင်တွေနှင့် ကပ်ညိနေသဖြင့် မကြာမကြာ လက်နှင့်သပ်ပြီး ဖယ်နေရသည်။ မိုးကျော်နှင့် စောထူး ဝါးမှာလဲ မြေရုပ်ထုတွေကို တစ်ကောင်ချင်းစီရေတွက်ရင်း သဇင်ဝင်းတင့် တို့နှင့် ခပ်လှမ်းလှမ်းသို့ပင် ရောက်နေသည်။

"ကိုးဆယ့်ခုနစ်…၊ ကိုးဆယ့်ရှစ်…၊ ကိုးဆယ့်ကိုး…ဟာ မြေရုပ်ထုတွေက ကိုးဆယ့်ကိုးကောင်ပဲ ရှိနေပါလား…"

မိုးကျော်၏ ရေတွက်သံနှင့်အတူ စောထူးဝါးမှာလဲ သူရေတွက် လာသည့် မြေရုပ်ထုတွေက ကိုးဆယ့်ကိုးခုမြောက်တွင် ရပ်သွားပြီး

"အေး…ဟုတ်တယ်ကွ…ကိုးဆယ့်ကိုးကောင်ပဲရှိတယ်… တစ်ကောင်က"

ထိုစဉ်…

"အား…၊ ဒီ…ဒီမှာ လူအရိုးတွေ…လူသေရဲ့အရိုးတွေ…"

သွေးပျက်မတတ် အော်ဟစ်လိုက်သည့် သဇင်ဝင်းတင့်၏ အသံ ကြီးကို ကြားလိုက်ရသည်။

မိုးကျော် ဝဏ္ဏအောင်နှင့် စောထူးဝါးတို့မှာလဲ သဇင်ဝင်းတင့်



ရှိရာနေရာဆီသို့ ဒရောသောပါးနှင့် ပြေးသွားလိုက်ကြသည်။

"ဘယ်…ဘယ်မှာလဲ"

သဇင်ဝင်းတင့် ရပ်နေရာနေရာသို့ ရောက်သောအခါ ပုတ်ဟောင် နေသော အနံ့ဆိုးကြီးကြောင့် သူတို့အားလုံးက နှာခေါင်းကို လက်ဖြင့် အလိုလို ပိတ်မိရက်သားတွေ ဖြစ်ကုန်၏။

သဇင်ဝင်းတင့် လက်ညှိုးထိုးပြရာဆီသို့ ကြည့်လိုက်သောအခါ အရိုးခေါင်းဦးခွံတစ်ခုနှင့်အတူ လက်ဖျံရိုးများက သစ်ရွက်ကြွေခြောက်များ ကြားတွင် ပွစာကျဲနေ၏။ ထိုအရိုးစုများကို မိုးကျော်က အသေအချာတိုး ကပ်ပြီး ကြည့်လိုက်၏။

"ဟင်…ဒါလူရိုးမဟုတ်ဘူး…မျောက်တစ်ကောင်ရဲ့ အရိုးတွေပဲ။ သူတို့အချင်းချင်း သတ်ဖြတ်လို့ ဒါမှမဟုတ် တခြားသတ္တဝါ တစ်ကောင် ကောင်က သတ်ဖြတ်ထားလို့ သေနေတာ…"

"မင်းက ဘာကိုကြည့်ပြီး လူရိုးတွေမဟုတ်ဘူးလို့ ပြောနိုင် တာလဲ မိုးကျော်…"

ဝဏ္ဏအောင်က အရိုးစုတွေကို ကြည့်ရင်း မိုးကျော်ကို မေး လိုက်၏။

"ဒီမှာလေကွာ…မျောက်ရဲ့ဦးခေါင်းခွံက ငါတို့လူတွေလိုမဟုတ် ဘူး။ မေးရိုးက ရှေ့ကိုငေါ်ပြီးရှည်ထွက်နေတယ်။ နောက်ပြီး လက်ချောင်း တွေထဲမှာ လက်မကတိုနေပြီး ခါးအောက်ပိုင်းအရိုးအဆစ်တွေက အပေါ်ပိုင်း ထက်စာရင် သိသိသာသာကြီးတိုနေတယ်…"

နှာခေါင်းနှင့် ပါးစပ်ကို လက်နှင့်ပိတ်ပြီး ပြောနေသည့် မိုးကျော်၏ အသံတွေက ဗလုံးဗထွေးတွေနှင့် ဖြစ်နေသည်။ သဇင်ဝင်းတင့်ကတော့

ထိုနေရာပတ်ဝန်းကျင်ကြီးကိုကြည့်ရင်း စိတ်ပျက်လက်ပျက် ဖြစ်နေ၏။ ထို့နောက် ခပ်လှမ်းလှမ်းမှ ခင်မာဝေရှိရာဆီသို့ တစ်ချက် လှမ်းကြည့်လိုက်ပြီး...မိုးကျော်တို့ အုပ်စုကို တိုးတိုးကပ်ပြီး ပြောလိုက်၏။

"ငါတို့ကို ဒီလိုကြောက်စရာကောင်းတဲ့နေရာကြီးကို ခင်မာဝေက ဘာဖြစ်လို့ ခေါ်လာရတာလဲမသိဘူး..."

"ဩော်...နင်ကလဲ ဘာကြောက်စရာရှိလဲ...ဒီမှာလေ မြွေလေးတွေ ပါးပြင်းထောင်နေကြတာ ဘယ်လောက်ထူးဆန်းလဲ...နင်သာ ဒီမြွေတွေနဲ့အတူ ဓာတ်ပုံတွဲရိုက်လိုက်ရင် နင်သိပ်လှမှာ..လာ..လာ..ငါနင့်ကို ဓာတ်ပုံရိုက်ပေးမယ်..."

ဝဏ္ဏအောင်က သဇင်ဝင်းတင့်ကို နောက်သလိုပြောင်သလိုနှင့် သူ့ကျောပိုးအိတ်အတွင်းမှ ကင်မရာကို ထုတ်ပြီး ချိန်လိုက်သည်။ သဇင်ဝင်းတင့်ကလဲ ဓာတ်ပုံသာအရိုက်ခံရမည်ဆိုပါက ဘယ်နေရာ ဘယ်အချိန် ဖြစ်ဖြစ် အဆင်သင့်ဖြစ်နေ၏။

"အေး...ဟုတ်တယ်နော်...ဘာပဲဖြစ်ဖြစ်...အမှတ်တရပေါ့ဟာ... ရိုက်မယ်..."

သဇင်ဝင်းတင့်က သူမ၏ ကျောပိုးအိတ်ကို ပြင်လွယ်လိုက်ရင်းအနီးမှ မြွေရုပ်ထုတစ်ခုနားသို့ တိုးကပ်ကာ ဓာတ်ပုံအရိုက်ခံနေတော့သည်။ ဝဏ္ဏအောင်ကလဲ သဇင်ဝင်းတင့်ကို စိတ်ရှည်လက်ရှည်နှင့် တစ်ပုံပြီးတစ်ပုံ ရိုက်ပေးနေသည်။

ထို့နောက် သဇင်ဝင်းတင့်က အုတ်တိုင်ပေါ်မှ ပါးပြင်းထောင်နေသည့် မြွေ၏နှုတ်ခမ်းနှင့် သူမ၏နှုတ်ခမ်းကို ထိကာ အလမ္ပာယ်ဆရာတစ်ယောက်လို အမူအရာနှင့် ဓာတ်ပုံအရိုက်ခံနေပြန်သည်။ ထိုမြင်ကွင်း



စိုက်ပြီးကြည့်နေသည့် ခင်မာဝေ၏ မျက်လုံးတွေကတော့ မကျေမနပ်တွေနှင့် ဖြစ်နေသည်။

ထိုအချိန်တွင် မိုးကျော်က ခင်မာဝေဖက်သို့လှည့်ပြီး

"ဒီမြွေတွေက တစ်ရာလို့သာဆိုတယ်...ကိုးဆယ့်ကိုးကောင်ပဲရှိတယ်နော်..."

မိုးကျော်စကားကြောင့် စောထူးဝါးကလဲ သူထင်ရာကို ဝင်ပြောလိုက်ပြန်သည်။

"ငါထင်တာကတော့ ကျန်တဲ့တစ်ကောင်က ရာသီဥတုဒဏ်ကြောင့် ပျက်စီးသွားတာပဲဖြစ်ရမယ်..."

သူတို့နှစ်ယောက် ပြောဆိုနေသည့်စကားကို ခင်မာဝေက ခေါင်းတစ်ခါခါနှင့်

"ပျက်စီးသွားတာ မဟုတ်ဘူး...အဲဒီကျန်တဲ့မြွေတစ်ကောင်က သာမန်လူတွေမတွေ့နိုင်တဲ့ နေရာမှာနေတာ..."

"ဟင်"

"ဘာ...ဘယ်လို...သာမန်လူတွေ မတွေ့နိုင်တဲ့နေရာဟုတ်လား"

သူတို့နှစ်ယောက်၏ အံ့သြရေရွတ်လိုက်သံတွေကြောင့် ဓာတ်ပုံရိုက်နေကြသည့် သဇင်ဝင်းတင့်နှင့် ဝဏ္ဏအောင်တို့ကပါ စိတ်ဝင်တစားနှင့် ဖြစ်သွားကြသည်။ ထို့နောက် ခင်မာဝေက

"ဟုတ်တယ်...အဲဒီပျောက်နေတဲ့ မြွေဟာ...ကျန်တဲ့မြွေတွေအားလုံးရဲ့ ဘုရင်ပဲ...၊ အဲဒီမြွေဘုရင်ကို လွယ်လွယ်နဲ့တော့ မတွေ့နိုင်ဘူး..."

စောထူးဝါးနှင့် မိုးကျော်ကလဲ ခင်မာဝေပြောပြနေသည့်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတွေကို တစ်လှည့်စီမေးနေကြပြန်သည်။

"ဒါဆို…အဲဒီမြွေဘုရင်ကို ဘယ်လိုအခြေအနေမျိုးမှာ တွေ့ရတာလဲ…"

ခင်မာဝေက အဝေးတစ်နေရာဆီသို့ လှမ်းကြည့်လိုက်ပြီး…

"အဲဒါတော့ မပြောတတ်ဘူး…ဒါပေမယ့် သေချာတာတစ်ခုကတော့…၊ အဲဒီမြွေဘုရင်နဲ့ မျက်နှာချင်းဆိုင်တွေ့ မိပြီဆိုရင်တော့…အဲဒီအချိန်မှာ ကိုယ်ဖြစ်ချင်တဲ့ ဆုတစ်ခုကို တောင်းလို့ရတယ်…အဲဒီဆုတောင်းက သေချာပေါက်ပြည့်တယ်တဲ့…"

တစ်ချိန်လုံး ခင်မာဝေပြောပြသည့် စကားကို မျက်မှောင်ကျုံ့ပြီး စိတ်ဝင်တစား နားထောင်နေသည့် စောထူးဝါးက

"ဟာ…ဒါဆိုရင်ပွတာပဲ…ငါတော့ အဲဒီမြွေဘုရင်နဲ့တွေ့ရင် ထီပေါက်အောင်ဆုတောင်းမိမှာပဲ…"

မိုးကျော်ကတော့ ထိုစကားကို မယုံတစ်ဝက်ယုံတစ်ဝက်နှင့် ခင်မာဝေနှင့် စောထူးဝါးတို့ကို တစ်လှည့်စီ ကြည့်နေမိသည်။ ခင်မာဝေကတော့ မိုးကျော် သူမကို စိုက်ကြည့်နေသည်ကို သတိပင်မပြုမိဘဲ သူ့စကားကို ဆက်ပြောလိုက်၏။

"ဒါပေမယ့် ဆုတောင်းပြည့်တယ်ဆိုတိုင်း ဝမ်းသာစရာတော့ မဟုတ်ဘူး…"

အားလုံးက ခင်မာဝေပြောလိုက်သော စကားကြောင့် သူမ၏ မျက်နှာဆီသို့ ပြိုင်တူလှမ်းကြည့်လိုက်ကြသည်။ စောထူးဝါးက

"ဟင်…ဘာဖြစ်လို့လဲ…"

"အဲဒီဆုတောင်းပြည့်ပြီးတာနဲ့…သိပ်မကြာခင်အချိန်မှာပဲ အဲ



ဒီလူဟာ မြွေကိုက်ခံရပြီး သေတတ်တယ်…"

ခင်မာဝေ၏ တစ်လုံးချင်း လေးလေးမှန်မှန်ပြောလိုက်သော စကားကြောင့် အားလုံးက တုန်လှုပ်ချောက်ချားသွားကြသည်။

"ဟင်"

"ဘာ"

ထိုစကားကို နားစွန်နားဖျားကြားလိုက်သော ဝဏ္ဏအောင်နှင့် သဇင်ဝင်းတင့်တို့မှာလဲ အနားသို့ တိုးကပ်လာကြကာ…တွေတွေဝေဝေ ဖြစ်ကုန်ကြသည်။ မိုးကျော်က တစ်ခြားတစ်ဖက်သို့ လှည့်ကာ ခင်မာဝေ ကြားအောင်ပင် တမင်ပြောလိုက်သည်။

"မဖြစ်နိုင်ပါဘူး…ယုံတမ်းပုံပြင်တွေပါကွာ…၊ ဒါမျိုးတွေဆိုတာ…ဦးနှောက်သုံးပြီး ချင့်ချိန်ရတဲ့ ကိစ္စတွေပါ…ငါတော့ လက်မခံဘူး…"

ခင်မာဝေကတော့ မိုးကျော်၏ စကားကို ဘာတစ်ခွန်းမှ ပြန်မပြောတော့ဘဲ သူတို့အုပ်စုအနားမှ လှည့်ထွက်သွားသည်။ တစ်ခဏအတွင်းမှာ ပတ်ဝန်းကျင်တစ်ခုလုံး ချောက်ချားစရာကောင်းအောင်ပင် တိတ်ဆိတ်သွားပြီး သူတို့အားလုံးမှာလည်း စကားသံတွေကို တိုးတိတ်သွားကြသည်။ အတော်ကြာမှ ဝဏ္ဏအောင်က သဇင်ဝင်းတင့်အနားသို့ တိုးတိုးလေးကပ်ပြီး မေးလိုက်၏။

"ဟဲ့ သဇင်…နင်ကော အဲဒီမြွေဘုရင်နဲ့တွေ့ရင် ဘာဆုတောင်းမှာလဲ…"

"တော်စမ်းပါ…အရေးထဲမှာ နင်ကလဲ…"

မျက်စောင်းထိုးရင်း ပြန်ပြောလိုက်သည့် သဇင်ဝင်းတင့်က

www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်းမှ ခင်မာဝေကိုလဲ မကျေမနပ်နှင့် လှမ်းပြီး ကြည့်လိုက်သည်။

တကယ်တော့ သူတို့အားလုံး၏ စိတ်အာရုံတွေထဲတွင် ပျောက်ဆုံးနေသည့် မြွေတစ်ကောင်က အရိပ်တစ်ခုလို ကပ်ညိနေတော့သည်။

ထိုစဉ်မှာပင်…

''ရှီး…ရှီး…ရှီး…''

''ရှီး…ရှီး…ရှီး''

သူတို့နှင့် မလှမ်းမကမ်းနေရာများဆီမှ မြွေတွန်သံတွေကို အဆက်မပြတ်ကြားလိုက်ရသည်။ သူတို့အားလုံးမှာလည်း တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြရင်း…

''ဒါ…ဒါ မြွေတွန်သံတွေ…ဟုတ်တယ် မြွေ…မြွေတွန်သံတွေ…''

စောထူးဝါး၏ ပြူးပြူးပျာပျာ ဖြစ်နေသော အသံတွေက တုန်ယင်နေ၏။ တစ်ချိန်တည်းမှာပဲ မိုးကျော်ကလဲ ခင်မာဝေပြောပြသည့် အကောင်တစ်ရာမြောက်မြွေက သူတို့ထံသို့ လာနေပြီလားဟူ၍ တွေးလိုက်မိလေသည်။

မြင့်မားသော ကုန်းရိုးတန်းကြီးတွေက သူတို့၏နောက်တွင် မှိုင်းပြာပြာနှင့်ဝေးပြီး ကျန်ခဲ့၏။ ခြေကုန်လက်ပန်းကျနေသော သူတို့၏ ခန္ဓာကိုယ်တွေက ယိမ်းယိုင်ပျော့ခွေနေကြပြီး ကျောပေါ်တွင် လွယ်ပိုးထားရသည့် ကျောပိုးအိတ်တွေက လေးလံလွန်းနေသည်။ မြွေတွန်သံတွေက တဖြည်းဖြည်းသူတို့နှင့်ဝေးပြီး ကျန်ခဲ့သော်လဲ နားထဲတွင် ဟိုမှဒီမှ တရှီးရှီးနှင့်



ကြားနေရသလို ထင်မိနေကြသည်။

မကြာမီ…

ထင်ယောင်ထင်မှားတွေကြားနေရသည် မြွေတွန်သံတွေကြားတွင် ဖြည်းညှင်းစွာ စီးကျနေသည့် တောင်ကျရေတံခွန်တွေ၏အသံက ပီပီပြင်ပြင်ကြားလာရသည်။ ထိုနေရာသို့ ရောက်သောအခါ ခင်မာဝေက

"ကျောက်အိုးကြီးဆိုတဲ့ နေရာကဒီနေရာပဲ…"

ပင်ပင်ပန်းပန်းနှင့် တစ်လမ်းလုံးမရပ်မနားပဲ လျှောက်လာခဲ့ရသည့်အတွက် သူတို့အားလုံးမှာ ထိုနေရာသို့ရောက်သော်လဲ အားရ ဝမ်းသာတွေနှင့်ပင် မအော်နိုင်မဟစ်နိုင်ကြတော့။ ခြေပစ်လက်ပစ်ရွေ နှင့် နားကြတော့သည်။

မိုးကျော်က မြင့်မားသော ကျောက်ကပါးယံကြီးဆီမှ တသွင်သွင်စီးကျနေသော ရေတံခွန်အသေးစားလေးများကိုကြည့်ပြီး

''ဒီနေရာကို ကျောက်အိုးကြီးလို့ ဘာဖြစ်လို့ခေါ်တာလဲ ခင်မာဝေ''

ရေညှိရေမှော်များတက်နေသော စိမ်းဖန့်ဖန့်ကျောက်ဖျာကြီးပေါ် ခြေပစ်လက်ပစ်တွေနှင့် ထိုင်နေကြသည့် ဝဏ္ဏအောင်တို့အုပ်စုမှာလဲ အခုလိုထူးဆန်းသည့် ကျောက်အိုးကြီးဆိုသည့် နေရာကို စိတ်ဝင်တစားနှင့် ဖြစ်နေကြသည်။ ခင်မာဝေက ကျောက်ကြိုကျောက်ကြားမှ စီးကျနေသည့် ရေမှုန်ရေမွှားတွေကိုကြည့်ရင်း

''မိုးတွင်းဖက်မှာ ဒီတောင်ကြောကြီးပေါ်က စီးကျလာတဲ့ တောင်ကျရေတွေက ရေတံခွန်တွေဖြစ်ပြီး တောင်ရဲ့အောက်ခြေက ကျောက်လွှာကျောက်ချပ်ကြီးတွေအပေါ် အရှိန်ပြင်းပြင်းနဲ့ ကျလာတယ်…၊ အဲဒီလိုနှစ်

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းများစွာကတည်းက ကျဆင်းလာတဲ့ ရေတံခွန်ရဲ့ အရှိန်တွေကြောင့် အောက်ခြေကျောက်သားတွေက ချိုင့်ခွက်ကြီးတွေဖြစ်ပြီး ကျန်ခဲ့တယ်။ အဲဒါကြောင့် ချိုင့်ခွက်ကြီးတွေဟာ အခုလို နွေရာသီလိုမျိုးမှာတောင် ရေတွေပြည့်နေတဲ့ ရေတွင်းကြီးလိုဖြစ်နေကြတာ…၊ အဲဒီလိုရေတွင်းကြီးတွေဟာ အိုးပုံစံကြီးတွေဖြစ်နေလို့ ဟောဒီနေရာကို ကျောက်အိုးကြီးလို့ခေါ်ကြတာ…"

ခင်မာဝေရှင်းပြနေသည့်စကားကြောင့် သူတို့အုပ်စုမှာ ဖြည်းညှင်းစွာကျနေသော ရေတံခွန်များ၏ အောက်ခြေမှ ရေညှိတက်နေသော ကျောက်ဖျာကြီးများကို ကြည့်လိုက်ကြသည်။ ထိုကျောက်ဖျာကြီးများ ၏ မျက်နှာပြင်တွင် ရေပြည့်နေသော ရေတွင်းကြီးများဖြစ်နေကာ ထိုရေတွင်းကြီးများမှာ တစ်ခုနှင့်တစ်ခုနီးကပ်စွာရှိနေကြသည်။ ထို့နောက် ခင်မာဝေထပ်ပြီး ပြောပြသည့်စကားအရ ထိုရေပြည့်နေသော ကျောက်ရေတွင်းကြီးများထဲသို့ ခြေချော်လက်ချော်ဖြင့် ပြုတ်ကျသွားလျှင် ပြန်တက်နိုင်ရန်မလွယ်ကြောင်း သိလိုက်ရပြီး သူတို့အုပ်စုမှာ နောက်သို့ ခြေလှမ်းအနည်းငယ်ပင် ဆုတ်မိလိုက်ကြသည်။

ထိုကျောက်ဖျာမျက်နှာပြင်ပေါ် နင်းလျှောက်နေကြသည့် သူ တို့၏ ခြေထောက်များမှာပဲ ရေညှိများကြောင့် ဟန်ချက်မပျက်အောင် မနည်းထိန်းနေရသည်။

"ကဲ…သဇင် နင့်ဘကြီးပြောတဲ့ ကျောက်အိုးကြီးဆိုတဲ့နေရာက သာယာတယ်ဆိုတာ ဒါအကုန်ပဲလားဟ…"

ဝဏ္ဏအောင်က စပ်ဖြီးဖြီးအမူအရာဖြင့် သဇင်ဝင်းတင့်ကို လှမ်းပြီး နောက်နေသည်။ ကျန်မိုးကျော်တို့ စောထူးဝါးတို့မှာလဲ…သဇင်ဝင်းတင့်ကို ပြောင်ချင်နောက်ချင်သည့်စိတ်တွေနှင့်



"ကဲ ကဲ…ဘာပဲပြောပြော ဟောဒီလိုသာယာတဲ့ ကျောက်အိုးကြီးမှာ…ငါတို့အမှတ်တရအနေနဲ့ ထမင်းချက်စားကြမယ်…"

ပြောပြောဆိုဆို စောထူးဝါးက တစ်လမ်းလုံးသူအလေးခံပြီး လွယ်ပိုးလာရသည့် ကျောပိုးအိတ်အတွင်းမှ အိုးခွက်ပန်းကန်များကို ထုတ်ကာ ထမင်းချက်ဖို့လုပ်တော့သည်။ သဇင်ဝင်းတင့်ကတော့ သူမ၏ ဝါသနာအတိုင်း ကင်မရာတစ်လုံးကိုင်ကာ မြင့်မားသော ရေတံခွန်မှ စီးကျလာနေသည့် ရေစီးကြောင်းများကို တစ်ဖျတ်ဖျတ်နှင့် ဓာတ်ပုံရိုက်နေ၏။

သူတို့နှင့် မလှမ်းမကမ်းမှ ကျောက်ဆောင်ကြီးပေါ်တွင် ဘာစကားတစ်ခွန်းမှ မပြောဘဲ အေးဆေးတည်ငြိမ်စွာ မတ်တတ်ရပ်နေသည့် ခင်မာဝေ၏ အတွေးတွေကတော့ …အဝေးတစ်နေရာဆီမှာ ဖြစ်နေသည်။

သူတို့အဖွဲ့ကျောက်အိုးကြီးဆီမှ ထမင်းစားပြီး ပြန်လှည့်ထွက်လာခဲ့ကြသည့်အချိန်မှာ မွန်းတည့်နေက သူတို့၏ ခေါင်းများပေါ်သို့ တည့်တည့်ကြီး ကျနေပြီဖြစ်သည်။ သို့သော်…မြင့်မားသော သစ်ပင်ကြီးတွေက အုံ့ဆိုင်းနေကြသဖြင့် အစိမ်းရောင်ရေညှိတွေတက်နေသည့် ကျောက်ဖျာကြီးများပေါ်တွင် နေရောင်က ဟိုတစ်ပျောက်ဒီတစ်ပျောက်သာကျနေ၏။

ထိုစဉ် သူတို့၏ နောက်ကျောဆီမှ အသံတစ်ခုကို ကြားလိုက်ရ၏။

"ဘုတ်"

သူတို့အားလုံး၏ မျက်လုံးတွေက ထိုအသံကြားရာဆီသို့ ပြိုင်တူ လှည့်ကြည့်လိုက်ကြသည်။

"ဟင်…မြွေ…မြွေကြီး…"

www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ဝါးပင်များပေါ်များရာ အမြင့်တစ်နေရာမှ အရှိန်နှင့်ပြုတ်ကျလာသည့် မြွေကြီးတစ်ကောင်က ဝါးတစ်ရိုက်အကွာလောက်မှာ ပါးပြင်ထောင်ပြီး သူတို့အုပ်စုကို စိမ်းစိမ်းကြီးစိုက်ကြည့်နေ၏။ စောထူးဝါးက ချက်ချင်းဆိုသလို သစ်ကိုင်းခြောက်တစ်ခုကို ကောက်ယူပြီး ထိုမြွေကြီးကို ရိုက်ရန်အသင့်ပြင်လိုက်သည်။ တစ်ချိန်ထဲမှာပင် သူ့မျက်လုံးများကလဲ ဘာရယ်မဟုတ်ပဲ ခင်မာဝေဖက်သို့ လှည့်ကြည့်လိုက်၏ ခင်မာဝေက မကျေမနပ်များလုံးများဖြင့် ပြန်စိုက်ကြည့်နေရင်း လေသံခပ်ပြတ်ပြတ်နှင့် ပြောလိုက်သည်။

''ကဲ...ငါတို့ဒီက မြန်မြန်လှည့်ပြန်မှကောင်းမယ်''

ခင်မာဝေ၏စကားနှင့် မျက်နှာရိပ်မျက်နှာကဲကြောင့် စောထူးဝါးက သူ့လက်ထဲမှ သစ်ကိုင်းခြောက်ကို မြွေကြီးပေါ်သို့ ပြန်ပစ်ချလိုက်၏။ မိုးကျော် ဝဏ္ဏအောင်နှင့် သဇင်ဝင်းတင့်တို့မှာလည်း ခင်မာဝေနှင့်စောထူးဝါးတို့၏ မျက်နှာကို တစ်လှည့်စီကြည့်ရင်း ဘာစကားမှ မပြောဖြစ်ကြ။ သူတို့နှင့် ခပ်လှမ်းလှမ်းမှ မြွေကြီးမှာလဲ ပါးပြင်ထောင်လျက် စိုက်ကြည့်နေပြီး ခေါင်းတစ်ယမ်းယမ်းနှင့် ဖြစ်နေ၏။

''လာပါ စောထူးဝါးရာ...ငါတို့နေမစောင်းခင် မြို့ကိုပြန် ရောက်အောင်သွားရမှာ ခရီးကအဝေးကြီးလိုသေးတယ်။ ''မိုးကျော်က မြွေကို ပေစောင်းစောင်း ပြန်ကြည့်နေသည့် စောထူးဝါး၏ လက်မောင်း ကိုဆွဲကာ လှည့်ပြန်ကြဖို့ပြောနေ၏။ စောထူးဝါးက မိုးကျော်ဆွဲခေါ်ရာနောက်သို့ လိုက်ပါလာရင်း ပါးစပ်က ဗျစ်တီးဗျစ်တောက်တွေ ပြောဆိုနေ၏။

''ငါတို့ ထမင်းမစားခင်ကသာ အဲဒီမြွေကိုတွေ့ရင်တော့လား



...၊ မင်းတို့ မြွေသားဟင်းကောင်းကောင်းစားရမှာသေချာတယ်ကွ...''

''တော်စမ်းပါ စောကြီးရာ...မင်းစကားသာ ဟိုမယ်မင်းကြီး မခင်မာဝေကြားရင် သူ့ရဲ့ဒေသနာတော်တွေ ထပ်ကြားနေရပါအုံးမယ်...''

ဝဏ္ဏအောင်က ရှေ့ဆုံးမှသွားနေသည့် ခင်မာဝေမကြားအောင် စောထူးဝါးကို ပြောလိုက်၏။ ထို့နောက် သူတို့အုပ်စုမှာ လာရာလမ်းအတိုင်း ခြေလှမ်းခပ်သွက်သွက်တွေနှင့် ပြန်လျှောက်လာကြသည်။ ရှေ့သို့ လေးငါးဆယ်လှမ်းခန့်လျှောက်သွားကြပြီး နောက်သို့ ပြန်လှည့် ကြည့်လိုက်ကြသောအခါ...

စောစောက ပါးပြင်ထောင်ပြီး သူတို့ကို စိုက်ကြည့်နေသည့် မြွေကြီးပျောက်မလှပျောက်သွားတော့သည်။

''ဟင်...''

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

“ဘယ်နှယ်လဲကွ…ရိုးမတောကြီးထဲ တော်တော်နှံ့ခဲ့ကြရဲ့လား…”

ပြန်ရောက်သည်နှင့် ဘကြီးစော၏ နှုတ်ဆက်စကားကို ကြားလိုက်ရသည်။ ဘကြီးစော၏ ထမင်းဆိုင်က အဝေးပြေးလမ်းမကြီးဘေးတွင် ဖြစ်သဖြင့် အခုလိုမိုးချုပ်စအချိန်တွင် နယ်မှ ကုန်တင်ကားကြီးများက ထမင်းစားရပ်နားကြပြီး လူစည်ကားနေ၏။ မိုးကျော်တို့အုပ်စု မှာလည်း… ကျောပိုးအိတ်တွေကို နီးရာလွတ်နေသည့် ထမင်းစားပွဲဝိုင်းတွေပေါ် ချွတ်ပြီးပစ်တင်လိုက်ကြသည်။

“နှံ့တာတော့ ပြောမနေပါနဲ့ ဘကြီးစောရာ…ခြေကိုတိုနေတာပဲ…”

မိုးကျော်က ချွေးတွေသံတွေနှင့် ညစ်ပတ်နံစော်နေသည့် သူ့အင်္ကျီကိုချွတ်ရင်း ပြန်ပြောလိုက်သည်။ ခင်မာဝေကတော့ ဘကြီးစောတို့ ထမင်းဆိုင်သို့ ပြန်ရောက်သည်နှင့် ထမင်းစားလာနားကြသော ကားသမား



ကြီးများ၏ ထမင်းဝိုင်းသို့ လိုအပ်သည့် ဟင်းပန်းကန်နှင့် ရေနွေးကြမ်းအိုးတို့ကို ချပေးနေ၏။ ဘာပဲပြောပြော အခုလို ပင်ပင်ပန်းပန်းနှင့် တောလမ်းခရီးတွေကို သူတို့နှင့်အတူ လျှောက်လာခဲ့ရသော်လည်း ခင်မာဝေက မောသည့်ပန်းသည့်ပုံစံ တစ်စက်ကလေးမှ ဖြစ်မနေဘဲ သူမလုပ်နေကျအလုပ်တွေကို ဝင်လုပ်နေရပြန်သည်။ ဒါကို မိုးကျော်က လှမ်းကြည့်ပြီး သူမကို သနားနေမိပြန်သည်။

“ခင်မာဝေကို မြင်ရတာ စိတ်မကောင်းစရာပဲ…၊ တက္ကသိုလ်တက်ဖို့ ဝိုက်ဆံရှာနေရတာ သူ့အတွက်ပင်ပန်းလိုက်တာ…နောက်ပြီး မိန်းကလေးဖြစ်ပေမဲ့ သဖင်ဝင်းတင့်တို့လို အလှအပမက်ပြီး ဘဝင်မြင့်နေတဲ့စိတ်တွေလဲ သူ့ခမျာမရှိရှာဘူး…၊ အင်းလေ ဒါကြောင့်မို့လဲ ဘကြီးစောက သနားပြီး သူ့ဆိုင်မှာ ခေါ်ခိုင်းထားတာပေါ့…”

ဘကြီးစောက-

“ကဲ…ငါ့လူတို့ ရေမိုးချိုးပြီးရင် ထမင်းတစ်ခါထဲစားကြဟေ့…မင်းတို့ကြိုက်တဲ့ ချေသားဟင်းချက်ထားတယ်…”

ဘကြီးစောက မိုးကျော်တို့ကို စကားပြောတိုင်း ‘ငါ့လူတို့’ ‘ဆရာသမားတို့’ ဟု ခင်ခင်မင်မင် နောက်ပြောင်ခေါ်လေ့ရှိပြီး ရယ်စရာမောစရာတွေကို ကြံဖန်ပြီး ပြောလေ့ရှိသည်။ အခုလဲ မိုးကျော်တို့ ကြိုက်သည့် ချေသားဟင်းကို ဆိုင်တွင်မရောင်းဘဲ သက်သက်ချန်ထားပြီး ကျွေးနေခြင်းဖြစ်၏။

“ဘကြီးစောကလဲဗျာ ချေသားက ဒီတိုင်းမကောင်းဘူးဗျ…ဘာလေးညာလေးနဲ့မှ လိုက်တာ…ဟား ဟား ဟား”

ဝဏ္ဏအောင်က သူ့ပါးစပ်ကို လက်မနှင့်သုတ်ပြီး အရုပ်ဆိုးသောတ်

www.burmeseclassic.com

www.burmeseclassic.com



သလို တွေသောက်ပြုလိုက်၏။ သဇင်ဝင်းတင့်နှင့်အတူ မိုးကျော်တို့ စောထူးဝါးတို့က ဝဏ္ဏအောင်ကို မျက်စောင်းလှမ်းထိုးလိုက်ကြသည်။

ထိုစဉ်…ဘကြီးစော၏ ထမင်းဆိုင်အတွင်းသို့ မိုးကျော်တို့အရွယ် လူငယ်တစ်ယောက်ဝင်လာ၏။ ထိုလူငယ်မှာ ဝဖိုင့်ဖိုင့်နှင့်ဖြစ်ပြီး အရပ်အမောင်းက ပုပြတ်ပြတ်နှင့် ဖြစ်သည်။ သူ့မျက်နှာတစ်ခုလုံးမှာ ဆိုင်အတွင်းသို့ လှမ်းဝင်လာသည်နှင့် ပြုံးဖြဲဖြဲအမူအရာနှင့် ဖြစ်နေပြီး သူ့နှုတ်ခမ်းများ၏အပေါ်တွင် ခပ်ရေးရေးဖြစ်နေသော နှုတ်ခမ်းမွှေးများက ကျိုးတိုးကျဲတဲနှင့် ရှိနေ၏။

ဘကြီးစောက ထိုလူငယ်ကို မြင်လိုက်သည်နှင့် ရင်းရင်းနှီးနှီး လေသံဖြင့် နှုတ်ဆက်လိုက်၏။

"ဟ ကောင်ဖြိုးကြီး…ရန်ကုန်က ဘယ်နေ့က ပြန်ရောက်တာလဲကွ…မင်းနှယ်ကွာ ရန်ကုန်သွားတာတောင် ငါ့ကို နည်းနည်းပါးပါး အသိပေးဖော်မရဘူး…"

"မဟုတ်ဘူး ဘကြီးစောရေ၊ ကျွန်တော်လဲ ကျောင်းကိစ္စနဲ့ ဆိုတော့ ချက်ချင်းသွား ချက်ချင်းပြန်ပဲ…၊ ဘယ်မှတောင် မရောက်ခဲ့ပါဘူး ဘကြီးစောရာ…"

ထိုလူငယ်က ပြောပြောဆိုဆို မိုးကျော်တို့ တစ်သိုက်ကိုလဲ မျက်လုံးဝေ့ပြီး ကြည့်လိုက်၏။ သူ့မျက်လုံးတွေက လူရည်လယ်သည့် မျက်လုံးတွေလို အရောင်လက်နေသည်။ ဒါကို လူငယ်တွေ အထာ သိသော ဘကြီးစောက…

"ဩော်…အေး…မင်းနဲ့ မိတ်ဆက်ပေးရအုံးမယ်…သူတို့တွေက ရန်ကုန်မှာ ကျောင်းသွားတက်နေတဲ့ ငါ့မြေး သဇင်ဝင်းတင့်ရဲ့ သူငယ်ချင်းတွေလေ…၊ သူတို့လဲ…မင်းတို့ ခင်မာဝေတို့လိုပဲ ဒီနှစ်



တက္ကသိုလ်တွေ ဖွင့်ရင် စပြီးတက်ရမဲ့ ကျောင်းသားတွေပေါ့…"

ထိုလူငယ်က ဘကြီးစော မိတ်ဆက်ပေးလိုက်သည်နှင့် မိုးကျော်တို့ တစ်ယောက်ချင်းစီကို ပြုံးပြီး ခေါင်းငြိမ့်ရင်း ပြန်နှုတ်ဆက်လိုက်သည်။ ဘကြီးစောက မိုးကျော်တို့ဖက်ကို တစ်လှည့်ကြည့်ကာ။

"ဒါက…ကိုယ့်လူတို့လိုပဲ။ ဒီနှစ် ရန်ကုန်မှာ တက္ကသိုလ်သွားတက်မဲ့…ဖြိုးမောင်မောင်တဲ့ ခင်မာဝေတို့ သူငယ်ချင်းပေါ့…"

ဖြိုးမောင်မောင်၏ မျက်နှာကို အားလုံးကပြုံးကြည့်ပြီး နှုတ်ဆက်လိုက်ကြသည်။ ထို့နောက် ဘကြီးစောက သူ့မြေး သဇင်ဝင်းတင့်၏ ဘေးသို့ လျှောက်လာပြီး ပခုံးကိုလှမ်းကိုင်ကာ ဖြိုးမောင်မောင်ကို

"ဒါကတော့ ဘကြီးစောရဲ့မြေး သဇင်ဝင်းတင့်တဲ့…၊ သူက ငယ်ငယ်ကတည်းက ရန်ကုန်မှာ နေတော့ မင်းသိမှာမဟုတ်ပါဘူး…"

သဇင်ဝင်းတင့်ကို ခြေဆုံးခေါင်းဖျား စိုက်ကြည့်နေသည့် ဖြိုးမောင်မောင်၏ မျက်လုံးတွေကို မိုးကျော် ဝဏ္ဏအောင်နှင့် စောထူးဝါးတို့က မသိမသာ အကဲခတ်ကြည့်လိုက်ကြသည်။ ထို့နောက် ဖြိုးမောင်မောင်က အားလုံးကို ဝေ့ယမ်းကြည့်လိုက်ရင်း မေးလိုက်၏။

"ဘယ်လိုလဲ…မြို့မြို့က ပျော်စရာကောင်းရဲ့လား…၊ ဒီမှာတော့ ရန်ကုန်လိုကားတွေ တဝီဝီနဲ့မဟုတ်တော့ မျက်စိရှုပ်တော့ သက်သာမှာပေါ့…အဲ ဒါပေမယ့် ဒီမှာကတော့ ဆိုင်ကယ်တွေက မျက်စိနောက်အောင်တော့ ပေါတယ်…"

"အဟင်းဟင်း…မဆိုးပါဘူး…၊ အခုလို နယ်မြို့လေးတွေကိုရောက်တော့လဲ အရသာက တမျိုးစီပေါ့ကွာ…ပျော်စရာ ကောင်းပါတယ်…"

www.burmeseclassic.com

www.burmeseclassic.com



အားလုံးထဲမှ အသွက်လျာသွက်ဖြစ်သူ ဝဏ္ဏအောင်က ရယ်ကာမောကာနှင့် ဖြိုးမောင်မောင်ကို အလိုက်အထိုက်ပင် ပြန်ပြောလိုက်သည်။ ဘကြီးစောက ငွေရှင်းကောင်တာနောက်မှ ကုလားထိုင်တွင်ဝင်ထိုင်ရင်း...

"သူတို့တွေတောင် အခုပဲ ရိုးမတောကြီးထဲက ပြန်ရောက်လာကြတာလေ...တို့ဆီမှာတော့ ရန်ကုန်သားတွေကို ထူးထူးခြားခြား အလည်အပတ် ခေါ်စရာဆိုလို့ ရိုးမတောကြီးပဲ ရှိတာကိုးကွ"

"ဩော်...ဟုတ်လား...ရိုးမတောကြီးဆိုတော့ ဘယ်အထိ ဝေးဝေးရောက်ခဲ့ကြလဲ..."

"ဘကြီးစောပြောတဲ့ ရိုးမတောင်ပေါ်က ကျောက်အိုးကြီးဆိုတဲ့ နေရာအထိတော့ ရောက်ခဲ့တယ်ကွ။ နေချင်းပြန်ဆိုတော့ ခပ်သုတ်သုတ်သွားပြီး ခပ်သုတ်သုတ်ပဲ ပြန်လာခဲ့ရတာ ပေါ့...၊ နောက်ပြီး ငါတို့ကို အလုပ်ပျက်ခံပြီး လိုက်ပို့တဲ့ ခင်မာဝေကိုလည်း အားနာနေရသေးတယ်လေ"

မိုးကျော်၏ စကားကြောင့် ခပ်လှမ်းလှမ်းမှ ခင်မာဝေ့ကို ဖြိုးမောင်မောင်က တစ်ချက်လှမ်းပြီး ကြည့်လိုက်၏။ ထို့နောက် ဝဏ္ဏအောင်က

"ပြောသာပြောရတာပါ...၊ ငါတို့သွားခဲ့တဲ့ ရိုးမတောကြီးထဲက ... မြွေတစ်ရာဘုရားလို ထူးဆန်းတဲ့နေရာတွေဆိုရင် ခင်မာဝေခေါ်မသွားရင် ဒီတစ်သက်ဘယ်လိုမှ ရောက်ဖူးမှာ မဟုတ်ဘူး..."

"ဘာ...မြွေတစ်ရာဘုရား ဟုတ်လား..."

ဝဏ္ဏအောင်၏ စကားကြောင့် ဖြိုးမောင်မောင်မှာ အံ့သြထိတ်လန့်သွားသည့် အမူအရာနှင့် ခင်မာဝေကို ပါးစပ်အဟောင်းသားနှင့်



ကြည့်လိုက်သည်။ သူမျက်လုံးတွေကလဲ ထိုနေရာဆီသို့ ဦးဆောင်ခေါ်သွားသည့် ခင်မာဝေ့ကို အပြစ်တစ်စုံတစ်ရာ ကျူးလွန်ခဲ့သူ တစ်ယောက်လို မျက်မှောင်ကျုံ့ကာ ကြည့်နေ၏။

ဖြိုးမောင်မောင် စိုက်ပြီးကြည့်နေသည့် မျက်လုံးများ၏အောက်တွင် ခင်မာဝေ၏ မျက်နှာမှာသိသိသာသာကြီး ပျက်သွား၏။ ထို့နောက် ဖြိုးမောင်မောင်က တစ်ခဏအတွင်းမှာပင် သူ၏အံ့သြထိတ်လန့်သွားသည့် အမူအရာကို ချက်ချင်းပြင်ရင်း မိုးကျော်တို့ကို စကား ရောဖောရောနှင့် ပြောလိုက်သည်။

"ဒီရိုးမတောကြီးထဲမှာ ကိုယ်မတွေ့ဘူးတာ မမြင်ဘူးတာ မှန်သမျှအားလုံးကတော့ အသစ်အဆန်းတွေ ဖြစ်နေကြမှာပေါ့...၊ ကဲ ကဲ ငါလဲကိစ္စရှိလို့ ပြန်လိုက်အုံးမယ်။ မင်းတို့လဲ ပင်ပန်းလာကြ တာဆိုတော့ အေးအေးဆေးဆေး နားကြအုံး...မနက်ဖြန်မှပဲ ပြန်ဆုံကြတာပေါ့..."

ပြောပြောဆိုဆို ဖြိုးမောင်မောင်က ဘကြီးစောကိုပါနှုတ်ဆက်ပြီး ဆိုင်အတွင်းမှ လှည့်ထွက်သွားသည်။ မိုးကျော်တို့ အားလုံးမှာလဲ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ရင်း ဖြိုးမောင်မောင်၏ ကျောပြင်ကို ငေးကြည့်ပြီး ကျန်နဲ့ခဲ့ကြသည်။ ခင်မာဝေကတော့ တွေတွေငိုင်ငိုင်ဖြစ်နေသည့် မျက်လုံးများဖြင့် သူမ၏ ရှေ့စားပွဲခုံပေါ်မှ လက်သုတ်ပုဝါတစ်ထည်ကို အကြောင်းမဲ့ ဆုတ်ကိုင်ဖြစ်ညှစ်နေ၏။

ထိုနေ့ည တစ်ညလုံးတော်တော်နှင့် အိပ်မပျော်နိုင်အောင် ဖြစ်နေသည့် မိုးကျော်၏အတွေးတွေက ရိုးမတောကြီးအတွင်း သူတို့တွေ့ ကြုံခဲ့ရသော အဖြစ်အပျက်အကြောင်းတွေသာ ဖြစ်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

နောက်နှစ်ရက်ခန့်ကြာသောအခါ…မိုးကျော်တို့အုပ်စု ရန်ကုန်ပြန်ကြရန် နံနက်အစောကြီးထဲက ထပြီးပြင်ဆင်နေကြသည်။ သူတို့ လေးယောက်နှင့်အတူ ခင်မာဝေနှင့်ဖြိုးမောင်မောင်ပါ ရန်ကုန်သို့အတူ လိုက်ပါကြမည်ဖြစ်သဖြင့် ကားလက်မှတ်ကို ခြောက်ယောက်စာ တစ်ခါထဲ ဝယ်ထားပြီး ဖြစ်သည်။ ခင်မာဝေနှင့် ဖြိုးမောင်မောင်တို့မှာလည်း ရန်ကုန်တွင် တက္ကသိုလ်တက်ရန် သူတို့၏ အိပ်ယာလိပ်တွေနှင့် အထုတ်အပိုးကိုယ်စီတို့ကို ညကထဲက ပြင်ဆင်ထုတ်ပိုးပြီး ဖြစ်နေကြ၏

"သဇင်ဝင်းတင့်ရေ…မြန်မြန်လုပ်ဟေ့…ဒီမှာ ကားလာတော့မယ်…"

အောက်ထပ်မှ အလောတကြီးနှင့် အော်ခေါ်နေသည့် စောထူးဝါး၏ အသံကြောင့် ထမင်းဆိုင်အပေါ်ထပ်မှ အပြေးအလွှားဆင်းလာသော သဇင်ဝင်းတင့်မှာ…ဘကြီးစောကို ကပျာကယာနှုတ်ဆက်ရင်း မိုးကျော်တို့ ကားရပ်စောင့်နေရာ ထမင်းဆိုင်ရှေ့သို့ ရောက်လာ၏။



"နင်တို့ကလဲ ဘယ်လိုဖြစ်နေတာလဲ…ဒီမှာ ငါ့မျက်နှာကိုတောင်မှန်ကလေးတစ်ချက်မကြည့်ရသေးဘူး…တကတည်း…"

သဇင်ဝင်းတင့်၏ အပြစ်တင်သည့် လေသံကို မိုးကျော်၊ စောထူးဝါးနှင့် ဝဏ္ဏအောင်တို့မှာ အကြောင်းသိတွေ ဖြစ်နေကြသဖြင့် ဘာတစ်ခုမှ ထပ်မပြောကြပဲ သူတို့စီးကြရမည့်ကားကိုသာ လည်တစ်ဆန့်ဆန့်နှင့် စောင့်နေကြသည်။

သဇင်ဝင်းတင့်မှာ အလှအပမက်မောသူပီပီ တစ်နေရာမှ တစ်နေရာသို့ သွားလျှင် ယခုကဲ့သို့ သူမ၏ဖြီးလိမ်းပြင်ဆင်နေသည့်အချိန်ကတာမေ့တာမောပင် ကြာတတ်သည်။ ဒါကို မိုးကျော်တို့ သုံးယောက်ကအထူးအဆန်းပင် ဖြစ်မနေကြတော့။ သူမအကြောင်းကို မသိကြသေး သည့်ခင်မာဝေနှင့် ဖြိုးမောင်မောင်တို့ကသာ အသစ်အဆန်းဖြစ်ချင် ဖြစ်နေမည်။

မကြာမီ…ဖြူးမြို့ပေါ်မှ စပြီးထွက်လာသည့် ခရီးသည်တင်မှန်လုံကားကြီးက သူတို့ရပ်စောင့်နေသည့် ဘကြီးစော၏ထမင်းဆိုင် ရှေ့သို့ရောက်လာ၏။ ထို့နောက် သူတို့၏ အထုတ်အပိုးများကို ကားပေါ်တင်လိုက်ကြရင်း ဘကြီးစောကို နှုတ်ဆက်လိုက်ကြသည်။

တစ်ခဏအတွင်းမှာပင် ခင်မင်လိုက်ရသည့် ဘကြီးစောက သူတို့ကားကြီးထွက်သွားသည့်တိုင် လှမ်းအော်ပြီး နှုတ်ဆက်နေပြန်၏။

"ကိုယ့်လူတို့ ဒီတစ်ခါလာရင်တော့ ဘကြီးစောကိုယ်တိုင် ရိုးမတောကြီးထဲကို လိုက်ပို့မယ်ဟေ့…လာဖြစ်အောင်သာ ဆက်ဆက် လာခဲ့ကြဦးတော့…"

တကယ်တော့ ဘကြီးစောပြောလိုက်သည့် နောက်တစ်ခါဆိုသည့်အချိန်က မရေရာမသေချာတော့မှန်း သူတို့ကိုယ်တိုင် အသိတကသိဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သိမနေကြ…။ ဘကြီးစောကတော့ ကားပေါ်မှ ပြန့်လည် အော်ဟစ်နေကြ သည့် သူတို့အားလုံး၏ အသံကိုပင် ကြားပုံမရဘဲ ကားနောက်တွင် တဖြည်းဖြည်းလက်ပြရင်း ဝေးပြီး ကျန်ခဲ့တော့သည်။

☯

သူတို့စီးလာသည့် ကားတစ်စီးလုံးက ထိုင်ခုံလူစေ့ရုံလောက် သာ ဖြစ်သဖြင့် အတန်အသင့် သက်တောင့်သက်သာရှိနေသည်။ စောထူးဝါး နှင့် သဇင်ဝင်းတင့်မှာ မိုးကျော်၊ ဝဏ္ဏအောင်တို့နှင့် ဘေးချင်းကပ်လျက်တစ် ဖက်ခြမ်းမှ ထိုင်ခုံတွင်ဖြစ်ပြီး ခင်မာဝေနှင့် ဖြိုးမောင်မောင်တို့ နှစ်ယောက်က ကားဒရိုင်ဘာ၏နောက်မှ ထိုင်ခုံများတွင် ဘေးချင်းကပ်ထိုင်ကာ လိုက်ပါ လာခဲ့ကြသည်။

မကြာခင် ကာစပယ်ယာက ကားရှေ့တွင် တပ်ဆင်ထားသည့် TV ခလုတ်ကိုဖွင့်ကာသီချင်းတွေ ဖွင့်တော့သည်။ ထိုသီချင်းများက ကျေးလက် သီချင်းတွေ ဖြစ်နေသဖြင့် မိုးကျော်တို့အုပ်စုမှာ အတော်ပင် စိတ်ညစ်နေမိ ကြသည်။ သို့သော် ကားပေါ်တွင် ပါလာကြသည့် ခရီးသည်များကတော့ ကားစပယ်ယာဖွင့်နေသော သီချင်းတိုင်းလိုလို အလွတ်ရနေကြပြီး TV သဖန် သားပြင်ပေါ် ပေါ်လာသည့် အဆိုရှင်များကိုလည်း ဘယ်သူတွေ ဘယ်ဝါ တွေဟုပင် ရင်းရင်းနှီးနှီးတွေခေါ်ပြီး သူတို့အချင်းချင်းတွတ်ထိုးပြောဆိုနေ ကြသည်။

သဇင်ဝင်းတင့်ကတော့ ထိုအသံများကြောင့် သူကျောပိုးအိတ် အတွင်းမှ MP 4. Player ကို ထုတ်ကာ နားနှစ်ဖက်စလုံးကို နားကြပ်တပ် ပြီး ဘာသီချင်းတွေ နားထောင်နေမှန်းမသိ။ မျက်စိကိုပါ စုံမှိတ်ထားသည်။

"ကားကလဲ အရေးမပါတာကျွာ…ဒီတောသီချင်းတွေကို တစ်



ခါလုံးပဲ ဖွင့်နေတော့မလားမသိဘူး…စိတ်ပျက်စရာကောင်းလိုက် တာ…"

မိုးကျော်၏ဘေးတွင် ထိုင်နေသော ဝဏ္ဏအောင်က တစ်ကိုယ်ထဲ ကျေမနပ်နှင့် ပွစိပွစိတွေပြောနေ၏။ မိုးကျော်ကတော့ ထိုင်ခုံနောက်မှီ ကို အနည်းငယ်လှန်ကာ ကိုယ်ကို ပြေလျော့လျော့ထိုင်ရင်းလိုက်ပါလာ သည်။ သူတို့ကား ဖြတ်မောင်းလာရာ လမ်းတစ်လျှောက်လုံးတွင်လည်း အဝေးမှ မှိုင်းမှိုင်းပြာပြာ ရိုးမတောင်ကြီးကို မှန်ပြူတင်းမှ ဖြတ်ပြီး လှမ်းမြင် နေရသည်။

ဒီတောဒီတောင်နှင့် မကြာသေးခင်အချိန်ကမှ သူတို့တွေခွဲခွာလာ ခဲ့ကြပြီဖြစ်သော်လည်း ဒီတောကြီး၏ လျှို့ဝှက်ဆန်းကြယ်သည့်အဖြစ်တွေနှင့် အတွေ့အကြုံအဆန်းတွေကတော့ အခုအချိန်အထိ သူတို့ ရင်ထဲတွင် ကပ်ညှိ နေကြဆဲပင်ဖြစ်သည်။ မိုးကျော်က ပြူတင်းပေါက်မှ အပြင်သို့ငေးရင်း တောထဲမှာ သူတို့တွေ ကြုံလာရသည့်အဖြစ်တွေကို တစ်ခုပြီးတစ်ခုပြန်တွေး ကြည့်နေ၏။

"ခင်မာဝေပြောတဲ့ မြွေတစ်ရာဘုရားဆိုတာ တကယ်ကော ရှိနိုင် ပါ့မလား…၊ သူလဲတစ်ယောက်စကား တစ်ယောက်နားကြားပြီး လျှောက် ပြောတာနေမှာပါ…၊

တစ်ခါတစ်ခါ လူတွေဟာ ခေတ်ပညာတွေ ဘယ်လောက်ပဲ တတ်တတ် ဆင်ခြင်တုံ့တရားမရှိရင် အလကားပဲ…"

ထိုစဉ်…

"ရှဲ…ရှဲ…ရှဲ…"

ကားရှေ့မှ TV တွင် ပြနေသည့်အရုပ်တွေ သီးချင်းသံတွေ

www.burmeseclassic.com

www.burmeseclassic.com



ပျောက်သွားပြီး ဖန်းသားပြင်ပေါ်တွင် အစက်အပျောက်များပေါ်နေကာ တရှဲရှဲမြည်နေ၏။ သိပ်မကြာလိုက် ကားစပယ်ယာက အိန္ဒိယဇာတ်ကား တစ်ကားကို ဖွင့်ပြန်သည်။ ထိုအချိန်မှ မိုးကျော်ဘေးက ဝဏ္ဏအောင်က ခေါင်းထောင်ထလာပြီး-

''အဲဒီလိုလုပ်စမ်းပါ…ဒီကားစီးလာတဲ့လူမှန်သမျှ စပယ်ယာ က တောသားချည်းအောက်မေ့နေသလား မသိဘူး…၊ အလကားနေရင်း အမေ့ကိုတစ်လှည့်…၊ ရွာကို တစ်လှည့်လွမ်းနေတော့တာပဲ…''

ဝဏ္ဏအောင်၏ စကားကြောင့် မိုးကျော်ရော ဘေးတစ်ဖက်ခုံမှ စောထူးဝါးပါ ပြုံးမိလိုက်ကြသည်။ စောစောက ကျေးလက်သီးချင်းများကို ဘာသာပြန်နေသည့် ခရီးသည်များမှာလဲ အခုထပ်ပြနေသည့် အိန္ဒိယဇာတ်ကားထဲမှ အကကောင်းသည့် မင်းသမီးလေးအကြောင်းကို ပြောကာ ဖွဲဖွဲနွဲ့နွဲ့ ပင် ချီးကျူးနေကြပြန် သည်။

သိပ်မကြာလိုက် သူတို့ကြည့်နေသည့် ဇာတ်ကားထဲတွင် အက ကောင်းသည့်ဆိုသော မင်းသမီးလေးကို ကြီးမားသန်မာသည့် မြွေကြီး တစ်ကောင်က ရစ်ခွေဖြစ်ညှစ်လိုက်လေသည်။ ထိုမြွေကြီးကိုမြင်လိုက်ရသည် နှင့် မိုးကျော်တို့အုပ်စုမှာ တစ်ယောက်မျက်နှာကို တစ်ယောက်အဓိပ္ပါယ်ပါပါ ကြည့်လိုက်မိကြသည်။ သူတို့အကြည့်တွေက ခင်မာဝေပြောပြသည့် အကောင်တစ်ရာမြောက် မြွေဘုရင်က အခုသူတို့ TV ထဲတွင် မြင်နေရ သည့်မြွေကဲ့သို့ပင် ကြီးမားတုတ်ခိုင်နေမည်လားဆိုသည့် အကြည့်တွေ ဖြစ် နေ၏။

ထိုစဉ်…

''ဝုန်း…ဒုန်း…ဒုန်း…ချွင်…ဂလောင်…''



သူတို့စီးလာသည့်ကား၏ ဝမ်းဗိုက်အောက်မှ ဆွဲခါလိုက်သလို တုန်ရင်သွားပြီး တဝုန်းဝုန်းအသံမြည်ကာ ကားကထိုးရပ်သွားတော့၏။

☯

''ဟာ…''

''ကားက ဘာဖြစ်တာလဲ…''

''တောက်…နောက်ကျနေပါတယ်ဆိုမှကွာ…''

ကားပေါ်ပါလာသည့် ခရီးသည်တွေက တစ်ယောက်တစ်ပေါက် ပြောဆိုငြီးတွားလိုက်ကြသည်။

''ဒုက္ခပါပဲကွာ…ဒီလို ဆိုင်မရှိဘာမရှိ လူပြတ်တဲ့နေရာမှာမှ ကားကပျက်ရတယ်လို့…''

ဝဏ္ဏအောင်နှင့် မိုးကျော်တို့မှာ မှန်ပြူတင်းပေါက်၏ အပြင်သို့ ကြည့်ရင်း စိတ်ပျက်လက်ပျက်တွေနှင့် ပြောလိုက်၏။ ထိုစဉ် ကားဒရိုင်ဘာ နှင့် စပယ်ယာတို့မှာ ကားအောက်သို့ဆင်းပြီး သွားကြည့်ကြသည်။ ကားပေါ် ပါလာသူအချို့ခရီးသည်များမှာလဲ ကားအောက်သို့ အလျိုလျိုဆင်းသွားကြ ပြီး အညောင်းအညာဖြေကြ ဆေးလိပ်သောက်ကြနှင့် လူသူကင်းမဲ့နေသော အဝေးပြေးလမ်းမကြီးပေါ်တွင် ရုပ်စုရုပ်စုတွေ ဖြစ်ကုန်ကြသည်။

ကားရှေ့ဒရိုင်ဘာ ထိုင်ခုံနောက်မှခုံတွင် လိုက်ပါလာကြသော ခင်မာဝေနှင့် ဖြိုးမောင်မောင်တို့မှာ အနောက်ဘက်တွင် ထိုင်နေသည့် မိုးကျော်တို့ကို လှမ်းကြည့်ကာ ကားအောက်သို့ဆင်းသွားကြ၏။

''ငါထင်တာတော့ ကားက ဂျိုင်းပြုတ်သွားတာပဲ ဖြစ်နေတယ်''

ဝဏ္ဏအောင်က ကားနှင့်ပတ်သက်ပြီး ဟိုစပ်စပ်ဒီစပ်စပ်နှင့်သူ့ဘာသာ သူထင်တာကိုပြောနေ၏။ ဒီကောင်က ကားဆိုလျှင် ဖြစ်သွားဖြစ်ထား

www.burmeseclassic.com

www.burmeseclassic.com



ကားကောင်းကားသန့်တွေတွေ့တိုင်း ဒီကားက ဘယ်ကုမ္ပဏီကထုတ်တာ ဘာအင်ဂျင်အမျိုးအစားတင်ထားတာ စသည်ဖြင့် အရေမရအဖတ်မရ တွေ ပြောနေကြဖြစ်သည်။ အခုလဲကားအောက်သို့ဆင်းပြီး စပ်စုရန် ထိုင်ရာမှထ နေ၏။ မိုးကျော်၊ စောထူးဝါးနှင့် သဇင်ဝင်းတင့်တို့မှာလဲ ထိုင်ရာမှထကာ ကားအောက်သို့ ဆင်းဖို့လုပ်ကြသည်။

ကားအောက်သို့ ရောက်သောအခါ ဝဏ္ဏအောင်က ကားပြင်နေသည့် ကားဆရာကြီးများ၏ အနားသို့သွားကာ ဘာတွေပြောနေမှန်းမသိ...။ မိုးကျော်တို့သုံးယောက်မှာလဲ ခင်မာဝေနှင့် ဖြိုးမောင်မောင်တို့ မတ်တတ် ရပ်နေဆီသို့သွားကာ စကားတပြောပြောနှင့် လုပ်နေသည်။

သိပ်မကြာလိုက်...

ကားကပြန်ကောင်းသွားပြီး ခရီးသည်တွေ အကုန်လုံးကားပေါ်သို့ ပြန်တက်လိုက်ကြသည်။ ကားက ဝဏ္ဏအောင်ပြောသလို အမှန်ပင် ပွိုင်းနတ် တွေပြုတ်ထွက်သွားခြင်းဖြစ်သည်။ ကားပေါ်သို့ အနောက်ဘက်တွင်ထိုင် သည့် ခရီးသည်တွေက အရင်ပြန်တက်ကြရသဖြင့် မိုးကျော်စောထူးဝါးနှင့် သဇင်ဝင်းတင့်တို့မှာ ရှေ့ဆင့်နောက်ဆင့်တွေ တက်သွားကြသည်။

ဝဏ္ဏအောင်ကတော့ အခုမှ အပေါ့သွားချင်သလိုဖြစ်လာပြီး လမ်း ဘေးမှ ချုံပုတ်တစ်ခုအတွင်းသို့ တိုးဝင်သွားသည်။ သူတိုးဝင်သွားသည့် ချုံများမှာ ဆူးချုံတောများဖြစ်နေပြီး သစ်ရွက်ကြွေသစ်ရွက်ခြောက်တွေက မြေပြင်တွင် ထူထပ်စွာ ကျရောက်နေ၏။ ထိုနေရာအကွယ်သို့ အရောက် ထိုင်ချလိုက်သောအခါ....

"ရှူး"

ရှူးကနဲ နှာမှုတ်သံနှင့်အတူ...မြွေကြီးတစ်ကောင်က သူ့ရှေ့မှ



ဘွားကနဲပေါ်လာ၏။ ထိုမြွေကြီးက ပါးပြင်းကို ခွက်နေအောင်ထောင်ထား ပြီး ဝဏ္ဏအောင်ကို စိုက်ပြီးကြည့်နေ၏။

"အား...အမလေး..."

ရုတ်တရက် လန့်ပြီး အော်လိုက်သည့်အသံကြောင့် မြွေက နောက်သို့ အနည်းငယ်ပင် ဆုတ်သွား၏။ ဝဏ္ဏအောင်မှာ ချက်ချင်းပင် သတိပြန်ဝင်လာပြီး ထိုမြွေကြီးကို ကြည့်ကာ...

"ဒါ...ဒါ ခင်မာဝေပြောတဲ့ မြွေဘုရင်တွေ ဘာတွေများဖြစ် နေမလား...ဘာပဲပြောပြော ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ဆုတောင်းကြည့်ရမယ်..."

ဝဏ္ဏအောင်မှာ ထိုပါးပြင်းထောင်နေသည့် သူ့ရှေ့မှမြွေကြီးကို ကြည့်ကာ ထိုင်နေရာမှ ဖြည်းဖြည်းချင်းထပြီး ဆုတောင်းလိုက်၏။ သူ့ ဆုတောင်းသံတွေက ပါးစပ်မှပင် ကျယ်ကျယ်လောင်လောင်ကြီး ထွက်ပေါ် သွားသည်။ ထို့နောက် ဆူးချုံတောအတွင်းမှ နောက်ဆုတ် နောက်ဆုတ် ခြေလှမ်းများဖြင့် ပြန်လှည့်ထွက်လိုက်ပြီး ကားရပ်ထားရာဆီသို့ အပြေးအလွှား သွားလိုက်သည်။

ကားပေါ်သို့ပြန်ရောက်သောအခါ...ကားပေါ်မှ မိုးကျော်တို့ စောထူးဝါးတို့အပြင် အခြားခရီးသည်များကပါ သူ့ကို စိတ်မရှည်ဘဲ ပွစိပွစိ တွေ ပြောဆိုနေကြ၏။ ကားစပယ်ယာနှင့် ဒရိုင်ဘာကြီးတို့ကလဲ ဖျစ်တီးဖျစ် တောက်တွေ ပြောဆိုနေ၏။

"မင်းကွာ...အပေါ့အပါးသွားရင်လဲ အစောကြီးကတည်းက သွားထားပါးလား...ဒီလောက်ကားက အကြာကြီးရပ်ထားတာ..."

ဝဏ္ဏအောင်က ဘာတစ်ခွန်းမှ ပြန်ပြောမနေပဲ သူ့ထိုင်ခုံရှိရာသို့

www.burmeseclassic.com

www.burmeseclassic.com



သို့ လျှောက်လာပြီး ဝင်ထိုင်လိုက်၏။ သူ့ပုံစံကလဲ ဒယောသောပါးနှင့် ပြေးလာရသည့်အတွက် ပါးစပ်က ဟောဟဲ...ဟောဟဲနှင့်ပင် မော ဟိုက်နေသည်။ ခဏအကြာ ကားကပုံမှန်အတိုင်း ဆက်ပြီးထွက်တော့၏။ ဝဏ္ဏအောင်က မိုးကျော်ဘေးသို့ ဝင်ထိုင်လိုက်သည်နှင့်...

"ဟေ့ကောင် မိုးကျော်...ငါ..ငါအခုလမ်းဘေးက ချုံထဲမှ အပေါ့သွားတာ ဘာနဲ့တွေ့ခဲ့တယ်ထင်လဲ..."

"ဟင်...ဘာနဲ့တွေ့ခဲ့လို့လဲ..."

မိုးကျော်ကလဲ ဝဏ္ဏအောင်၏ အထူးအဆန်းစကားကို စိတ်ဝင် တစားနှင့် ပြန်မေးလိုက်၏။

"ခင်မာဝေပြောတဲ့ အကောင်တစ်ရာမြောက် မြွေဘုရင်ကို တွေ့ခဲ့ တယ်ကွ..."

"ဘာ...အကောင်တစ်ရာမြောက် မြွေ ဟုတ်လား ဝဏ္ဏ.."

မိုးကျော်၏ အလန့်တကြား ရေရွတ်လိုက်သံကြောင့် တစ်ဖက် ဘေးခုံမှ စောထူးဝါးနှင့် သဇင်ဝင်းတင့်တို့ပါ ဝဏ္ဏအောင်ကို လှည့်ကြည့် လိုက်ကြသည်။ ထို့နောက် ဝဏ္ဏအောင်က...

"အေး ဟုတ်တယ်...ငါလဲ အဲဒီမြွေကြီးကို တွေ့တွေ့ချင်း ပထမတော့ တော်တော်လန့်သွားတယ်။ နောက်တော့ ခင်မာဝေပြောတဲ စကားကို သတိရသွားပြီး ငါဖြစ်ချင်တဲ့ ဆုတစ်ခုတောင်းကြည့်လိုက် တယ်..."

မိုးကျော်က နှုတ်ခမ်းထောင့်စွန်းတစ်ဖက်ကို အနည်းငယ်ကွေးပြီး သူ့ကိုပြန်စိုက်ကြည့်နေ၏။ ထို့နောက် ဝဏ္ဏအောင်က ဆက်ပြီး သူ ဆုတောင်း လိုက်သည့်အကြောင်းကို အားရပါးရထပ်ပြောပြန်သည်။



"ငါတောင်းလိုက်တဲ့ဆုက... မော်ဒယ်မြင့်ကားကောင်းကောင်း တစ်စီးကို ကိုယ်တိုင်မောင်းပြီး ကျောင်းတက်ရပါစေ...ဆိုပြီး တောင်းလိုက်တယ်..."

ထိုဆုတောင်းစကားကို ကြားလိုက်ရသည်နှင့် မိုးကျော်က

"ဟား...ဟား...ဟား မင်းဟာ တကယ်တော့ ငါထင်တာထက် တောင်ပိုပြီး ငပေါဖြစ်နေသေးတယ် ဝဏ္ဏအောင်...၊ မင်းလိုငွေကြေးချမ်းသာ ပြီး ခေတ်ပညာတွေတတ်ထားတဲ့ကောင်က ဒီလိုယုံတမ်းစကားတွေကို ထင်ယောင်ထင်မှားတွေနဲ့ လိုက်ပြီးလုပ်တာ ငါအံ့သြလို့မဆုံးဘူး..."

စိတ်ပေါက်ပေါက်နှင့် ပြောလိုက်သော မိုးကျော်၏စကားကြောင့် ဝဏ္ဏအောင်မှာ တွေတွေဝေဝေနှင့် ဖြစ်သွားပြီး...အရှက်ပြေပြန်ပြော လိုက်၏။

"အေးပါကွာ...ငါသိပါတယ်။ အခုကိစ္စကလဲ ခင်မာဝေ ပြောတဲ့ ဆုတောင်းပြည့်တယ်ဆိုတဲ့ ကိစ္စကို သက်သက်မဲ့ ဟုတ်မဟုတ်ငါက အပျော်သဘောနဲ့ စမ်းကြည့်တာပါ...၊ ဆုတောင်းတယ်ဆိုတာ ပိုက်ဆံပေးရတာမှမဟုတ်ပဲ...ဟား ဟား ဟား..."

သည်လိုနှင့် သူတို့နှစ်ယောက်လုံး၏ စကားသံတွေက လမ်း တစ်လျှောက်လုံး ကိုယ့်အတွေးနှင့်ကိုယ် တိတ်တိတ်ဆိတ်ဆိတ်နှင့် ဖြစ်သွား ကြပြန်သည်။ ဘေးတစ်ဘက်ခုံမှ စောထူးဝါးနှင့် သဇင်ဝင်းတင့်မှာလဲ ကုလား ထိုင်နောက်မှီပေါ်သို့ မှီထိုင်ရင်း အိပ်ငိုက်နေကြသည်။

ဒရိုင်ဘာထိုင်ခုံ၏နောက်မှ ခုံတွင် လိုက်ပါလာကြသော ခင်မာဝေ နှင့် ဖြိုးမောင်မောင်တို့မှာ စကားပဲပြောနေကြသည်လား...အိပ်ပဲငိုက်နေကြ

www.burmeseclassic.com

www.burmeseclassic.com



သည်လားမသိ။ သူတို့နောက်မှီဆိုဖာကိုသာ လှမ်းမြင်နေရသည်။

မိုးကျော်၏ ဘေးချင်းကပ်လျက် ထိုင်ခုံတွင်တော့ ဝဏ္ဏအောင်က မျက်စိကိုစုံမှိတ်ကာ နောက်မှီပေါ်လှန်ထိုင်ရင်း သူဆုတောင်းထားသည့် ကိစ္စကို စိတ်ကူးယဉ်နေသည်လားမသိ။ တစ်လမ်းလုံးငြိမ်သက်ပြီး လိုက်ပါလာသည်။

မကြာမီ သူတို့ကားကြီးက ခရေပင်လမ်းဆုံမှနေ၍အောင် မင်္ဂလာ အဝေးပြေးကားကြီးဝင်းဆီသို့ ဦးတည်ကာ ချိုးကွေ့လိုက်သည်။

☯

''ဟေ့ကောင် မိုးကျော်…ထလေကွာရောက်ပြီ''

ဘယ်အချိန်က မှေးကနဲ အိပ်ပျော်သွားသည်မသိ ဝဏ္ဏအောင် က ပခုံးချင်းတိုက်လိုက်ပြီး နှိုးလိုက်တော့မှ မိုးကျော်မျက်လုံးတွေက ပွင့်လာပြီး ကားပြူတင်းပေါက်မှန်မှတဆင့် အပြင်သို့လှမ်းကြည့်လိုက်သည်။

အပြင်ဘက်တွင် အလုအယက်ခေါ်နေသော တက္ကစီကားဆရာများက ကားပေါ်မှ ဆင်းလာသော ခရီးသည်များ၏ အထုတ်အပိုးတို့ကို သူတို့ကားပေါ်သို့ ဆွဲတင်နေ၏။

စောထူးဝါးနှင့် သဇင်ဝင်းတင့်တို့မှာလဲ သူတို့၏ အဝတ်အစားထည့်ထားသော ကျောပိုးအိတ်တို့ကို လွယ်ပိုးကာ ကားပေါ်မှဆင်းရန် အသင့်ဖြစ်နေကြသည်။ မိုးကျော်က သူ့ကျောပိုးအိတ်ကို ကောက်လွယ်လိုက်ပြီး

''ကဲ…ငါတော့ ဒီကပဲ တက္ကစီငှားပြီးပြန်တော့မယ်… မနက်ဖြန်မနက်ကျမှ ပြန်တွေ့တာပေါ့…''



ခင်မာဝေနှင့် ဖြိုးမောင်မောင်တို့ နှစ်ယောက်မှာ…လှည်းတန်းဘက်သို့ ပြန်ကြမည်ဆိုသဖြင့် သဇင်ဝင်းတင့်နှင့်အတူ ကားတစီးထဲ ငှားပြီး ပြန်ဖို့တိုင်ပင်နေကြ၏။ စောထူးဝါးနှင့် ဝဏ္ဏအောင်ကတော့ ရန်ကင်းဖက်ကို နှစ်ယောက်အတူ ကားငှားလိုက်ကြသည်။

''မိုးကျော်…ငါတို့ မနက်ဖြန်ကျမှ ပြန်တွေ့ကြမယ်နော်…''

ရုတ်တရက် နှုတ်ဆက်လိုက်သော ခင်မာဝေ၏အသံက မိုးကျော်၏ ရင်ထဲတွင် လှပ်ကနဲပင်ဖြစ်သွား၏။ သူ့ဘေးမှ သဇင်ဝင်းတင့်မှာလဲ ခင်မာဝေကို နားမလည်နိုင်သည့်အကြည့်တွေနှင့် ဖျတ်ကနဲလှည့်ကြည့် လိုက်မိသည်။

ဘာပဲပြောပြော…သူတို့အားလုံးမှာ မနက်ဖြန်ဆိုလျှင် တက္ကသိုလ် ကျောင်းတွေစပြီး တက်ကြတော့မည့် တက္ကသိုလ်ကျောင်းသူ ကျောင်းသား ကြီးတွေပင် ဖြစ်တော့မည်။ အရာရာဟာ ကိုယ်အယူအဆနှင့် ကိုယ်လွတ်လပ်စွာ ပျံသန်းနိုင်ကြပေတော့မည်။

အမှတ်တမဲ့လက်ပြန်ပြရင်း နှုတ်ဆက်နေမိသည့် မိုးကျော်၏ မျက်လုံးတွေက ခင်မာဝေတို့ တက္ကစီကား၏ နောက်တွင် ငေးရီလျက် ကျန်ခဲ့တော့သည်။

☯

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၇)

အိမ်ရှေ့ခြံဝသို့ တက္ကစီရပ်လိုက်သည်နှင့် အစိမ်းပုတ်ရောင် PRADO ကားတစ်စီးက သူတို့အိမ်ရှေ့ပေါ်တီကိုအောက်တွင် ရပ်ထားသည်ကို ဝဏ္ဏအောင်တွေ့လိုက်ရသည်။

ထိုကားကိုအသေအချာ ကြည့်လိုက်တော့ သူ့ဦးလေးဦးရန်နောင်၏ ကားဖြစ်နေ၏။

"ဟာ…အတော်ပဲ…မနက်ဖြန် ကျောင်းစတက်ရပြီဆိုတော့ ငါ့ကို အန်ကယ်မုန့်ဘိုးတွေဘာတွေလာပေးတာပဲဖြစ်မယ်… ဟီ ဟီ..ပွတာပဲ…"

ထိုအတွေးနှင့်အတူ ဝဏ္ဏအောင်က အိမ်ထဲသို့ အပြေးအလွှားဝင်လာ၏။

အိမ်ထဲသို့ ရောက်သောအခါ ဧည့်ခန်းထဲတွင် ဝဏ္ဏအောင်၏ အဖေနှင့်အမေ နှစ်ယောက်သား စကားထိုင်ပြောနေသည်ကို တွေ့လိုက်ရ၏။



"အမလေး ဆယ်တန်းအောင်ပြီးကတည်းက ခြေအငြိမ်မနေ တော့တဲ့ကောင်တော့ ပြန်လာပါပြီ…"

ဝဏ္ဏအောင်၏ မျက်နှာကို တွေ့လိုက်ရသည်နှင့် မိခင်ဖြစ်သူ ဒေါ်မာလာက ခရီးရောက်မဆိုက်ဆူတော့သည်။ ဖခင်ဖြစ်သူ ဦးရန်အောင် ကလည်း ဝဏ္ဏအောင်ကို တွေ့လိုက်ရသည်နှင့် ဖတ်လက်စသတင်းစာကို အသွဲပေါ်ပစ်တင်ရင်း

"ဟား…ဘယ်လိုလဲကွ…ခရီးသွားအတွေ့အကြုံတွေ တော် တော်မှရလာရဲ့လား…လုပ်စမ်းပါအုံး ဖြူးမြို့က ကောင်မလေးတွေ အကြောင်း…"

ဖခင်ဖြစ်သူ ဦးရန်အောင်က ဝဏ္ဏအောင်ကို သူငယ်ချင်းပေါင်း ပေါင်းပြီး အစစအရာရာ အလိုလိုက်သူပီပီ ခေတ်လူငယ်တွေအပေါ် နားလည် မှုအပြည့်ရှိသူ ဖြစ်၏။ ဝဏ္ဏအောင်က ကျောပိုးအိတ်ကို ဆိုဖာဆက်တီပေါ် ချပစ်တင်ရင်း ဦးရန်အောင်၏ဘေးတွင် ဝင်ထိုင်လိုက် ကာ…ဦးလေးဖြစ်သူ ဦးရန်နောင်ကိုလည်း တစ်အိမ်လုံးအနှံ့ မျက်စိဝေ့ယမ်းကြည့်နေ၏။ ထို့နောက်-

"အဲ့ပါပဲ ဖေဖေရာ…၊ ဩော်…ဒါနဲ့ အန်ကယ်ဦးရန်နောင် ကောဟင်။ ဘယ်အချိန်ကရောက်နေတာလဲ…သားကို မုန့်ဖိုး လာပေးတာလား…"

ဝဏ္ဏအောင်၏ မေးခွန်းတွေကြောင့် ဦးရန်အောင်နှင့် ဒေါ်မာလာ တို့မှာ တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်လိုက်ကြ၏။ အတန် ကြာမှ…ဦးရန်အောင်က

"မင်းအန်ကယ်က မနေ့ကပဲ အမေရိကားကိုပြန်သွားပြီကွ…

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ သူ့ကားကိုလဲ ဖေဖေတို့ဆီမှာပဲ အပ်သွားတယ်…၊ နောက်ပြီး မင်းအန်ကယ်က မင်းတက္ကသိုလ်တက်ရင်းတဲ့ သူ့ကားနဲ့ပေးပြီး တက်လိုက်ပါတဲ့၊ မှာသွားတယ်လေ…"

"ဗျာ…တကယ်…"

ရုတ်တရက် ကြားလိုက်ရသော စကားကြောင့် ဝဏ္ဏအောင်မှာ ဆိုဖာဆက်တီပေါ်မှနေ၍ တစ်တောင်လောက် မြောက်တက်သွားအောင် ပင် ထခုန်လိုက်သည်။

အန်ကယ်ဦးရန်နောင်မှာ ဝဏ္ဏအောင်၏ ဖခင်ဦးရန်အောင်၏ ညီဖြစ်ပြီး ဇနီးဖြစ်သူဆုံးပါးသွားပြီးကတည်းက အမေရိကားတွင် အလုပ်သွားပြီး လုပ်နေခဲ့သူဖြစ်သည်။ သားသမီးကျောထောက်နောက်ခံမရှိသူဖြစ်သဖြင့် ဝဏ္ဏအောင်ကိုလဲ သားတစ်ယောက်လို အလိုလိုက်သူဖြစ်သည်။ ဦးရန်နောင်က မကြာသေးမီကမှ မြန်မာပြည်သို့ ပြန်လာပြီး သူ့ခြံနှင့်အိမ်ကို အပြီးရောင်းကာ ကားကိုလည်း အစ်ကိုဖြစ်သူဦးရန်အောင်ကို ပေးသွားခဲ့သည်။

"ဟုတ်ပြီကွ…ဟုတ်ပြီ…မနက်ဖြန် ကျောင်းစတက်ရင် ကိုယ့်ကားကိုယ်မောင်းပြီး ကျောင်းတက်ရတော့မယ်ကွ…"

ကလေးတစ်ယောက်လို ဧည့်ခန်းထဲအတွင်းခုန်ပေါက်မြူးတူးနေသော ဝဏ္ဏအောင်ကိုကြည့်ကာ ဦးရန်အောင်နှင့် ဒေါ်မာလာတို့မှာ ပီတိဖြစ်နေကြသည်။ ထို့နောက် ဝဏ္ဏအောင်မှာ အိမ်ရှေ့ဆင်ဝင်အောက်တွင် ရပ်ထားသော PRADO ကားကြီးကိုအပြင်မှ လှည့်ပတ်ကြည့်လိုက် ကားစတီယာရင်ရှေ့တွင် ဝင်ထိုင်ကြည့်လိုက်နှင့် အကျေနပ်ကြီး ကျေနပ်နေတော့သည်။

ဘာပဲပြောပြော အခုဒီကားက သူနှင့်အစိမ်းသက်သက်တော့



မဟုတ် အန်ကယ်ဦးရန်နောင်ရှိစဉ်ကတည်းက သူခဏခဏယူမောင်း ယူစီးလုပ်နေကျဖြစ်သည်။

ဝဏ္ဏအောင်၏အတွေးတွေက ထိုနေ့တစ်နေ့လုံး အပျော်ကြီး ပင် ပျော်နေတော့သည်။ နောက်ပြီး မနက်ဖြန်မနက်တွင် စပြီးတက် ရတော့မည့် အရှေ့ပိုင်းတက္ကသိုလ်သို့ သွားရာလမ်းတစ်လျှောက်ကိုလဲ စိတ်ကူးထဲကပင် ကားမောင်းကြည့်နေ၏။

☯

အဆက်မပြတ် ကြားနေသည့် ဖုန်းခေါ်သံကြောင့် အိပ်ယာပေါ် လှဲနေရာမှ ဖုန်းရှိရာသို့ မိုးကျော် ကမန်းကတန်းလျှောက်သွားလိုက်ပြီး ဖုန်းကိုကောက်ကိုင်လိုက်သည်။

"ဟဲလို…"

တစ်ဖက်မှအသံက ဝဏ္ဏအောင်၏ အသံဖြစ်နေ၏။

"ဟလို…မိုးကျော်လား…ငါပါကွ ဝဏ္ဏအောင်ပါ…"

"အေး…ပြောလေ…"

မိုးကျော်အသံက ခရီးပမ်းလာသည့်လေသံကို တိုးဖျော့နေ၏။ ထို့နောက် ဝဏ္ဏအောင်က

"မင်းကို ပြောစရာရှိလို့ကွ…မနက်ဖြန်မနက်ကျရင် မင်းအိမ် မှာပဲ ငါ့ကိုစောင့်နေ ငါကားနဲ့လာခေါ်မယ်…"

ဝဏ္ဏအောင်၏စကားတွေကို မိုးကျော်က နားမရှင်းဘဲ ထပ်မေး လိုက်ပြန်၏။

"ဘာ…ဘယ်လို…မင်းကဘယ်ကကားနဲ့လာမှာလဲ…"

"ဟဲ ဟဲ…အခုတော့ မင်းကိုမပြောသေးဘူး…မနက်ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ဆီကိုရောက်မှ ပြောပြမယ်။ မင်းအိမ်မှာသာ စောင့်နေစမ်းပါ…''

မိုးကျော်၏ နားတွေက ဇဝေဇဝါတွေပင်ဖြစ်နေသည်။ တစ်ခါ တစ်ခါ အတည်ပေါက်နှင့်နောက်တတ်သည့် ဝဏ္ဏအောင်၏စကားတွေကို မယုံရဲ…၊ တော်ကြာ မနက်ဖြန်စပြီးတက်ရမည့်ကျောင်းကဒီကောင့်ကြောင့် နောက်ကျနေလျှင် ကသီလင်တ ဖြစ်နေမှာစိုးရသည်။

''ဟာ…ဟေ့ကောင်‥မနက်ဖြန် ဖယ်ရီကားစီးဖို့ ပြောထားပြီးပြီ၊ မင်းဖာမင်းပဲ သွားတော့၊ တော်ကြာ နောက်ရက်တွေကျရင် ငါဖယ်ရီစီးရတာ ဒုက္ခရောက်နေမယ်…''

ပါးစပ်ထဲရှိရာတွေပြောပြီး မိုးကျော်က ဖုန်းချလိုက်ဖို့ပြင်သည်။ ဝဏ္ဏအောင်ကလဲ…

''မဟုတ်ဘူး ဟေ့ကောင် နောက်ဆိုမင်းတို့ ဘယ်ဖယ်ရီမှ စီးစရာ မလိုတော့ဘူး‥ငါ့မှာ ကားရှိနေပြီပဲ…၊ မင်းရယ် ငါရယ် ဟိုကောင်စောထူးဝါးရယ်၊ သဇင်ရယ်ဆိုရင်တောင် ကားကအကျယ်ကြီး …၊ ခင်မာဝေတို့ ဖြိုးမောင်မောင်တို့ပါ လိုက်လို့ရတယ်…''

''အေးပါကွာ…မနက်ကျရင်တော့ မင်းဖာသာပဲသွားပါ၊ ငါတို့ ကျောင်းရောက်ရင် ဆုံကြမှာပဲဥစ္စာ…၊ ဒါပဲ…ဒါပဲ ငါလဲ ပင်းပန်းနေလို့ အိပ်တော့မယ်…''

မိုးကျော်က ဝဏ္ဏအောင်စကားကြောရှည်နေအုံးမည်စိုးသဖြင့် ကပျာကယာ ဖုန်းကိုချပစ်လိုက်သည်။ ပြီးမှ သူ့အတွေးတွေက ဖျတ်ကနဲ ပေါ်လာ၏။

''ဒီကောင် ချက်ချင်းလက်ငင်းကြီး စီးစရာကားရသွားတယ် ဆိုတာ တကယ်ပဲလား။ ဒါဆိုရင် လမ်းမှာ ကားပျက်တဲ့အချိန်ဒီကောင်



အပေါ်သွားတုန်း သူတွေ့ခဲ့တယ်ဆိုတဲ့မြွေက ခင်မာဝေပြောတဲ့ မြွေဘုရင်ပဲ ဖြစ်နေပြီလား… ဒီလိုသာဆိုရင် ဝဏ္ဏရဲ့ဆုတောင်းတွေက တကယ်ပြည့်သွား ပြီလို့ ပြောလို့ရတာပေါ့…''

မိုးကျော်က တွေးလက်စအတွေးတွေကို ခဏရပ်ရင်းဝဏ္ဏ ဆီမှ နောက်ထပ်ဖုန်းမြည်လာသံကိုထပ်ပြီး စောင့်နေမိ၏။ ဝဏ္ဏအောင် ထံမှ နောက်ထပ်ဖုန်းမြည်လာသံကိုတော့ မကြားရတော့ပေ။ ထို့နောက် အိပ်ယာပေါ်ပက်လက်လှန်ရင်း ခင်မာဝေပြောပြသည့် အကောင်တစ်ရာ မြောက်မြွေအကြောင်းကို ဆက်ပြီးတွေးကြည့်နေမိပြန်သည်။

''ဘာပဲပြောပြော ဒီလိုကိစ္စတွေက ယုံရခပ်ခက်ခက်တွေပါ…၊ သူ့ဟာနဲ့သူ တိုက်ဆိုင်တာလဲဖြစ်ချင်ဖြစ်သွားမှာပေါ့…''

ထိုနေ့ည တစ်ညလုံး မိုးကျော်၏အတွေးတွေက တောင်ရောက် မြောက်ရောက်နှင့် အတော်လေးညဉ့်နက်မှပင် အိပ်ပျော်သွားတော့၏။

☯

ပထမဆုံးစပြီးတက်ရသည့် တက္ကသိုလ်ကျောင်းသားတွေ၏ မျက်နှာတွေက လန်းဆန်းတက်ကြွနေကြသည်။ အရှေ့ပိုင်းတက္ကသိုလ်၏ ပရဝုဏ်တစ်ဝိုက်မှာလဲ ကျောင်းသားများက သူ့အုပ်စုနှင့်သူ ဝိုင်းဖွဲ့ကာ ဟေးလားဝါးလားနှင့် လွှက်ရည်ဆိုင်ထိုင်လိုက်၊ အအေးဆိုင်ထိုင်လိုက် နှင့်ရှိနေကြပြီး အချို့ကျောင်းသားတွေက ကော်ရစ်တာတစ်လျှောက် တွင် တစ်ယောက်နှင့်တစ်ယောက် စကြနောက်ကြပြီး တစ်ခန်းဝင်တစ် ခန်းထွက်နှင့် ဆူဆူညံညံတွေ ဖြစ်နေကြသည်။

ကျောင်း၏အပြင်ဘက် ကုက္ကိုပင်များအောက်မှ အအေးဆိုင် တစ်ဆိုင်တွင်ထိုင်ရင်း မိုးကျော်က စောထူးဝါးနှင့် သဇင်သော်အောင်ကို

www.burmeseclassic.com

www.burmeseclassic.com



မနက်က ကျောင်းအဝင်ဝတွင် သူနှင့်ဆုံလိုက်သော ဝဏ္ဏအောင်၏ ကားအကြောင်းနှင့် ရန်ကုန်သို့ အပြန်ခရီးတွင် ကားပျက်ခဲ့စဉ်က မြွေနှင့်တွေ့ပြီး ဆုတောင်းခဲ့သည့် ဝဏ္ဏအောင်၏အကြောင်းတွေကို အတိုချုံးပြီး ပြန်ပြောပြနေ၏။

ထိုစဉ် ခင်မာဆေနှင့် ဖြိုးမောင်မောင်ပါ သူတို့ထိုင်နေရာ အအေးဆိုင်သို့ ရောက်လာကြသည်။ မိုးကျော်က သူ့စကားကို ဆက်ကာ...

"ပထမတော့ ဒီကောင် ငါ့ဆီ ဖုန်းဆက်တုန်းက နောက်နေတယ်ပဲအောက်မေ့တာဟ...နောက်တော့ ဒီမနက်ကျောင်းကို ဒီကောင်တကယ်ကားနဲ့ ရောက်လာပြီး အတည်တွေပြောနေတော့မှ ငါယုံသွားတာ..."

သဇင်ဝင်းတင့်က သူ့ရှေ့မှ အအေးခွက်ကို ပိုက်နှင့်တစ်ချက်စုပ်လိုက်ပြီး မိုးကျော်စကားကို ခနဲ့သည့်လေသံဖြင့် ပြန်ပြောလိုက်၏။

"အေးလေ...နင်ပြောသလိုသာဆို ဝဏ္ဏအောင်က ခင်မာဝေပြောတဲ့ အကောင်တစ်ရာမြောက်မြွေကိုတွေ့ပြီး ဆုတောင်းလိုက်လို့...သူ့ဆုတောင်းတွေပြည့်သွားတာနေမှာပေ့ါ..."

မိုးကျော်က စဉ်းစားသလိုနှင့် တစ်ချက်တွေဝေသွားပြီ...

"ငါလဲ အဲဒီကိစ္စကို စဉ်းတော့စဉ်းစားမိတယ်ဟ...အခုနေတော့ ဒီကောင်အပျော်ကြီးပျော်နေပြီး သူဆုတောင်းထားတဲ့ ကိစ္စကိုတောင် မေ့နေပုံရတယ်...၊ ငါလဲ ဆုတောင်းပြည့်တာ တကယ်ဟုတ်မဟုတ် မသေချာတော့ ဒီကောင်ကိုတောင် ဖုန်းထဲမှာ ပြန်မပြောဖြစ်လိုက်ဘူး..."

ထိုစကားတွေကို ကြားလိုက်သည်နှင့် သူတို့စားပွဲဝိုင်းသို့ နောက်မှရောက်လာကြသော ခင်မာဝေနှင့် ဖြိုးမောင်မောင်တို့မှာ ကြက်သီးမွေးညှင်းတွေ ထသွားကြပြီး တစ်ယောက်မျက်နှာတစ်ယောက်



ကြည့်လိုက်မိကြသည်။ ထို့နောက် ခင်မာဝေက မိုးကျော်ကိုကြည့်ကာ--

"ဝဏ္ဏအောင်က မြွေဘုရင်ကိုတွေ့လို့ ဆုတောင်းလိုက်တယ်၊ ဟုတ်လား..."

အံ့ဩထိတ်လန့်နေသည့် ခင်မာဝေ၏ မျက်လုံးတွေက တစ်စုံတစ်ရာကို ကြောက်လန့်နေသည့်အကြည့်တွေ ဖြစ်နေ၏။ ပြီးတော့ အခုအချိန်အထိ သူတို့ဆီသို့ ရောက်မလာသေးသော ဝဏ္ဏအောင်ကိုလည်း စိုးရိမ်သည့်အကြည့်တွေနှင့် လှမ်းမျှော်ကြည့်နေ၏။

သိပ်မကြာလိုက်...

"ဟော...ဟိုမှာ ပြောရင်းဆိုရင်း ဝဏ္ဏလာနေပြီ..."

မိုးကျော်၏ စကားကြောင့် အားလုံးက ဆိုင်အပြင်ဖက်သို့ ပြိုင်တူလှမ်းကြည့်လိုက်ကြသည်။ အအေးဆိုင်၏အပြင်ဘက်တွင်တော့ အစိမ်းပုတ်ရောင် PRADO ကားတစ်စီးက တက္ကသိုလ်ထဲမှ ထွက်လာပြီး သူတို့ရှိရာသို့ ဦးတည်မောင်းလာနေသည်ကို တွေ့လိုက်ရသည်။

ဝဏ္ဏအောင်မှာ ဆိုင်ရှေ့သို့ ကားရပ်လိုက်သည်နှင့် နေကာမျက်မှန်ကို ဟန်ပါပါနှင့်ချွတ်လိုက်ကာ ကားတံခါးဖွင့်ပြီး သူတို့ရှိရာဆီသို့ လျှောက်လာ၏။ အခုအချိန်အထိတော့ ဝဏ္ဏအောင်က သူဆုတောင်းထားသည့် ကိစ္စကို သိပုံမပေါ်သေး...။

"ဟာ..မင်းတို့က ဒီမှာ ဘယ်အချိန်ထဲက ထိုင်နေကြတာလဲ--ငါလဲကိစ္စရှိလို့ နည်းနည်းကြာသွားတယ်ကွာ၊ ဆောရီးပဲ..."

ပြောပြောဆိုဆို ခုံအလွတ်တစ်လုံးကိုဆွဲပြီး ဝဏ္ဏအောင်က သူတို့ဝိုင်းထဲဝင်ဆိုင်လိုက်သည်။ သူဝင်ထိုင်လိုက်သည်နှင့် ဘေးနားက ဝဏ္ဏအောင်စီးလာသည့် ကားကိုကြည့်ပြီး ရယ်ကာမောကာနှင့်

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ဝဏ္ဏ မင်းကားကြီးက မိုက်လှချေလားကွ…

မင်းဦးလေးကတော့ ကားဝါသနာပါတဲ့မင်းကို ချီတပ်ပေးလိုက်သလိုပဲ…ဟား ဟား ဟား…"

ခင်မာဝေကတော့ ဝဏ္ဏအောင်ကိုကြည့်ပြီး တိုတောင်းလွန်းနေသော သူ၏အသက်ရှင်သန်ချိန်တွေကို လက်ချိုးရေတွက်နေသလိုပင်။

မိုးကျော်က စောထူးဝါး၏ စကားဆုံးသည်နှင့် ဝဏ္ဏအောင်ကို

"သိပ်လဲ ကျေနပ်မနေနဲ့ ဝဏ္ဏ…အဲဒီကားက မင်းကိုယ်တိုင်မြွေဘုရင်ဆီမှာ ဆုတောင်းခဲ့လို့ ရခဲ့တာဆိုတာ မင်းမေ့နေပြီ မဟုတ်လား…"

ရယ်သလိုမောသလိုနှင့် အစဖော်ပေးလိုက်သော မိုးကျော်၏ ရင်ထဲတွင် တကယ်တော့ ဘာရည်ရွယ်ချက်မှမရှိ…။

"ဟင်…"

ထိုစကားကြောင့် ဝဏ္ဏအောင်၏ မျက်လုံးတို့ ပြူးကျယ်ဝိုင်းစက်သွားပြီးမှ…

"သြော်…အေး…မင်းပြောမှပဲ သတိရတော့တယ်…ဟုတ်သားပဲ…၊ ဒါပေမယ့် ဒါတွေက မင်းပြောခဲ့သလို တိုက်ဆိုင်တာတွေဘာတွေလဲ ဖြစ်ချင်ဖြစ်နေမှာပေါ့ကွာ…ဟဲ ဟဲ…"

ထိုစဉ် ခင်မာဝေက…

"တိုက်ဆိုင်တာမဟုတ်ဘူး ဝဏ္ဏအောင်…နင်ဆုတောင်းခဲ့တဲ့စကားအတိုင်းသာဆိုရင် အခုဆုတောင်းပြည့်နေပြီ…"

ခင်မာဝေ၏ အသံက အအေးဆိုင်အတွင်း အနည်းငယ်ပင် ကျယ်လောင်သွားသည်။

မိုးကျော်၊ စောထူးဝါးနှင့် သဇင်ဝင်းတင့်တို့က ထိုကိစ္စကို ပေါ့ပေါ့



ပါးပါးပင် ထားကြသော်လဲ ခင်မာဝေနှင့် ဖြိုးမောင်မောင်တို့ နှစ်ယောက်ကတော့ ဝဏ္ဏအောင်ကိုကြည့်ကာ မကြာခင်အချိန်အတွင်း ကျရောက်လာမည့် အန္တရာယ်အတွက် စိုးရိမ်နေမိကြသည်။

ခင်မာဝေက ဆက်ပြီး

"အဲဒီဆုတောင်းတွေပြည့်ပြီး မကြာခင်မှာ…နင်ဒုက္ခရောက်တော့မယ်ဝဏ္ဏအောင်…"

ထိုစကားကြောင့် ဝဏ္ဏအောင်က အားလုံး၏ မျက်နှာတွေကို အကဲခတ်ပြီး ကြည့်လိုက်သည်။ အားလုံးက မျက်လွှာတွေကို စားပွဲပေါ်သို့ ချထားကြ၏။ တစ်ခဏအတွင်းမှာပင် ပြောင်းလဲကုန်ကြသည့် သူငယ်ချင်းများ၏ အမူအရာတွေက သူ့အတွက် ဝမ်းနည်းစရာ တစ်ခုလိုဖြစ်နေသည်။

ဝဏ္ဏအောင်၏ အတွေးတွေက မချင့်မရဲတွေနှင့် တွေတွေဝေဝေဖြစ်သွား၏။ ထို့နောက် မျက်မှောင်ကို တစ်ချက်ကျုံ့လိုက်ရင်း စားပွဲခုံကို လက်ဖြင့် ဘုန်းကနဲမြည်အောင်ပုတ်ကာ စိတ်ဆိုးမာန်ဆိုးလေသံနှင့်…

"တော်ပြီဟာ…ငါ့ကို ဒီအကြောင်းနဲ့ ပတ်သက်ပြီး ဘာတစ်ခွန်းမှ ထပ်ပြီးမပြောကြနဲ့တော့…၊ အေး…အခုငါပြန်မယ်။ ငါကားနဲ့လိုက်ချင်တဲ့သူတွေ ပြန်လိုက်ခဲ့…."

ပြောပြောဆိုဆို ဝဏ္ဏအောင်က မိုးကျော်တို့အားလုံးကိုပါ မျက်လုံးဖြင့် ဝေ့ပြီးကြည့်လိုက်သည်။ အားလုံးကတော့ မတုန်မလှုပ်။ ခဏကြာမှ မိုးကျော်က

"ငါနဲ့စောထူးဝါးက အင်တာနက်ဆိုင်သွားဖို့ တိုင်ပင်ထားကြတယ်။ အိမ်မပြန်ချင်သေးဘူး…"

ထို့နောက် ဝဏ္ဏအောင်၏ မျက်လုံးတွေက သခင်ဘင်အောင်

www.burmeseclassic.com

www.burmeseclassic.com



ခင်မာဝေနှင့် ဖြိုးမောင်မောင်တို့ကိုပါ ဆက်ပြီးကြည့်လိုက်၏။ သဇင်ဝင်းတင့်က…

"ငါ..အတန်းတက်ဖို့ တစ်ခုရှိသေးတယ်…မေဂျာချိန်ဆိုတော့ လွှတ်လို့မဖြစ်ဘူးလား…"

ဖြိုးမောင်မောင်နှင့် ခင်မာဝေတို့မှာ ဝဏ္ဏအောင်ကို ဘာဖြေရှင်းချက်တွေမှ ပေးမနေတော့ပဲ သူတို့၏ခေါင်းများကိုသာ ဖြည်းညှင်းစွာ ခါရမ်းပြလိုက်တော့သည်။

ဝုန်းကနဲထိုင်ခုံမှ ထကာ လှည့်ထွက်သွားသော ဝဏ္ဏအောင်၏ ကျောပြင်ကိုကြည့်ကာ စောထူးဝါးက သဇင်ဝင်းတင့်တို့ကို အပြစ်တင်သလိုနှင့် ပြောလိုက်၏။

"ငါနဲ့ မိုးကျော်က တကယ်အင်တာနက်ဆိုင်သွားမှာဟ။ နင်တို့က သူနဲ့လိုက်ပြန်လဲရတဲ့ဟာကို…"

သဇင်ဝင်းတင့်ကလဲ စားပွဲပေါ်တင်ထားသော သူမ၏ ကျောပိုးအိတ်ကို ကောက်လွယ်လိုက်ပြီး

"ဟဲ့…ငါကလဲ နောက်မို့ဆို သူနဲ့ပြန်လိုက်သွားပါတယ်။ အခုတောင် မေဂျာချိန်က နီးနေပြီ…"

ထိုစဉ်…ဂျိမ်းကနဲ ကားတံခါးပိတ်သံနှင့်အတူ..

အအေးဆိုင်ရှေ့မှ ဝေါကနဲမောင်းထွက်သွားသည့် ဝဏ္ဏအောင်၏ PARDO ကား အစိမ်းပုတ်ရောင်ကြီး၏ နောက်မြီးကို လှမ်းတွေ့ လိုက်ရသည်။

အခန်း (၈)

"ဒုန်း…ချမ်း…ဒုန်း…ချမ်း…"

အဆက်မပြတ် တီးခတ်နေသော ဗုံနှင့်လင်းကွင်းသံ ဆူညံညံ …ကြောင့် ကားမှတ်တိုင်သို့ ခပ်သုတ်သုတ်လျှောက်နေသော သဇင်ဝင်းတင့် ၏ ခြေလှမ်းတွေက အနည်းငယ်တုံ့ဆိုင်းဆိုင်းပင် ဖြစ်သွားသည်။

သဇင်ဝင်းတင့်တစ်ယောက် ဒီနေ့ကျမှ အိပ်ယာထနောက်ကျပြီး …ယ်ရီကားကို မမှီလိုက်။ သူမအလှပြင်ဆင်နေသည့် အချိန်ကပင် တော်တော် …ကြာသွားခဲ့သည်။ တော်သေးသည်။ ဒီမနက်အတန်း တက်ရမည့်အချိန် …တွေက မိုင်နာချိန်တွေများသဖြင့် ပြဿနာသိပ်မရှိလှ…။ ထို့ကြောင့် …ိုင်းကားနှင့် အေးအေးလူလူသွားရန်ပင်ဆုံးဖြတ်လိုက်ပြီး ကားမှတ်တိုင်ရှိရာ သို့ လျှောက်လာခဲ့သည်။

မှတ်တိုင်အနီးသို့ ရောက်လာကာမှ ထူးဆန်းသည့် ဗုံသံနှင့် … …င်းသံတို့ကို ကြားလိုက်ပြီး သူမ၏မျက်လုံးတွေက အသံကြား…

www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်မိလိုက်ခြင်းပင် ဖြစ်သည်။

ကားမှတ်တိုင်ဘေးမှ ဝိုင်းအုံပြီးကြည့်နေသသည့် လူအုပ်ကြီးမှာ ကလေးကောလူကြီးပါမကျန် ယောကနဲ ဝါးကနဲဖြင့် ပွဲကျနေလျက် ရှိသည်။

"ဒုန်း…ချမ်း…ဒုန်း…ချမ်း…"

"ကျွန်တော်က…ခင်ဗျားတို့ဆီက ပိုက်ဆံကို အတင်းတောင်းနေတာ မဟုတ်ဘူးခင်ဗျာ…ဟောဒီမြွေရဲ့ အစာဖိုးအတွက် စေတနာရှိသလောက် အလှူငွေတောင်းတာပါ…၊ နောက်ပြီးရင် ပြသမဲ့ပြကွက်က ဟောဒီ ပါးပြင်းထောင်နေတဲ့ မြွေကို ကျွန်တော်က မန်းမှုတ်လိုက်တာနဲ့ သူ့အလိုလို ပချုပ်ထဲကို ပြန်ပြီး ဝင်သွားမှာဖြစ်ပါတယ်…"

"ဖျောင်း…ဖျောင်း…ဖျောင်း…ဖျောင်း…"

ထိုလူ၏စကားသံဆုံးသည်နှင့် ဘေးမှဝိုင်းကြည့်နေကြသော လူအုပ်ကြီးက လက်ခုပ်လက်ဝါးတွေ တီးလိုက်ကြသည်။

သဇင်ဝင်းတင့်က အခုလိုမြွေအလမ္ပယ်ပြသည့် ပွဲမျိုးကို တစ်ကြိမ်တစ်ခါမှမမြင်ဘူးသဖြင့် ဝိုင်းအုံပြီး ကြည့်နေကြသော လူအုပ်ထဲသို့ တိုးဝင်ပြီးကြည့်လိုက်သည်။

စောစောက အလှူခံနေသည့် မြွေအလမ္ပယ်ဆရာဆိုသူမှာ ခေါင်းတွင် အဝတ်ပိတ်စတစ်ထည်ကို ခေါင်းပေါင်းထားပြီး လက်ထဲတွင်လည်း တစ်ပေကျော်ကျော်ခန့်ရှည်လျားသည့် တုတ်တစ်ချောင်းကို ကိုင်ထား၏။ ထိုသူ၏ နောက်တွင်တော့ ဗုံနှင့်လင်းကွင်းတစ်ချပ်ကို အဆက်မပြတ်တီးနေသည့် လူငယ်တစ်ယောက်ကိုပါ တွေ့လိုက်ရသည်။

မြွေအလမ္ပယ်ဆရာ၏ရှေ့မှ မြေကွက်လပ်တွင်တော့ ပါးပြင်းဘထောင်ထောင်နှင့် မည်းနက်နေသော မြွေကြီးတစ်ကောင်က ဘယ်



…ထိမ်းနွဲ့နေ၏။ ထိုစဉ် မြွေအလမ္ပယ်ဆရာက ထိုမြွေကြီးကို အမြီးမှကိုင်…ီး နောက်သို့ ဆွဲယူတွန်းဖယ်လိုက်သည်။

"အဟမ်း အဟမ်း…ကြည့်ရှုအားပေးနေကြတဲ့ ပရိသတ်ကြီး…ခင်ဗျာ…ကျေးဇူးပြုပြီး နောက်နားလေးကို နဲနဲဆုတ်ပေးပါခင်ဗျာ… အခု…ျွန်တော်မြေကြီးမှာ စည်းဝိုင်းတစ်ခုတားလိုက်ပါမယ်…အဲဒီစည်း…ထဲကိုကျော်ပြီး ဝင်မလာကြဖို့တော့ ကျွန်တော်ကြိုတင်ပြီး သတိပေးထား…ါရစေခင်ဗျာ…၊ ဘာကြောင့်လဲ…ကျော်ရင်ကော ဘာဖြစ်မလဲကွာ၊ …ဲ…မေးစရာတော့ ရှိတာပေါ့…"

"မမေးပါဘူးကွာ…မင်းဖာသာမင်း ပြစရာရှိတာပြစမ်းပါ…"

ရပ်ပြီးကြည့်နေကြသော ပရိသတ်များထဲမှ စိတ်မရှည်တော့သည့် …သံတွေက ဟိုမှဒီမှ တီးတိုးကြားနေရသည်။ ရှေ့ဆုံးမှ ရပ်ပြီး ကြည့်နေ…ကြသည့် လူအဝိုင်းပတ်ပတ်လည်ကြီးက မြွေအလမ္ပယ် ဆရာ၏စကား…ကြောင့် နောက်သို့ ခြေလှမ်းတွေ နှစ်လမ်းသုံးလှမ်း ဆုတ်လိုက်ကြ၏။ …ို့နောက် အလမ္ပယ်ဆရာက သူ့လက်ထဲမှ တုတ်နှင့် မြေပြင်ကိုခြစ်ပြီး …စည်းဝိုင်းအကြီးကြီးတစ်ခုကို လှည့်ပတ်ပြီး တားလိုက်သည်။ သူတားလိုက်…သော စည်းဝိုင်းက သဇင်ဝင်းတင့်နှင့်အတူ ရှေ့မှရပ်ကြည့်နေကြသည့် …ရိသတ်ကြီး၏ ခြေထောက်တွေ ရှေ့နားမှပင် ဖြတ်သွား၏။ ထိုသူက

"အခုတားလိုက်တဲ့ စည်းဝိုင်းရဲ့အပြင်ကို ကျွန်တော်ရဲ့ခိုင်း…ချက်မရမချင်း ဟောဒီမြွေဟာ အပြင်ကို မထွက်တော့ပါဘူး…။ ထို့ပရိသတ်…ကြီးလဲ ဒီစည်းဝိုင်းထဲကို နဲနဲမှကျော်ဝင်မလာကြပါနဲ့…ကျော်ဝင်လာ…ဘပြိုင်နက် ဒီမြွေက အန္တရာယ်ပြုနိုင်ပါတယ်"

အနည်းငယ် ကျယ်ဝန်းသွားသော ကွက်လပ်ထဲတွင် …

www.burmeseclassic.com

www.burmeseclassic.com



မြွေက တွန့်လိမ်ကွေ့ကောက်ပြီး ဟိုဟိုဒီဒီတွေကို သွားချင်နေပုံရသည်။ ဒါကို အလမ္ပာယ်ဆရာကလဲ ပရိသတ်ကို စကားတွေ ပြောနေရာမှ မြွေကို လက်ရဲဇက်ရဲနှင့် လှမ်းလှမ်းပြီး ဆွဲနေရသည်။

''ပရိသတ်ကြီးခင်ဗျာ ဒီမြွေက အရမ်းအဆိပ်ပြင်းတဲ့တောကြီး မြွေဟောက် အမျိုးအစားပါ။ အဲ...သူတို့တော့ ဟိုး ရိုးမတောကြီးထဲကနေ မိလာခဲ့တာပါ...၊ ထူးခြားတာကဒီကောင်ကြီးဟာ သက်တမ်းအားဖြင့်...''

သဇင်ဝင်းတင့်က အလမ္ပာယ်ဆရာ ရှင်းပြနေသော စကားတွေကို ဆက်ပြီး မကြားတော့...။

''ဟင်...ရိုးမတောကြီးထဲက မိလာတဲ့မြွေကြီးဆိုပါလား... ငါတို့ရောက်ခဲ့တဲ့ ရိုးမတောထဲကများ ဖြစ်နေမလားမသိဘူး...ဒီမြွေကို ကြည့်ရတာ မြွေတစ်ရာဘုရားက အုတ်တိုင်ပေါ်မှာ ပါးပြင်ထောင်နေတဲ့ မြွေရုပ်ထုတွေလိုပဲ...လည်ပင်းနေရာမှာ ပစောက်ပုံသဏ္ဍာန်နဲ့...''

ထိုစဉ်..

''ဖွီး...''

အလမ္ပာယ်ဆရာက ထိုမြွေ၏ ဦးခေါင်းကို လက်နှင့်ပုတ်လိုက်သည်နှင့် ဒေါသထွက်သွားသောမြွေကြီးမှ ဖွီးကနဲ သူ့ကို လှမ်းပြီးပေါက်လိုက်၏။ လျှင်မြန်ဖြတ်လတ်လွန်းသော အလမ္ပာယ်ဆရာမှာ သူ့လက်ကို အချိန်မီ ပြန်ရုပ်ပြီး ယုတ်လိုက်နိုင်သည်။ ထို့နောက်...ထိုသူက လက်ထဲမှ တုတ်ချောင်းနှင့် ဒေါသထွက်နေသည့် မြွေကိုညွှန်ပြရင်း

''ဟောဒီလို ဒေါသပြင်းထန်နေတဲ့ တောကြီးမြွေဟောက်ဟာ ...မကြာခင် ကျွန်တော်ရဲ့ အာဏာစက်အောက်မှာ ဘယ်လိုပြားပြားဝပ်ပြီး



ခိုင်းရင်ခိုင်းတဲ့အတိုင်း ဖြစ်သွားမလဲဆိုတာ... ပရိသတ်ကြီးမြင်တွေ့ရတော့မှာ ဖြစ်ပါတယ်...ကျေးဇူးတင်ပါတယ်...''

ပရိသတ်အားလုံး၏ မျက်လုံးတွေက အလမ္ပာယ်ဆရာနှင့် ပါးပြင်းထောင်ပြီး ဒေါသထွက်နေသည့် မြွေကြီးကို ကြည့်ရင်း အသည်းတယားယားနှင့် ဖြစ်နေကြသည်။ သဇင်ဝင်းတင့်မှာလဲ တဆတ်ဆတ် တုန်ယင်နေသော သူမ၏ ရင်ဘတ်ပေါ်သို့ ကျောပိုးအိတ်နှင့် ဖိထားရ၏။

''အင်း...ဘာပဲပြောပြော...ဒီမြွေက မြွေတစ်ရာဘုရားက မြွေဘုရင်တစ်ကောင်ဖြစ်ချင်လဲ ဖြစ်နေနိုင်တာပဲ...ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ...ငါဖြစ်ချင်တဲ့ ဆန္ဒတွေကို စမ်းပြီး ဆုတောင်းကြည့်ရင်ကောင်းမယ်...''

ဒေါသထွက်ပြီး ပါးပြင်းကို ခွက်နေအောင်ထောင်ထားသည့် မြွေကြီး၏နောက်ကျော်မှနေ၍ အလမ္ပာယ်ဆရာက သူ၏လက်ဖဝါးကိုယမ်းပြီး ပြန့်ဝိုင်းကာ ပါးစပ်မှ ဘာတွေကို မန်းမှုတ်နေသည်မသိ။ တတွတ်တွတ်နှင့် ရွတ်နေ၏။

သဇင်ဝင်းတင့်က သူတို့ပရိသတ်ဆီသို့ မျက်နှာမူနေသော မြွေကြီးကိုကြည့်ကာ စိတ်ထဲမှကြိတ်ပြီး ဆုတောင်းလိုက်သည်။

''ဒီမြွေက အကောင်တစ်ရာမြောက်မြွေဘုရင်ဖြစ်ခဲ့ရင်...ငါ ဖြစ်ချင်နေတဲ့ ရုပ်ရှင်မင်းသမီးနဲ့ မော်ဒယ်အလုပ်တွေကို အမြန်ဆုံး လုပ်ရပါစေ...''

ထိုသို့ စိတ်လွှတ်ကိုယ်လွှတ် ဆုတောင်းလိုက်ပြီးမှ သူမသိုင်း သူမ ရယ်ချင်သည့် စိတ်တွေကို မနည်းထိန်းထားလိုက်ရသည်။ ဒီအရွယ် သာ မိုးကျော်တို့ အုပ်စုသိသွားလျှင် ဒီထက်ပိုပြီး သူမကို လှောင်ကြမည်

www.burmeseclassic.com

www.burmeseclassic.com



မှာ သေချာ၏။

ထိုစဉ်…

မြွေအလမ္ပယ်ဆရာက မြွေကို ဒေါသနှင့် ကြိမ်းမောင်းနေသည့် အသံကို ကြားလိုက်ရသည်။ သူ့လက်တစ်ဖက်က တစ်ပေသာသာ တုတ်တစ်ချောင်းကို ကိုင်ထားပြီး ကျန်လက်ဖဝါးတစ်ဖက်က ပါးပြင်းထောင်နေသည့် မြွေ၏ခေါင်းပေါ်ကို မထိတထိ အုပ်မိုးထားကာ ဘေးမှ ပချုပ်အတွင်းသို့ ဝင်ရန်နိုင်းစေနေ၏။

အလမ္ပယ်ဆရာနိုင်းစေနေသည်တို့က ဘာတစ်ခုမ အရာမထင်ပဲ ထိုမြွေကြီးမှာ….မတ်တပ်ရပ်ပြီးကြည့်နေသည့် ပရိသတ်များကြားမှ သဇင်ဝင်းတင့်ရှိရာဆီကိုသာ မျက်နှာမူလျက် စူးစူးဝါးဝါးစိုက်ကြည့် နေသည်။

သဇင်ဝင်းတင့်၏ မျက်လုံးတွေက ချက်ချင်းဆိုသလို သူ့အနီးမှာ ဘေးပတ်ဝန်းကျင်မှ ရပ်ကြည့်နေသော လူတွေကိုပါ ပြူးပြူးပြာပြာ လှည့်ကြည့်လိုက်၏။ သေချာတာကတော့ ထိုမြွေ၏ ရဲရဲနီနီနေသော မျက်လုံးအစုံက သူမထံသို့သာ စူးစူးရှရှ စိုက်ကြည့်နေခြင်းပင်…။

“ဟင်”

ထိုနေ့က သဇင်ဝင်းတင့်မှာ ကျောင်းသို့ အတော်လေးနောက်ကျပြီးမှ ရောက်သွားသည်။ သူမကျောင်းသို့ရောက်သောအခါ မိုးကျော်တို့တွေကို ထိုင်နေကျအအေးဆိုင်တွင် မတွေ့ရတော့…။ အားလုံးက အသီးသီး အတန်းတွေ တက်နေကြပြီထင်၏။



အချို့ကျောင်းသားတွေကတော့ ကျောင်းအပြင်မှ ဆိုင်တန်းများတွင် ဟိုနေရာစုစု ဒီနေရာစုစုနှင့် တွေ့နေရပြီး ကျောင်းဝင်းအတွင်းမှ ကော်ရစ်တာ တစ်လျှောက်တွင်တော့ အတန်းချိန်မှီအောင် အလုအယက်နှင့် သွားနေကြသော ကျောင်းသူတစ်ချို့ကိုလဲ တွေ့နေရ၏။ သဇင်ဝင်းတင့်က ထိုကျောင်းသူတွေ၏ နောက်မှ ခပ်သွက်သွက်လေး လိုက်လျှောက်သွားပြီး သင်္ချာဌာနဘက်သို့ သွားရာကော်ရစ်တာသို့ ချိုးကွေ့လိုက်၏။

သူတို့ သင်္ချာဌာနဖက်မှ ကော်ရစ်တာတွင် ထိုနေ့မှ ထူးထူးခြားခြားပင် ရုပ်စုရုပ်စုနှင့် လူစည်ကားနေ၏။ သဇင်ဝင်းတင့်က ထိုလူစည်းကားနေသော နေရာကို ကြည့်ကာ သူနှင့်မျက်မှန်းတန်းမိနေသော ကျောင်းသူတစ်ယောက်ကို လှမ်းမေးလိုက်၏။

“ဟိတ်…ဒီမှာ၊ အဲဒါဘာလုပ်နေကြတာလဲဟင်”

“သြော်…အဲဒါလား ရုပ်ရှင်လာရိုက်နေတာလေ…မင်းသမီးက မိုးမမတဲ့…မင်းသားကတော့ ဘယ်သူမှန်းတို့လဲမသိဘူး…”

သဇင်ဝင်းတင့်မေးသည့် မေးခွန်းထက်ပင် ထိုကျောင်းသူက ပိုပြီး ဖြေနိုင်သည်ဟုဆိုရမည်။

ရုပ်ရှင်ရိုက်ကွင်းဟု ကြားလိုက်သည်နှင့် သဇင်ဝင်းတင့်မှာ စိတ်ဝင်စားသွား၏။ အထူးသဖြင့် အခုလာရိုက်နေသည့် မင်းသမီးမိုးမမ၏ သရုပ်ဆောင်ကွက်တွေက ပီပြင်လွန်းသဖြင့် ဟိုးအရင်ကတည်းက သူ့စိတ်ဝင်စား နေခဲ့သည်။

ထို့နောက် သဇင်ဝင်းတင့်က ရုပ်ရှင်ရိုက်နေသည့်နေရာဆီသို့ ခြေလှမ်းမလည်းနှင့် သွားပြီးကြည့်လိုက်သည်။

ထိုရိုက်ကွင်းတစ်ခုလုံးကို ညွှန်ကြားနေသည့် ဒါရိုက်တာအား

www.burmeseclassic.com

www.burmeseclassic.com



သေသေသေးညှက်ညှက်နှင့်ဖြစ်ပြီး သူ့အေးတွင် ရပ်နေကြသည့် မင်းသမီးနိုင်ငံနှင့် အခြားအမျိုးသမီး သရုပ်ဆောင်နှစ်ယောက်ကို ဇာတ်ဝင်ခန်းတွင် ပြောဆိုရမည့် Dialougeတွေကို ရှင်းပြပြောဆိုနေသည်။ ထို့နောက် ဒါရိုက်တာ သူ့အားမှ ခပ်ဝဝနှင့်လူကို

"ကဲ…ရှုတင်မန်နေဂျာ…ခင်ဗျားကိုရှာခိုင်းထားတဲ့ လူတွေ ရောက်ပြီလား‥ရောက်ရင်တစ်ခါထဲ ရိုက်မယ်…အချိန်မရှိဘူး"

ရှုတင်မန်နေဂျာက ဒါရိုက်တာကို ပြာပြာသလဲနှင့်

"ဩော်…ရောက်တော့မှာပါ ကိုဇော်…ကျွန်တော်သူ့ကို သေချာမှာထားပြီးပါပြီ…တကယ်လို့ ရောက်မလာရင်လဲ။ ကျွန်တော် တစ်ယောက်ယောက်ကို အဆင်ပြေအောင် လုပ်ပေးပါမယ်…"

ရပ်ရှင်ရိုက်သည့် မီးတွေမှန်ချပ်တွေ အသံဖမ်းသည့်မိုက်တွေက ကျောင်း၏ နံရံတစ်ဖက်တွင် မှီထောင်ထားကြပြီး ကင်မရာမင်း(န်)တွေကလဲ အခုချိန်ထိ ရိုက်ကွင်းဆီသို့ ရောက်မလာသေးသော ဇာတ်ပို့ကို စိတ်မရှည်ပဲစောင့်နေကြရသည်။ ဒါရိုက်တာက…

"ခင်ဗျားကို ပြောလိုက်ရင် ဒီလိုချည်းပဲ…အခုပဲကြည့်လေ၊ ဘယ်နှစ်နာရီရှိနေပြီလဲ၊ ကျုပ်က ဘယ်အချိန်သွားပြီး အလုပ်လုပ်ရမှာလဲ…"

ဒါရိုက်တာ၏ စိတ်ပျက်လက်ပျက်ဖြစ်သွားသော အသံက တင်းမာနေ၏။ ထို့နောက် ဘေးမှမတ်တပ်ရပ်ပြီး ကြည့်နေသည့် ကျောင်းသူများထဲမှ သဇင်ဝင်းတင့်၏ ထူးထူးခြားခြားမျက်နှာကို မြင်သွားပြီး ချက်ချင်းသူ့အမူအရာပြောင်းသွား၏။ ဒါရိုက်တာက သဇင်ဝင်းတင့်၏ မျက်နှာနှင့် ကိုယ်လုံးကိုယ်ပေါက်တို့ကို အကဲခပ်လိုက်ပြီး ရယ်ကျဲကျဲနှင့် သူမရှိရာသို့လျှောက်လာကာ…



"ဟို…ဒီက သမီး၊ ဦးက ဒါရိုက်တာကိုဇော်(အာရှ…)ပါ၊ ဟိုလေ ဦးကိုတစ်ချက်ကူညီပေးပါလား…၊ သမီးကူညီရမှာက ဒီကော်ရစ်တာအတိုင်း မင်းသမီးမိုးမမနဲ့အတူတွဲ လျှောက်လာပြီး စကားလေးတစ်ခွန်းနှစ်ခွန်း ပြောပေးရင်ရပါပြီ…၊ လုပ်ပါသမီးရယ် ကျေးဇူးတင်ပါတယ်…၊ နောက်ပြီး သမီးရဲ့ ရုပ်ရည်လေးကလဲ ဒီဇာတ်ကောင် နေရာမှာ အဆင်ပြေနေလို့ပါ…"

မထင်မှတ်ပဲ…ဖြန့်းကနဲကြားလိုက်ရသည့် ဒါရိုက်တာ၏ စကားကြောင့် သဇင်ဝင်းတင့်မှာ တစ်ကိုယ်လုံး ကြက်သီးမွေးညှင်းများပင် ထသွားသည်။ ပြီးတော့ သူမ၏ဝါသနာနှင့် တိုက်တိုက်ဆိုင်ဆိုင်ပင်၊ ဒါရိုက်တာကလည်း စိတ်လိုလက်ရနှင့် အကူအညီတွေတောင်းနေ၏။

ထိုစဉ် စောစောက ရှုတင်မန်နေဂျာဆိုသူကလဲ ရောက်လာပြီး…

"ဟုတ်ပါတယ် သမီးရယ်…ခဏလေးပါ‥သမီးရုပ်သမီးရည်လေးက ဘာမှပြောစရာမရှိပါဘူး…လုပ်ကြည့်လိုက်ရင် ဖြစ်သွားမှာပါ…"

သူတို့ သိပ်ပြီးကြာကြာမစည်းရုံးလိုက်ရ။ သဇင်ဝင်းတင့်က နဂိုထဲက စိတ်ပါပြီးသားဖြစ်သဖြင့် အားလုံးအဆင်ပြေသွားကြသည်။

"ဟုတ်ကဲ့ပါ…သမီးတတ်သလောက်တော့ ဦးတို့ကို ကူညီပေးပါမယ်…ပြောရမယ့် Dialougeနဲ့ ဘယ်လိုအမူအရာတွေ လုပ်ပေးရမလဲဆိုတာကိုသာပြောပါ‥"

ဒါရိုက်တာနှင့် ဇာတ်ညွှန်းရေးဆရာတို့မှာ သဇင်ဝင်းတင့်၏ စေတနာကြောင့် ဝမ်းသာအားရတွေနှင့်ဖြစ်သွားပြီး သရုပ်ဆောင်ရမည့် အမူအရာနှင့် Dialouge တို့ကို နှုတ်တိုက်ချပေးလိုက်ကြသည်။

ထိုစဉ် သူမနှင့်အတူ သရုပ်ဆောင်ရမည့် မင်းသမီးနှင့်အတူ လျှောက်

www.burmeseclassic.com

www.burmeseclassic.com



လာပြီး Rehearsal အတူ လုပ်ကြည့်ကြသည်။

ထိုဇာတ်ဝင်ခန်းတွင် မင်းသမီးမိုးမမမှာ တက္ကသိုလ်ကျောင်းမှ ဆရာမတစ်ယောက်ဖြစ်ပြီး သဇင်ဝင်းတင့်ကတော့ သာမန်ကျောင်းသူ တစ်ယောက်အဖြစ် သရုပ်ဆောင်ရသည်။

မီးတွေ မှန်တွေ ထိုးလိုက်သောအခါ သဇင်ဝင်းတင့်၏ မျက်နှာက တကယ့်ဝါရင့်မင်းသမီးတစ်ယောက်ကိုပင် ကြည့်ကောင်းနေ၏။ သူမ၏ ဘေးမှ မင်းသမီးမိုးမမနှင့် ယှဉ်လျှင်ပင် ကိုယ်လုံးကိုယ်ပေါက်ကော အမူအရာပါ ထူးထူးခြားခြားနှင့် ဖြစ်နေသည်။ ဒါရိုက်တာကိုဇော် (အာရဇ်ဦး)က ရိုက်ကွင်းပြီးသောအခါ သဇင်ဝင်းတင့်ကို မျက်စိကျပြီး

"သမီး…နာမည်က ဘယ်လိုခေါ်လဲ…ရုပ်ရှင်ရိုက်တာတွေ ဘာတွေ ဝါသနာပါပုံရတယ်…မင်းသမီးလုပ်ကြည့်ပါလား…"

ဟုဆိုကာ သူမထံမှ လိပ်စာနှင့် ဖုန်းနံပါတ်တို့ကိုတောင် ယူသွား၏။

☯

ထိုနေ့က တက္ကသိုလ်တစ်ခုလုံး သချ်ာမေဂျာမှ သဇင်ဝင်းတင့် တစ်ယောက် ရုပ်ရှင်ဝင်ရိုက်နေသည်ဆိုသော သတင်းက ချက်ချင်းပင် ပျံ့နှံ့သွားသည်။ သဇင်ဝင်းတင့် အတန်းတက်နေသည့်အချိန်ပင် အခန်းရှေ့မှ ကျောင်းသားအချို့က သူမကိုလာပြီး ကြည့်နေကြ၏။

သဇင်ဝင်းတင့်မှာလည်း သူဖြစ်ချင်နေသည့် သရုပ်ဆောင် အလုပ်ကို ဒီနေ့မှ ထူးထူးဆန်းဆန်းလုပ်လိုက်ရသဖြင့် ကိုယ့်ကိုကိုယ်ပင် အံ့ဩကျေနပ်နေမိသည်။ တစ်ချိန်ထဲမှာပင် သူမ၏စိတ်တွေက တစ်စုံတစ်ရာ



ကြောင့် လေးလံထိုင်းမှိုင်းနေသလို စိတ်တာထင့်ထင့်နှင့် ဖြစ်နေမိသည်။

"ငါ့ ဆုတောင်းတွေက တကယ်ပဲပြည့်သွားခဲ့ပြီလား…၊ အခုလို အဖြစ်အပျက်တွေကိုသာ ခင်မာဝေနဲ့ ဖြိုးမောင်မောင်တို့သိရင် ဝတ္ထုအောင်လို မျိုး ငါ့ကို ဒုက္ခတွေမကြာခင်ရောက်တော့မယ်လို့ ပြောမှာသေချာတယ်…၊ နိုး‥တိုက်ဆိုင်လို့ပဲဖြစ်ဖြစ်…ဘာပဲဖြစ်ဖြစ်ပေါ့… အခုအချိန်မှာ ဒီအကြောင်း တွေကို မေ့ထားတာအကောင်းဆုံးပဲ…"

သဇင်ဝင်းတင့်က စာသင်ခန်းအပြင်သို့ ထွက်လာရင်း မိုးကျော် တို့ အုပ်စုကို မျက်လုံးဝေ့ယမ်းပြီး ရှာဖွေကြည့်လိုက်၏။ စာသင်ခန်း အပြင်ဘက်စင်္ကြံတစ်လျှောက်တွင် မနက်က ရုပ်ရှင်ဝင်ရိုက်လိုက်သည့် သတင်းကြောင့် ကျောင်းသားတွေက ဟိုနားတစ်စု ဒီနားတစ်စုနှင့် သူမကို ထွက်ကြည့်ကွက်ကြည့် လုပ်နေကြကာ‥ဘာတွေကို တီးတိုး ပြောနေကြ သည်မသိ။ ထိုအပြင်ဖက်ကော်ရစ်တာ တစ်လျှောက်တွင် မိုးကျော်၊ စောထူးဝါး နှင့် ဝတ္ထုအောင်တို့ကို မတွေ့…။ ခင်မာဝေနှင့် ဖြိုးမောင်မောင်တို့ စာသင်ဆောင် တွေဘက်သို့ လှမ်းကြည့်လိုက်သော်လည်း တစ်ယောက်တစ်လေကိုမှ မတွေ့ ရချေ…။

"ဒီကောင်တွေ…မနက်က ငါရုပ်ရှင်ဝင်ရိုက်တယ်ဆိုတဲ့ သတင်း က ဟောဒီတစ်ကျောင်းလုံးသိနေကြတဲ့ဟာ…၊ ဒီ ကောင်တွေမသိဘဲနေမှာ မဟုတ်ဘူး…၊ သိရက်သားနဲ့ ငါ့ဆီကို မလာတာ သက်သက်ခဲ့လို့ ဂရုမစိုက်ချင်ယောင်ဆောင်နေကြတာပဲ ဖြစ်မယ်…၊ ဟိုကောင် ဝတ္ထုအောင် ဆိုရင်လဲ ငါ့ကိုမင်းသမီးရူးလို့တောင် မခံချင်အောင်စနေကျ…ဘာပဲ ပြောပြော သူတို့တွေနဲ့တွေ့မှ ငါဘယ်လိုသရုပ်ဆောင်လိုက်တာဆိုတာ ပြောကိုပြောပြရမယ်…"

www.burmeseclassic.com



ထို့နောက် သဇင်ဝင်းတင့်က သူတို့ထိုင်နေကျ အအေးဆိုင်သို့ ထွက်လာခဲ့သည်။ ထိုအအေးဆိုင်တွင်တော့ မိုးကျော်၊ စောထူးဝါး၊ ခင်မာဝေနှင့် ဖြိုးမောင်မောင်တို့ကို တွေ့လိုက်ရသည်။

☯

အအေးဆိုင်အတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် မိုးကျော်တို့ အားလုံးက သူမကို စပ်ဖြီးဖြီးအမူအရာတွေနှင့် လှမ်းပြုံးကြည့်နေကြ၏။ ထို့နောက် မိုးကျော်က သူ့လက်ထဲမှ လက်ကိုင်ဖုန်းကို ဟိုနှိပ်ဒီနှိပ် လုပ်နေရင်း

"ဘယ်လိုလဲ…ဒီနှစ်အကယ်ဒမီပေးပွဲမှာ…ထူးထူးခြားခြား ဖြတ်လျှောက်မင်းသမီးတစ်ယောက် အကယ်ဒမီရမယ်ပြောသံကြားတယ်…ဟီး ဟီး…"

သဇင်ဝင်းတင့်က စားပွဲပေါ်သို့ သူ့ကျောပိုးအိတ်ကို ပစ်တင်လိုက်ရင်း…

"ဟဲ့…ဒီမှာ…၊ ငါက သူများတွေလို မင်းသမီးဖြစ်ချင်လို့ အောက်ကျနောက်ကျခံပြီး သရုပ်ဆောင်သွားအရွေးခံတာမဟုတ်ဘူး… ဒါရိုက်တာကကို ငါ့ကိုသဘောကျလို့ တောင်းတောင်းပန်ပန် လာပြောရတာ…ဘာမှတ်နေလဲ…"

ထိုစကားကြောင့် အားလုံးက သူမကို မဲ့ကာရွဲ့ကာဖြင့် ကြည့်လိုက်ကြ၏။ စောထူးဝါးကတော့

"ကဲ သဇင် နင်ကမင်းသမီးဖြစ်ပြီဆိုတော့…အထိမ်းအမှတ်လေး တစ်ခုဖြစ်သွားအောင် အခုငါတို့သောက်ထားတဲ့ အအေးဖိုးတွေ အကုန်လုံးနင်ပဲ ရှင်းလိုက်တော့…ဟဲ့. ဟဲ့"



အားလုံးကလဲ စောထူးဝါး၏စကားကို ထောက်ခံသလို လက်ခုပ်လက်ဝါးတီးပြီး အားပေးလိုက်ကြသည်။

ထိုစဉ်

"တီ…တွီး…တီ…တွီ…"

သဇင်ဝင်းတင့်၏ လက်ကိုင်ဖုန်းမှ ဖုန်းမြည်လာသံကို ကြားလိုက်ရ၏။

"ဟလို…ဟုတ်ကဲ့…ကျွန်မ သဇင်ဝင်းတင့်ပါ…"

သဇင်ဝင်းတင့်၏ ဖုန်းပြန်ထူးသံက တစ်ဖက်မှ ဖုန်းခေါ်သူနှင့် ရင်းရင်းနှီးနှီးရှိထားသည့် လေသံတော့မဟုတ်…။ နောက်ပြီး ဖုန်းပြောနေသည့်သူမ၏ မျက်နှာအမူအရာက တစ်စုံတစ်ရာကို အာရုံစူးစိုက်နေသလို ဖြစ်နေ၏။ စောစောက ပျော်ပျော်ပါးပါးနှင့်ဆူညံနေသည့် မိုးကျော်တို့အုပ်စုမှာလည်း ချက်ချင်းပြောင်းလဲသွားသည့် သူမ၏မျက်နှာကိုကြည့်ကာ တိတ်ဆိတ်သွားကြသည်။

"ကျွန်တော်က မိုးဆမ်းပန်းရုပ်ရှင်ကုမ္ပဏီကပါ…၊ ဒီနေ့ကျွန်တော်တို့ ရုပ်ရှင်ကုမ္ပဏီက ကိုဇော်(အာရဇ်ဦး) ရိုက်ခဲ့တဲ့ ဇာတ်ကားမှာ သဇင်ဝင်းတင့်ရဲ့ အမူအရာတွေကို ထူးထူးခြားခြား တွေ့လိုက်ရပါတယ်…"

တစ်ဖက်မှ ဖုန်းပြောနေသည့်အသံက သဇင်ဝင်းတင့်၏ဖုန်းထဲတွင် အကျယ်ကြီးကြားနေရသည်။ မိုးကျော် စောထူးဝါးနှင့် ခင်မာဝေတို့မှာထိုအသံကြောင့် တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်လိုက်ကြ၏။ သဇင်ဝင်းတင့်ကလဲ သူတို့အားလုံး၏ မျက်နှာတွေကိုတစ်ချက်စီ အကဲခတ်ကြည့်လိုက်သည်။ ထို့နောက် တစ်ဖက်မှ ဖုန်းပြောသည့်အသံကို ဆက်ပြီး နားထောင်နေကြပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို ထူးထူးခြားခြား သရုပ်ဆောင်အသစ်တွေကို ကျွန်တော်တို့ ကုမ္ပဏီက မင်းသမီးတင်ပြီးရိုက်ချင်ပါတယ်..."

"ဟင်..."

ရုတ်တရက်ကြားလိုက်ရသော တစ်ဖက်မှအသံကြောင့် သဇင်ဝင်းတင့်နှင့်အတူ အားလုံးက အံ့သြတကြီး ဖြစ်သွားကြသည်။ ကာယကံရှင် သဇင်ဝင်းတင့်ကိုယ်တိုင်ပင် ဘာပြန်ပြောလို့ ပြောရမှန်း မသိတော့...၊ ကြားနေရသည့်အသံတွေကြောင့် ကိုယ့်နားကိုပင် ကိုယ်မယုံကြည်နိုင်အောင် ဖြစ်နေကာ ရင်တွေက တစ်လှပ်လှပ်ပင် ခုန်နေတော့သည်။

"ဟလို...ဟလို..."

ရုတ်တရက်ကြီး ငြိမ်ကျသွားသော သဇင်ဝင်းတင့်၏ အသံကြောင့် တစ်ဖက်မှ ဖုန်းခေါ်သူက ဟလို ဟလိုဟု ကြားအောင်ပြန်ခေါ်နေရသည်။ ခဏကြာမှ သဇင်ဝင်းတင့်၏အသံက တုန်တုန်ရင်ရင်ဖြင့်

"ဟုတ်...ဟုတ်ကဲ့...ကျွန်မကြားပါတယ်၊ နားထောင်နေပါတယ်..."

"ဖြစ်နိုင်ရင်...ကျွန်တော်တို့ ကုမ္ပဏီက သဇင်ဝင်းတင့်ကို မင်းသမီးသစ်အနေနဲ့ ဇာတ်ကားတစ်ကားလောက်စမ်းပြီး ရိုက်ချင်ပါတယ်...၊ အဲဒါ သဘောတူတယ်ဆိုရင် လာမဲ့အင်္ဂါနေ့မှာ ကျွန်တော်တို့ ကုမ္ပဏီနဲ့ စာချုပ်ချုပ်ပြီး လက်မှတ်လာထိုးပေးဖို့ပြောချင်ပါတယ်..."

"ရှင်..."

ဝမ်းသာလွန်းလို့ သူမ၏မျက်ဝန်းတွေထဲမှာ မျက်ရည်စများက ဝေ့ဝဲနေ၏။ ကံကြမ္မာက နေ့ချင်းညချင်းပင် သူမ၏ဘဝကို အချိုးအဆစ်ပေါင်းများစွာ ချိုးကွေ့ပြစ်လိုက်သလို ဖြစ်သွားပြီး ဖြစ်သည်။ ထို့နောက်



သဇင်ဝင်းတင့်က

"ဟုတ်ကဲ့ပါရှင်...ကျွန်...ကျွန်မ သဘောတူပါတယ်...

လာမဲ့အင်္ဂါနေ့ကို ဆက်ဆက်လာခဲ့ပါ့မယ်..."

တစ်ဖက်က ဖုန်းပြန်ချသွားသည့်တိုင် သဇင်ဝင်းတင့်မှာ မိုးကျော်တို့အုပ်စုကို ဘာပြောလို့ပြောရမှန်းမသိအောင် ကတုန်ကရင် ဖြစ်နေမိသည်။ အားလုံးကလဲ အမှန်တကယ်ကြားလိုက်ရသော တစ်ဖက်မှ ဖုန်းပြောသံကြောင့် အံ့သြနေကြသည်။ နောက်ပြီး မင်းသမီး ဖြစ်ချင်လွန်းခဲ့သည့် သူတို့၏သူငယ်ချင်းအတွက်...ဒီတစ်ခါတော့ အလွန့်ဝမ်းမြောက်ပျော်ရွှင်နေမိကြ၏။

သဇင်ဝင်းတင့်ကတော့ အခုချိန်အထိ..သူမ၏ဆုတောင်း စကားနှင့် မနက်ကတွေ့ကြုံလာရသည့် အလမ္ပာယ်ပြပွဲက အဖြစ်အပျက်တွေကို သူတို့အားလုံးကို တမင်အသိမပေးဘဲ နေလိုက်သည်။

ရုတ်တရက် သဇင်ဝင်းတင့်ကို လက်တစ်ဖက်ကမ်းပေးလိုက်သော မိုးကျော်က-

"Congratulation သဇင်၊ နင်ဖြစ်ချင်တဲ့...မင်းသမီးတကယ် ဖြစ်ပြီဆိုတော့ ငါတို့အားလုံးက နင့်အတွက် ဝမ်းသာပါတယ်..."

သူတို့အားလုံးပျော်ရွှင်နေကြချိန်တွင် အခုအထိရောက်မလာသေးသော ဝဏ္ဏအောင်ကို သဇင်က သတိရသွားပြီး

"ဟဲ့...ဝဏ္ဏအောင်ကိုလဲ မတွေ့ပါလား..."

"ဟုတ်တယ် သဇင်...ငါတို့လဲ ဒီကောင့်ကို မနက်တည်းက မတွေ့မိသေးဘူး...ဒီကောင်သာ နင်မင်းသမီးဖြစ်ပြီဆိုတာသိရင် ဝမ်းသာမှာပဲ..."

www.burmeseclassic.com

www.burmeseclassic.com



စောထူးဝါး၏စကားကြောင့် သဇင်ဝင်းတင့်က သူ့လက်ထဲမှ လက်ကိုင်ဖုန်းဖြင့် ဝဏ္ဏအောင်ထံ ဖုန်းလှမ်းဆက်ကြည့်လိုက်သည်။ သူမ၏ လက်တွေက ဖုန်းခလုတ်တွေအပေါ် သွက်လက်မြန်ဆန်လွန်းနေ၏။

☯

ကားစတီယာရင်ပေါ် တင်ထားသော ဝဏ္ဏအောင်၏ လက်တစ်ဖက်က ဖုန်းမြည်လာသံကြောင့် ကပျာကယာနှင့် ကောက်ကိုင်လိုက်သည်။ ဒီနေ့အဖို့ အိမ်က သူ့အတော်လေးနောက်ကျပြီးမှ ကျောင်းသို့ ထွက်လာခဲ့ရသဖြင့် တစ်လမ်းလုံးကားကို အရှိန်ပြင်းပြင်းနှင့် မောင်းနှင်လာခဲ့မိသည်။

"ဟလို..."

"ဟဲ့...ဝဏ္ဏ နင်ဘယ်နေရောက်နေလဲ...ငါ...ငါလေ... အခု ရုပ်ရှင်မင်းသမီးဖြစ်ပြီဟ...သိလား...။ မနက်ကကျောင်းမှာ ရုပ်ရှင်အဖွဲ့ တစ်ဖွဲ့လာရိုက်တယ်ဟ သိလား၊ အဲဒါ ငါလေမင်းသမီး မိုးမမနဲ့တွဲပြီး ကျောင်းသူအနေနဲ့ဝင်ပြီး သရုပ်ဆောင်လိုက်သေးတယ်... အခုလဲ မိုးဆမ်းပန်း ရုပ်ရှင်ကုမ္ပဏီက ငါ့ကို မင်းသမီးတင်ပြီးရိုက်မလို့တဲ့..."

သဇင်ဝင်းတင့်၏ လေသံတွေက အလောတကြီး ပြောချင်လွန်းနေသဖြင့် အဆီအပေါ်တွေ မတည့်ပဲဖြစ်နေသည်။

"ဟင်...ဟုတ်လား...အေး..."

ဝဏ္ဏအောင်၏ အေးစက်စက်လေသံကြောင့် သဇင်ဝင်းတင့်က အားမလိုအားမရလေသံနှင့် ထပ်ပြောလိုက်ပြန်၏။

"ဟဲ့...ငါအခု ရုပ်ရှင်မင်းသမီးဖြစ်တော့မှာကို နင်က မနာလိုဖြစ်နေတာလား...နင့်အသံကြီးကလဲ အေးတိအေးစက်နဲ့..."

"မဟုတ်ပါဘူး...ဟာ..."



ကားကို ဂရုစိုက်ပြီးမောင်းနေရသည့် ဝဏ္ဏအောင်က သဇင်ဝင်းတင့်ကို ပြီးပြီးရောယာပြန်ပြောလိုက်မိသည်။ ဒါကို သဇင်ဝင်းတင့်၏ ဘေးမှာထိုင်နေကြသော မိုးကျော်တို့ အုပ်စုက ဖျတ်ကနဲ သတိရသွား၏။

"ဒီကောင် မနေ့က သူ့ကားနဲ့ ငါတို့ လိုက်မပြန်တာ စိတ်ဆိုးနေတာ လားမသိဘူး..."

ထိုစဉ်...ဝဏ္ဏအောင်၏ ဖုန်းပိတ်လိုက်သံကို ကြားလိုက်ရသည်။ ဘာပဲပြောပြော မိုးကျော်တို့ ပြောသလို သူအမှန်တကယ်ပဲ စိတ်ကောက်နေသည်လားမသိ၊ သဇင်ဝင်းတင့်က

"ဝဏ္ဏအောင် ငါတို့ကို စိတ်ဆိုးနေတာန်းလားမသိဘူးဟ... ငါ့ကို ပြန်ပြောနေတဲ့ သူ့အသံကြီးက အေးစက်စက်နဲ့ နင်တို့လိုအား ရဝမ်းသားရှိပုံ မရဘူး...။ ဘာပဲပြောပြော အဲဒီနေ့က ဖြစ်ချင်တော့ ငါ့တို့အားလုံးကလဲ သူနဲ့အတူ လိုက်မပြန်ကြတာကို သူ့စိတ်ထဲမှာ တစ်မျိုးဖြစ်သွားတယ်နဲ့ တူတယ်။ ငါတို့သူ့ကို ပြန်ချော့တော့ ချော့သင့်တယ်ဟ..."

"အေး ဟုတ်တယ်..ဒီကောင် ငါတို့ကို စိတ်ကောက်နေတာ ပဲဖြစ်မယ်...သူလာမှ ငါတို့ဝိုင်းပြီး ချော့လိုက်ကြတာပေါ့..."

စောထူးဝါးနှင့် မိုးကျော်တို့ကလဲ သူတို့အပေါ် အမြင်စောင်း သွားသည့် ဝဏ္ဏကို အမှန်တကယ်ပင် စိတ်မကောင်းဖြစ်နေမိကြသည်။

စားပွဲ၏တစ်ဖက်တွင် ထိုင်နေသည့် ခင်မာဝေကတော့ စောစောက ဖုန်းထဲတွင် ကြားလိုက်ရသော ဝဏ္ဏအောင်၏ အသံကြောင့် တစ်စုံတစ်ရာကို တွေးတောနေသလို သူမ၏ မျက်လုံးတွေက ရီဝေနေ၏။

☯

ဝဏ္ဏအောင်၏ အတွေးတွေက ကားမောင်းနေ...

www.burmeseclassic.com

www.burmeseclassic.com



ညနေက အဖြစ်အပျက်တွေ တန်းစီပြီး ခေါင်းထဲဝင်လာ၏။

''ဘာမဟုတ်တဲ့ ဆုတောင်းလေးတစ်ခုကြောင့်…ငါနဲ့အတူကားနဲ့ ပြန်လိုက်ခဲ့ဖို့ ခေါ်တာတောင် အားလုံးက မလိုက်ရဲကြတော့တာ ဘာကြောင့်လဲ‥ ဒါဟို ခင်မာဝေဆိုတဲ့ ငတိမရဲ့ မဟုတ်တန်းလျား စကားတွေကြောင့်ပဲနေမှာ…၊ တကယ်ဆိုရင် ငါတို့သူငယ်ချင်းတွေ ကြားမှာ သူနဲ့ဟိုကောင် ဖြိုးမောင်မောင်ဆိုတဲ့ ကောင်က စိတ်ဝမ်းကွဲအောင် တမင်ဝင်လုပ်နေတာပဲဖြစ်မယ်…''

ကားကို ဂီယာတဖျတ်ဖျတ်ချိန်းနေရသလို ဝဏ္ဏအောင်၏ အတွေးတွေကလဲ တစ်ခုပြီးတစ်ခုခေါင်းထဲတွင် ပေါ်လာသည်။

''ကြည့်စမ်း…အခုဆိုရင် သဇင်ဝင်းတင့်တစ်ယောက် သူဖြစ်ချင်နေတဲ့ ရုပ်ရှင်မင်းသမီးဘဝကို မကြာခင် ဖြစ်တော့မယ်…ဟိုကောင်တွေနဲ့ အတူ အခုလောက်ဆိုရင် ဘယ်လောက်တောင် ပျော်နေကြမလဲ…မသိဘူး…''

ထိုအတွေးများ၏ နောက်တွင် ဝဏ္ဏအောင်၏ခေါင်းထဲမှာ မရေမရာအတွေးတစ်ခုက ဝင်လာ၏။ ထိုအတွေးတွေက သူ့ခေါင်းထဲမှာ ဝဲဂယက်တစ်ခုလို သွက်သွက်လည်နေ၏။

''ဟင်…သူ့ရည်မှန်းချက်ပြည့်ပြီဆိုတော့…၊ ဘယ်လိုပြည့်တာလဲ…၊မတော်တဆလား…၊ တိုက်ဆိုင်မှုလား…၊ ငါလဲ အရမ်းလိုချင်နေတဲ့ ကားကို ရခဲ့တာပဲ…၊ သူလဲ ရုပ်ရှင်မင်း သမီးအရမ်းဖြစ်ချင်ခဲ့လွန်းလို့ အခုဖြစ်ရတော့မှာ ဒါတွေဟာ တိုက်ဆိုင်မှုလား…တကယ့်မတော်တဆလား…''

ထိုစဉ် ဝဏ္ဏအောင်၏ မျက်လုံးတွေက အနည်းငယ်ပြူးကျယ် ဝိုင်းစက်သွားပြီး စိတ်တွေက ထင့်ကနဲ ဖြစ်သွား၏။



''သ…သဇင်တစ်ယောက်ကော…မြွေရှေ့မှာ ဆုတွေဘာတွေများတောင်းမိလိုက်တာလား…မဖြစ်ဘူး…ငါ…ငါ သူ့ဆီကို ဖုန်းဆက်ပြီး အခုလှမ်းမေးကြည့်ရမယ်…''

ဝဏ္ဏအောင်က ကားဒက်ရှ်ဘုတ်ပေါ်တင်ထားသော သူ့လက်ကိုင်ဖုန်းကို လှမ်းယူကာ သဇင်ဝင်းတင့်၏ ဖုန်းနံပါတ်တွေကို လက်တစ်ဖက်ဖြင့် အလောတကြီး နှိပ်လိုက်မိသည်။

တုန်ယင်နေသော သူ့လက်ထဲမှ ဖုန်းခလုပ်တွေက ခဏခဏမှားပြီး နှိပ်မိနေသဖြင့် အစမှပြန်ပြီး နှိပ်နေရသည်။ ထိုဖုန်းနံပါတ်များ နှိပ်လို့ဆုံးခင်မှာပင်…

''ဘုန်း…''

''ခွမ်း…''

''ကျွီ…''

ကားရှေ့လေကာမှန်ကြီးပေါ်သို့ ဘယ်ကဘယ်လို ပြုတ်ကျလာမှန်းမသိသည့် မြွေကြီးတစ်ကောင်ကြောင့် ဝဏ္ဏအောင်၏ လက်တစ်ဖက်က ထားစတီယာရင် ဘွေကို ဘေးသို့ ဆွဲကွေ့ချလိုက်မိသည်။ သို့သော် သွေးပျက်ထိတ်လန့်မတတ် အောင်လိုက်သည့် အသံကြီးက မှန်ကွဲသံများ၊ ကားဘီးနှင့် ကတ္တရာလမ်းတို့ ဒရွတ်တိုက်ဆွဲသံများ ဘရိတ်နင်းသံများနှင့်အတူ ကျယ်ကျယ်လောင်လောင်ကြီး ထွက်ပေါ်သွားတော့သည်။

''အား…''

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

လမ်းမီးရောင် ဝါကျင်ကျင်တွေကြောင့် လှည်းတန်းလမ်းဆုံ ကြီး တစ်ခုလုံးမှာ လူတွေ၊ ကားတွေ၊ ဈေးသည်တွေ၏ပုံရိပ်တွေက ယိမ်းထိုးလှုပ်ယမ်း နေကြသည်။ ထို ဓာတ်မီးရောင် ဝါကျင်ကျင်တွေ၏ အောက်မှာ အရိပ်တွေကလဲ ရှည်လျားလျားကျနေ၏။ ထိုသို့ ရှည်ရှည်လျားလျား ကျနေသော အရိပ်တွေကြားတွင် အင်းစိန်လမ်းမကြီး၏ လူကူးမျဉ်းကျားပေါ် ဖြတ်ကူးနေသော မိုးကျော်နှင့် ခင်မာဝေ၏ အရိပ်တွေက တစ်ခါတစ်ရံ သူတို့၏ ရှေ့သို့ရောက်သွားလိုက် နောက်တွင် ကျန်ခဲ့လိုက်နှင့် ကတ္တရာ လမ်းမကြီးပေါ်တွင် ဟန်ချက်ညီညီ လှုပ်ရှားနေ၏။

ထိုနေ့ညမှ ထူးထူးခြားခြား မိုးကျော်က ခင်မာဝေ၏ အဆောင် ရှိရာသို့ ပြန်လိုက်ပို့ရင်း တစ်လမ်းလုံး ရောက်တတ်ရာရာစကားတွေ ဖောင်ဖွဲ့ ပြီး ပြောလာခဲ့သည်။ ပြီးတော့ သူ့မျက်လုံးတွေက ခင်မာဝေကို တစ်စုံတစ်ရာ ဖွင့်ဟပြောရန်…လင်းလက်တောက်ပနေသလို ထင်ရသည်။

တဖြည်းဖြည်း လျှောက်လာနေကြသည့် သူတို့၏ ခြေလှမ်းတွေက အဆောင်နားသို့ ရောက်ခါနီးလေ…နှေးကွေးလေလံလာကြလေ ဖြစ်နေပြီး



မိုးကျော်က သူ့ရင်ထဲမှ စကားတွေကို နည်းအမျိုးမျိုးနှင့် ခင်မာဝေကို ဖွင့်ပြောရန် ကြိုးစားနေမိသည်။ ထို့နောက် မိုးကျော်က ခင်မာဝေ့ မျက်နှာကို စေ့စေ့တာရဲ လှမ်းကြည့်ရင်း

"ခင်မာဝေ…၊ ဝတ္ထုကော သဇင်ဝင်းတင့်ကော ကံကောင်း ကြတယ်နော်…၊ သူတို့တွေဖြစ်ချင်တာကို သူတို့ဖြစ်ကြရတယ်…၊ ငါလဲ သူတို့လို ဖြစ်ချင်တဲ့အရာကို ဖြစ်ခွင့်ရရင် သိပ်ကောင်းမှာပဲ…"

မိုးကျော်က ပြောလက်စ သူ့စကားကို ခဏရပ်ပြီး ခင်မာဝေ၏ မျက်နှာအမူအရာကို အကဲခပ်သလိုနှင့် လှမ်းကြည့်လိုက်၏။ ခင်မာဝေ ကတော့ မိုးကျော် သူမကို ဘာစကားတွေပြောတော့မည်ကိုပင် ကြိုပြီး သိထားသည့် အမူအရာနှင့် ခေါင်းကိုသာ ငိုက်စိုက်ချရင်း ဆက်လျှောက် နေမိသည်။ မိုးကျော်က…

"နင် ပြောသလို…ဒဏ္ဍာရီထဲက ဆုတောင်းမျိုးကို ငါလဲဆု တောင်းချင်ပါတယ်…၊"

ခင်မာဝေကတော့ မိုးကျော်စကားတွေကို ဘာတစ်ခုမှ မကြားမိ သလို နှုတ်ဆိတ်နေ၏။ မိုးကျော်က အတူဘေးချင်းယှဉ်ပြီး လျှောက် လာနေရာမှ ခင်မာဝေ့အနားသို့ မသိမသာ တိုးကပ်လိုက်ပြီး…

"ငါ…ဘာဆုတောင်းမလဲ…သိလား…"

သူ့ရင်ထဲမှ စကားလုံးတွေက အစီအရီလုပ်ထားပြီးတော့မှ--- ခင်မာဝေ၏ မျက်နှာကိုကြည့်ရင်း ရင်တွေတလှပ်လှပ်ခုန်လာတာ--- ရှာမရသလိုတွေ ဖြစ်ကုန်သည်။ ခင်မာဝေကလဲ အခုအချိန်အထိ မိုးကျော်၏ စကားတွေကို ဘာတစ်ခုမှ စိတ်မဝင်စားသလိုနှင့် အေးတိ အေးစက်ကြီး နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးကျော်က လည်ချောင်းအတွင်း အလိပ်လိုက်တက်လာသော တံတွေးတွေကို အကြိမ်ကြိမ်ပြန်မျိုချရင်း…

"ငါ…ငါပြောတာ ကြားရဲ့လား ခင်မာဝေ၊ အခုလောက်ဆိုရင် နင်ငါ့ရင်ထဲက ခံစားချက်တွေကို နားလည်လောက်ရောပေါ့… ငါတကယ် ဆုတောင်းချင်တာက…နင်နဲ့ငါ…"

"တော်စမ်း…မိုးကျော်…အဲဒီမြွေရှေ့မှာ ဆုတောင်းဖို့ဆို တာ… အပြောင်အပျက်သဘောနဲ့တောင် မပြောနဲ့…"

ရုတ်တရက်လှည့်ပြီး အော်လိုက်သည့် ခင်မာဝေ့ စကားကြောင့် မိုးကျော်၏ မျက်လုံးတွေပင် ပြာဝေသွား၏။ ထို့နောက် မိုးကျော်က

"ဟင်…ဘာဖြစ်လို့လဲ…ငါ…ငါဆုတောင်းမဲ့ကိစ္စက နင် ထင် သလို အပြောင်အပျက်သဘောမျိုးမဟုတ်ဘူး ခင်မာဝေ…ငါနင့်ကိုတကယ်"

မိုးကျော်၏ စကားမဆုံးခင်မှာပင် ခင်မာဝေက…

"ဟဲ့…နင့်ကို ဒီဆုတောင်းအကြောင်း မပြောနဲ့တော့လို့ဆိုတာ မကြားဘူးလား…၊ အေး…အခုအဲဒီဆုတောင်းတစ်ခုကြောင့် ဝဏ္ဏအောင် ကော သဇင်ဝင်းတင့်ကော…ဆိုးဝါးတဲ့ နိဂုံးတစ်ခုနဲ့ ကြုံရတော့မယ်လို့ ငါ့စိတ်ထဲမှာ ထင်နေတယ်…"

ခင်မာဝေ၏ တိုတောင်းပြတ်သားလွန်းသည့် စကားကြောင့် မိုးကျော်အနည်းငယ် တုန်လှုပ်သွားသည်။ ပြီးတော့ သဇင်ဝင်းတင့်၏ ဆုတောင်းစကားကို ကြားလိုက်သည်နှင့်

"ဘာ ဘယ်လို…သဇင်ဝင်းတင့်ကလဲ ဆုတောင်းထား တယ် ဟုတ်လား…"

"ဟုတ်တယ် မိုးကျော်…သူတို့နှစ်ယောက်စလုံးက သေမင်း



နဲ့ ဆော့ကစားခဲ့ကြတယ်…"

တစ်ခဏအတွင်းမှာပင် မိုးကျော်၏ ခေါင်းတွေ ချာချာလည် နေအောင် ဖြစ်သွား၏။ သူ့ခန္ဓာကိုယ်တစ်ခုလုံးမှာလဲ လေထဲတွင် လွင့်ပါနေ သလို အရာရာက မပီဝိုးတဝါးနှင့် ဖြစ်သွားသည်။ အခု ဒီအကြောင်းတွေကို အပ်ဆက်ကျကြီးပြောနေသော ခင်မာဝေ၏ စကားတွေကိုလည်း နားမလည်နိုင် အောင် ဖြစ်နေ၏။

"နင်…နင်ဘာတွေ ပြောနေတာလဲ ခင်မာဝေ…ငါ ဘာမှ နားလည်တော့ဘူး"

ထိုစဉ်…မိုးကျော်၏ လက်ကိုင်ဖုန်းမှ ဖုန်းမြည်လာသံကို ကြား လိုက်ရသည်။

"တီ…တွီ…တီတွီ…"

ဖုန်းက သဇင်ဝင်းတင့်ထံမှ ဖြစ်နေ၏။ မိုးကျော်က ခင်မာဝေနှင့် ပြောလက်စစကားတွေကို ခဏဖြတ်လိုက်ကာ ဖုန်းကိုင်လိုက်၏။

"ဟလို"

"ဟဲ့ မိုးကျော်…နင်အခုဘယ်မှာလဲ…ငါ့ ငါ့ဆီကို အခု အမြန် လာခဲ့ပါ…"

သဇင်ဝင်းတင့်၏ အသံတွေက ဖုန်းထဲတွင် ငိုသံပါကြီးနှင့် ဖြစ်နေပြီး တုန်ရင်နေသည်။ ပြီးတော့ အခုလိုအချိန်အရေးကြီးသည့်အခြာ နှင့် သူ့ထံသို့ ဖုန်းဆက်စရာအကြောင်း ဘာမှမရှိ…။ ညနေတုန်းကအောင် သူတို့အားလုံးနှင့် လမ်းခွဲပြီး ထွက်လာခဲ့ကြသည်မှာ နာရီပိုင်းသာ ရှိသေးသည်။

"ငါ အခုတော့ မလာနိုင်သေးဘူး…သဇင်…နင်ဘာဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ချင်တာလဲ…ငါ့ကို အခုပြောလဲရတာပဲဥစ္စာ…”

“မဟုတ်ဘူး မိုးကျော် နင်အခု ငါ့အိမ်ကို မြန်မြန်လာခဲ့စမ်းပါ။ ဝဏ္ဏ..၊ ဝဏ္ဏအကြောင်း နင် သိပြီးပြီလား…”

တစ်ဖက်မှ သဇင်ဝင်းတင့်၏ အသံတွေက တုန်ရင်လွန်းသဖြင့် ခပ်ပြာပြာပင် ဖြစ်နေသည်။ ဒီကြားထဲ သူမ၏အသံတွေက ထစ်ငေါ့နေသဖြင့် မိုးကျော်က မနည်းနားထောင်နေရသည်။

“ဘာ…ဝဏ္ဏဟုတ်လား၊ ဝဏ္ဏဘာဖြစ်လို့လဲ…”

“ဝဏ္ဏ…သေ…သေပြီ..”

“ဘာ…”

ကြားလိုက်ရသည့် သဇင်ဝင်းတင့်၏ စကားကြောင့် မိုးကျော် တစ်ကိုယ်လုံး အဝေးသို့ လွင့်စင်သွားမတတ်ဖြစ်သွားသည်။

“ဘာ…ဝဏ္ဏ၊ ဝဏ္ဏသေပြီ…ဟုတ်လား…”

မတ်တပ်ရပ်နေသည့် ခြေထောက်တွေက ပျော့ခွေညွှတ်ကျလုမတတ်ဖြစ်သွား၏။ ဘယ်လိုမှ မယုံကြည်နိုင်စရာ စကားတွေကြောင့် သူ့နားရွက်တွေက ထူထူပူပူနှင့် မျက်လုံးတွေက ကြောင်တောင်ငေးရီနေသည်။ တစ်ဖက်မှ ထပ်ပြောနေသည့် သဇင်ဝင်းတင့်၏ စကားသံတွေက နားထဲတွင် မကြားတစ်ချက်ကြားတစ်ချက်နှင့်ပင် ဖြစ်နေသည်။

“အေး ဟုတ်တယ်….ဝဏ္ဏသေပြီ…၊ ဝဏ္ဏ ကားမှောက်လို့ ညနေက ဆုံးသွားပြီ…အခုပဲ ငါ့အိမ်ကို စောထူးဝါး ရောက်လာတယ်…၊ စောထူးဝါးက သူကိုယ်တိုင် ရေခဲတိုက်ကို ရောက်ခဲ့တာတဲ့…၊ နင် နင် ငါ့ဆီကို အခု မြန်မြန်လာခဲ့ပါ မိုးကျော် ငါ. ငါလဲ ဝဏ္ဏလိုအဖြစ်ဆိုးနဲ့ မကြာခင်ကြုံရတော့မှာ ကြောက်နေပြီ…အီး..ဟီး…ဟီး…”



သဇင်ဝင်းတင့်၏ အသံတွေက ငိုသံတွေရော..၊ ကြောက်လန့်ခြင်းတွေကြောင့်ပါ တုန်ရင်မောဟိုက်နေ၏။

“ဘာ…နင်က ဘာဖြစ်လို့ အဲဒီလိုအဖြစ်ဆိုးနဲ့ ကြုံရမှာလဲ… ဘာမှအဓိပ္ပါယ်မရှိတာတွေ ပြောမနေနဲ့…ငါ အခုလာခဲ့မယ်…”

တစ်ခဏအတွင်းမှာ ကြားလိုက်ရသည့် အနိဋ္ဌာရုံသတင်းဆိုးကြီးကြောင့် မိုးကျော်၏ ခြေထောက်တွေက ထိုနေရာမှာပင် အကြောတွေ တုန့်ဆိုင်းသွားသလို ကြောင်တောင်ဆက်ပြီး ရပ်နေမိသည်။

“ဘာတွေလဲ…ဘာတွေဖြစ်ကုန်ပြီလဲ…”

အခုအချိန်အထိ သူ့ဘေးတွင် မတ်တတ်ရပ်ပြီး စိုက်ကြည့်နေသည့် ခင်မာဝေ၏ မျက်လုံးတွေက မြွေတစ်ကောင်၏ မျက်လုံးတွေလို …တောက်ပနေသည်ကို မိုးကျော်တွေ့ လိုက်ရသည်။

☯

သဇင်ဝင်းတင့်တို့အိမ်၏ ဧည့်ခန်းထဲတွင် ရှိုက်သံသဲ့သဲ့တစ်ချက်တစ်ချက်မှလွဲ၍ အားလုံးက ငြိမ်သက်နေ၏။ စောထူးဝါးနှင့် ဖြိုးမောင်မောင်တို့မှာလဲ..နံရံထောင့်တစ်ခုတွင် ဝမ်းနဲပက်လက်မျက်နှာတွေနှင့် ဆို့ဆို့နင့်နင့်ကြီးတွေ ဖြစ်နေကြသည်။ မကြာသေးခင်ကမှ သူတို့ထံသို့ ရောက်လာသည့် သတင်းကြမ္မာဆိုးကြီးက နှလုံးသားတွေကို ရက်ရက်စက်စက်ပင် ခွေနှောက် လှုပ်ခါနေပေပြီ…။

ထိုသို့ အသက်ကင်းမဲ့နေသော အခန်းထဲသို့ မိုးကျော်ရောက် …ဘာသောအခါ လူတစ်ကိုယ်လုံး အေးစက်တောင့်တင်းသွား၏၊ …များ၏ မျက်နှာတွေမှာ ဘာတစ်ခုမှ မတတ်နိုင်တော့ဘဲ …

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည့် မျက်လုံးတွေဖြစ်နေသည်။

မိုးကျော်ရောက်လာသောအခါ သဇင်ဝင်းတင့်ကို ဘာတစ်ခုမှ မေးစမ်းလို့မရတော့။ တရှုံ့ရှုံ့နှင့်ငိုနေပြီး သူ့မျက်လုံးတွေက တစ်စုံတစ်ရာကို အလွန်အမင်းကြောက်လန့်နေသလို ဖြစ်နေသည်။ မိုးကျော်က နံရံထောင့်တွင် အရုပ်ကြိုးပြတ် ထိုင်နေသည့် စောထူးဝါးအနားသို့ သွားကာ ဝဏ္ဏအောင်၏ အဖြစ်အပျက်တို့ကို အလောတကြီး မေးလိုက်၏။

"စော…စောကြီး…ဖြေစမ်းပါအုံးကွာ…ဘယ်လိုဖြစ်တာလဲ … ဒါ…ဒါတကယ်ပြောနေကြတာလား…"

သူ့မေးခွန်းတွေက ကြေကွဲဆို့နင့်နေ၏။

စောထူးဝါးက မိုးကျော်၏ မေးခွန်းတွေကို တုန်ယင်နေသော အသံဖြင့် အခင်းကြမ်းပြင်ပေါ် စိုက်ကြည့်ရင်း တစ်လုံးချင်းပြန်ဖြေလိုက်၏။

"ဟုတ်တယ်…မိုးကျော်၊ ဝဏ္ဏသေပြီ…။ ပထမတော့ ငါလဲ ဒီသတင်းကို သူ့အိမ်ကကြားကြားချင်း မယုံခဲ့ဘူး…၊ နောက်တော့ ရေခဲတိုက်ကို ငါကိုယ်တိုင် လိုက်သွားပြီးကြည့်ခဲ့တယ်…"

ထိုစကားကို ကြားလိုက်သည်နှင့် မိုးကျော်က ကြမ်းပြင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်မိသည်။ ထို့နောက် စောထူးဝါးက…

"ဒီကောင်…အဲဒီနေ့က သဇင်ဝင်းတင့်နဲ့ ဖုန်းပြောလို့ပြီးတဲ့ အချိန်လောက်မှာ ဖြစ်တာနေမှာ…၊ သူ့အလောင်းကိုတွေ့တဲ့ လူတွေပြောပုံအရတော့…၊ ကားချင်းတိုက်တာမဟုတ်ဘူးတဲ့၊ နောက်ပြီး လမ်းဘေးမှာလဲ ကားနဲ့ဝင်တိုက်မိစရာ သစ်ပင်ကြီးကြီးမားမားဆိုလို့ မြက်ပင်တစ်ပင်တောင်မရှိဘူးတဲ့…၊ ဒါပေမယ့် ထူးဆန်းတာက သူ့ကားရဲ့ ရှေ့လေကာမှန်ကြီးက အစိတ်စိတ်အမွှာမွှာကွဲသွားပြီး ကားက လမ်းဘေးက လယ်ကွက်တွေထဲ



…ထိုးကျသွားတယ်။ ပိုဆိုးတာက သူ့တစ်ကိုယ်လုံးမှာ သွေးထွက်နေတဲ့ …ပေါက်နှစ်ခုကလွဲပြီး တစ်ခြားဘာဒဏ်ရာမှ မတွေ့ရဘူး…တစ်ကိုယ်လုံး …ပြာနေတယ်…"

စောထူးဝါး ပြန်ပြောပြနေသည့် အကြောင်းတွေကြောင့် မိုးကျော်၏ ခေါင်းတစ်ခုလုံးမှာ သွက်သွက်ပင်လည်နေသည်။ ထို့နောက် မိုးကျော်က ကြမ်းပြင်ပေါ်မှ ရုတ်တရက် မတ်တတ်ထရပ်လိုက်ပြီး အလောတကြီး …ပြောလိုက်၏။

"ကဲ…ကဲ ဒါဆိုလဲ…ဝဏ္ဏတို့အိမ်ကို သွားကြမယ်လေ… ငါတို့က ဒီမှာ ဘာဖြစ်လို့လာပြီး စုနေရတာလဲ…"

"မ…မဟုတ်သေးဘူး…မိုးကျော်"

သဇင်ဝင်းတင့်က သူ့မျက်ရည်စတွေကို လက်ဖမိုးဖြင့် သုတ်လိုက်ရင်း မျက်စိမျက်နှာပျက်နှင့် မိုးကျော်ကို လှမ်းပြီး တားလိုက်သည်။ ထို့နောက် သဇင်ဝင်းတင့်က ပြီးခဲ့သည့်ရက်က အလှမွယ်ပြပွဲကို ဝင်ပြိုင်ပြီး ကြည့်ရာမှ မြွေကိုတွေ့လို့ ဆုတောင်းခဲ့ဘူးသည့်အကြောင်းတွေကို အထိတ်ထိတ် အလန့်လန့်နှင့် ပြန်ပြောပြလိုက်သည်။ သူမ၏ မျက်လုံးတွေမှာလဲ…ဂဏှာ …ငြိမ်တော့…မကြာခင် သေမင်းနှင့် နဖူးတွေ့ဒူးတွေ့နှင့် ရင်ဆိုင်ရတော့မည့် သူတစ်ယောက်လို…အရူးတပိုင်း ဖြစ်နေ၏။ သဇင်ဝင်းတင့်က

"ငါ…ငါလဲ အဲဒီဆုတောင်းခဲ့ပြီးတဲ့နောက်…နင်တို့သိတဲ့ အတိုင်း ရုပ်ရှင်လောကကိုဝင်ဖို့ အခွင့်အလမ်းတွေ ထူးထူးဆန်းဆန်းပေါ်ခဲ့တာလဲ…"

သူမ၏ အသံတွေက မောဟိုက်လွန်းနေပြီး…လည်ချောင်း… ကျပ်ညပ်နေသည့်ပင့်သက်တို့ကို အလုအယက်ရှူနေရသည်၊ … သဇင်ဝင်းတင့်ထံမှ ကြားလိုက်ရသည့်စကားတွေကြောင့် …

www.burmeseclassic.com

www.burmeseclassic.com



သူမကို ဘယ်လိုစကားတွေနှင့် ပြန်ပြီးနှစ်သိမ့်ရမည်လဲဟု အပြန်ပြန်အလှန်လှန်ပင် စဉ်းစားနေမိသည်။

ထို့နောက် သဇင်ဝင်းတင့်ကဆက်ပြီး

"နင်တို့ စဉ်းစားကြည့်လေ....၊ ဝဏ္ဏအောင်က မြွေတစ်ကောင်ရှေ့မှာ ဆုတောင်းခဲ့တာကြောင့် အခုလို အသေးဆိုးနဲ့ သေရတာ မဟုတ်လား...။ ဒါဆိုရင် ခင်မာဝေပြောခဲ့တဲ့ စကားနဲ့ မကိုက်ညီနေဘူးလား....၊ ပြောလေ...ငါ့ကို ပြောကြစမ်းပါ..."

သူမ၏အသံတွေက ငိုသံတွေရော...ကြောက်ရွံထိတ်လန့်နေသံတွေပါရော...။ မိုးကျော်တို့အုပ်စုမှာလဲ သဇင်ဝင်းတင့်ပြောနေသည့် စကားတွေကြောင့် ငိုင်တွေသွားကြသည်။

"ဒါ...ဒါဆိုရင် ဝဏ္ဏလိုပဲ....ငါလဲ မြွေတစ်ကောင်ရှေ့မှာ ဆုတောင်းခဲ့တော့..."

သဇင်ဝင်းတင့်၏ အသံတွေက လည်ချောင်းအတွင်း တိမ်ဝင်သွား၏။ ပြီးမှ အားယူပြီး...

"ငါလည်း အခုဆုတောင်းပြည့်ခဲ့ပြီလေ...ဝဏ္ဏလိုပဲ သေရတော့မှာပေါ့...အီး ဟီး...ဟီး"

ဝမ်းနည်းပက်လက်နှင့် အော်ဟစ်ငိုကြွေးနေသည့် သူမ၏ အသံတွေက ကြမ္မာဆိုးကြီး တစ်ခုအတွင်းမှ လွတ်မြောက်ရန် ရုန်းကန် နေသည့် အလား..."

"တော်စမ်း...၊ သဇင်၊ အဓိပ္ပါယ်မရှိတာတွေ တွေးပြီး ကိုယ့်ဒုက္ခကိုယ်ရှာမနေနဲ့...."

မိုးကျော်၏ အော်ဟစ်ငေါက်ငမ်းလိုက်သည့် အသံကြောင့်



[illegible]ုံးက မိုးကျော်၏ မျက်နှာကို တစ်ချက်လှမ်းကြည့်လိုက်ကြသည်။ [illegible]ယ်တော့ အခုဖြစ်ပျက်ကြုံတွေ့နေရသည့် ကိစ္စကြီးကို အားတင်းပြီး [illegible]ပြောနေရသော်လည်း သူ့ကိုယ်သူပင် မဝေခွဲတတ်တော့...။

သူတို့အားလုံးစိတ်တွေ ယောက်ယက်ခတ်နေကြချိန်တွင်... [illegible]ထူးဝါးက...

"အဲဒီ မြွေရှေ့မှာ ဆုတောင်းပြီး ဆုတောင်းပြည့်တာနဲ့ တပြိုင်[illegible]...ဒီလူက သေရတယ်ဆိုတာ...ဖုါးစပ်ရာဇဝင်လား တကယ်လား၊ [illegible]ချာအောင် ခင်မာဝေ့ကို ထပ်မေးကြည့်ရင် မကောင်းဘူးလား..."

စောထူးဝါးစကားကြောင့် မိုးကျော်က ဧည့်ခန်းအတွင်း နံရံမှ [illegible]ိုင်ကပ်နာရီကို လှမ်းကြည့်လိုက်၏။

"ဒီအချိန်ကျမှတော့ ဘယ်မေးလို့ရတော့မလဲ...သူ့အဆောင်က [illegible]ိတ်နေပြီ..."

ဆိုစဉ်-

"ဟား ဟား ဟား...ဘာမှ သွားမေးနေစရာမလိုပါဘူး။ အဲဒါလည်း ကျုပ်ဇာတ်ကြီးပဲ..."

အူလှိုက်အသဲလှိုက်ရယ်မောလိုက်ရင်း ပြောလိုက်သည့် ဖြိုး မောင်မောင်၏ စကားကြောင့် မိုးကျော်ကော စောထူးဝါးပါ။ အံ့သြ သွားကြသည်။ ထို့နောက် ဖြိုးမောင်မောင်က

"ငါနဲ့ ခင်မာဝေက ဖြူးမှာထဲက တစ်ယောက်အကြောင်း[illegible] ယောက် သိထားပြီး အတူနေလာတဲ့ သူငယ်ချင်းတွေပါ။ [illegible] အောင်တို့ သဇင်ဝင်းတင့်တို့ ဆုတောင်းသလိုမျိုး ငါလဲတစ်ခါ [illegible] ခဲ့ဖူးတယ်...အလကားပါကွာ...ဒါတွေက [illegible]

www.burmeseclassic.com

www.burmeseclassic.com



လာတဲ့ကိစ္စတွေပါ။ ငါကတော့ လက်တွေ့သမားပဲ…"

ဖြိုးမောင်မောင် စပ်ဖြီးဖြီးအမူအရာကြောင့် အားလုံးက တွေတွေ ဝေဝေတွေဖြစ်သွားကြသည်။ မိုးကျော်ကတော့ ဖြိုးမောင်မောင် ပြောပြနေသည့် စကားတွေကို မယုံတစ်ဝက်ယုံတစ်ဝက်နှင့်

"မင်းဆုတောင်းတယ်ဆိုတာ အကောင်တစ်ရာမြောက် မြွေရဲ့ ရှေ့မှာ ဆုတောင်းဘူးတယ်လို့ ပြောချင်တာလား…"

ကျန်တဲ့လူတွေ အကုန်လုံးက မိုးကျော်နှင့် ဖြိုးမောင်မောင်တို့ စကားအပြန်အလှန်ပြောနေကြသည်ကို စိတ်ဝင်တစားနှင့် နားထောင်နေကြ၏။ အခုမှ စောစောက ငိုကြီးချက်မနှင့်ဖြစ်သော သဇင်ဝင်းတင့်မှာလဲ မျက်လုံးကလယ်ကလယ်နှင့် ဖြစ်လာပြီး စိတ်သက်သာလာသလို ဖြစ်လာသည်။

ဖြိုးမောင်မောင်က

"ဟုတ်တယ်လေ…အဲဒီအကောင်တစ်ရာမြောက် မြွေရှေ့မှာ ပဲ ဆုတောင်းခဲ့တာ…"

စောထူးဝါးက မိုးကျော်နှင့် ဖြိုးမောင်မောင် ရပ်နေရာဆီသို့ လျှောက်လာပြီး ထပ်မေးလိုက်၏။

"နေစမ်းပါအုံး…မင်းက အဲဒီတုန်းက ဘာဆုကိုတောင်း လိုက်တာလဲ…"

ဖြိုးမောင်မောင်က ဝဖြိုးနေသော သူ့ခန္ဓာကိုယ်ကြီးကို ကြည့်ကာ…

"ဟား ဟား ဟား မင်းတို့သိတဲ့အတိုင်းပဲလေ…ငါက ဟောဒီ ဆူဖြိုးနေတဲ့ ဝိတ်ကြီးမြန်မြန်ကျသွားအောင် ဆုတောင်းခဲ့တာ …၊ ဆုတောင်းပြည့်မပြည့်တော့ မင်းတို့မြင်တဲ့အတိုင်းပဲ…"



ပြောပြောဆိုဆို သူတို့အားလုံးမှာ ပုံပျက်ပန်းပျက် ဝဖြိုးနေ သည့် ဖြိုးမောင်မောင်၏ ခန္ဓာကိုယ်ကြီးကို ကြည့်ကာ ရယ်မောသံတွေ ညံသွားပြီး စိတ်လက်ပေါ့ပါး သွားကြသည်။

စောထူးဝါးက ဖြိုးမောင်မောင်၏ ဆူထွက်နေသည့် ဗိုက်ကြီး ကို လှမ်းပုတ်လိုက်ရင်း

"မင်းခန္ဓာကိုယ်ကြီးက ဝက်တစ်ကောင်လိုဖြစ်နေတော့… ဆော်ရဲ့မြွေက ဆုတောင်းပြည့်အောင် ဘယ်လုပ်ပြီး လုပ်ပေးနိုင်တော့မှာ လဲကွ…ဟား ဟား ဟား…"

သူတို့အားလုံးမှာ ချက်ချင်းပင် စိတ်လက်တွေ ပေါ့ပါးသွား ကြသည်။ ထိုရယ်စရာမောစရာစကားများကြောင့် သဇင်ဝင်းတင့်ကပါ ရောယောင်ပြီး လိုက်ရယ်နေမိသည်။ သူမ၏ မျက်နှာပေါ်တွင်လည်း အလေးတော်ပါသေးရဲ့ ဟူသည့် စိတ်လက်ပေါ့ပါးသွားသည့် အမူအရာ များ အတိုင်းသားပေါ်နေ၏။

မိုးကျော်ကလဲ အခုမှ တက်တက်ကြွကြွနှင့် လန်းဆန်းလာသည့် သဇင်ဝင်းတင့်ကိုကြည့်ကာ…

"ဒါဆိုလဲ…တော်သေးတာပေါ့ကွာ…အခုဝတ္ထုဖြစ်တဲ့ကိစ္စ ကလည်း တိုက်ဆိုင်တာပဲဖြစ်မှာပါ…ငါတို့ကောင်ကြီး ဝတ္ထုကတော့ တကယ့် ကို ကံဆိုးပါတယ်ကွာ…"

ထို့နောက် မိုးကျော်ကပင် ဦးဆောင်ပြီး သူငယ်ချင်းယောက်ျား လေးများကိုစုကာ ဝတ္ထုတို့အိမ်သို့ ထွက်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၀)

အသုဘ ရက်လည်ပြီး နောက်တစ်နေ့…ကျောင်းရှေ့အအေး ဆိုင်မှာ လူပြန်စုချိန်တွင် မိုးကျော်တို့ အုပ်စုထဲမှာ ဝဏ္ဏအောင်က သိသိသာသာကြီး လစ်ဟာနေ၏။ တစ်ခါတစ်ခါ ကျောင်းပတ်ဝန်း ကျင်တစ်ခုလုံး ရယ်စရာ မောစရာတွေ ဆိတ်သုန်းသွားကြပြီလားဟုပင် ထင်စရာဖြစ်နေသည်။ ပိုဆိုး သည်က ဝဏ္ဏအောင်တစ်ယောက် နောက်ဆုံးအချိန်အထိ သူတို့အားလုံး အပေါ် စိတ်ဆိုးသွားခဲ့သည်ပဲလား…ဟု တွေးရင်း အကြိမ်ကြိမ်ဝမ်းနည်း နေမိကြသည်။

ထိုရက်အတောအတွင်းလဲ ဖြိုးမောင်မောင်က ခင်မာဝေ့ကို သူ ဘယ်လို စိတ်ဝင်စားနေကြောင်း မိုးကျော်နှင့် စောထူးဝါးတို့ကို အရိပ် အယောင် သဘောမျိုးတွေ ပြောချင်နေ၏။ ဒါကို ခင်မာဝေကလဲ ရိပ်မိသလို နှင့်ရှောင်ဖယ် ရှောင်ဖယ်လုပ်နေသည်။ ဒီအခြေအနေတွေ အကုန်လုံးကိုလဲ မိုးကျော်က ဘေးမှရပ်ကြည့်သူတစ်ယောက်လို သိသိသာသာကြီး မြင်နေရ သည်။

အထူးသဖြင့် ဖြိုးမောင်မောင် ခင်မာဝေ့ကို စိတ်ဝင်စားနေ သည့် [illegible]ကို သူကိုယ်တိုင် ဘာတစ်ခုမှ ဝင်ပြီး မစွက်ဖက်ချင်..။ သူကိုယ်တိုင်က [illegible]ခင်မာဝေ့ကို ချစ်မိနေပြီမဟုတ်ပါလား…။ အခုလို အချိန်မျိုးတွင်… [illegible]ရင်ထဲက အကျိတ်အခဲတစ်ခုကို ကိုယ်တိုင်ပင် မျိုသိပ်ရင်း ခံစားနေရ သည်။

မိုးကျော်၏ အခြေအနေတွေအားလုံးကို သိထားသူက စောထူးဝါး [illegible]င် ဖြစ်သည်။ စောထူးဝါးက စားပွဲပေါ်မှ အအေးခွက်ကို လှုပ်ရမ်း [illegible]လောက်နေရင်း…

"ဟေ့ကောင် မိုးကျော် ဘယ်လိုလဲ..မင်းနဲ့ ခင်မာဝေနဲ့အခြေ အနေ…"

မိုးကျော်က ခေါင်းကို ဖြည်းညှင်းစွာ ခါရမ်းလိုက်ပြီ…

"ဒါတွေ ပြောဖို့ စောပါသေးတယ်ကွာ…"

"ဘာ မင်းက အခုအချိန်အထိ စောသေးတယ်လုပ်နေ… ဒီမှာ ဟေ့ကောင် ငါပြောမယ်…"

ထိုစဉ် မိုးကျော်က သူ့လက်ညှိုးကို ကပျာကယာပါးစပ်နား တွင် တေ့လိုက်ပြီး အအေးဆိုင်အဝင်ဝဆီသို့ မျက်စပစ်ပြီးပြောလိုက်၏။

"ရှူး တိုးတိုး ဟေ့ကောင် ဟိုမှာ သဇင်ဝင်းတင့်လာနေပြီ…"

စောထူးဝါးနှင့် မိုးကျော်တို့မှ ပြောလက်စစကားတွေကို ကိုယ် ရှိန်သတ်လိုက်ကြရင်း ဆိုင်အတွင်းသို့ မြူးမြူးကြွကြွနှင့် ဝင်လာသည့် သဇင်ဝင်းတင့်ကို ကြည့်လိုက်ကြသည်။

မိုးကျော်က သဇင်ဝင်းတင့် သူတို့စားပွဲဝိုင်းသို့ ဝင်[illegible] သည်နှင့် စကားလမ်းကြောင်းလွှဲကာ…

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ သဇင်…နှင်နဲ့ မိုးဆမ်းပန်း ရုပ်ရှင်ကုမ္ပဏီတို့ စာချုပ်ကိစ္စပြီးသွားပြီးလား…"

သဇင်ဝင်းတင့်က သူ့လည်ပင်းတဝိုက်မှာ ရှိနေသော ချွေးစတွေကို တစ်ရှူးစဖြင့် တို့ထိလိုက်ရင်း

"အေး…မနေ့ကပဲ ငါ့အမေကို ခေါ်သွားပြီး စာချုပ်မှာ လက်မှတ်ထိုးလိုက်တယ်…ငါလဲ ဝတ္ထုအသုဘရက်မလည်မချင်း ဒီကိစ္စတွေကို ရွှေ့ဆိုင်းထားရတာဆိုတော့…"

စောထူးဝါးက ဝမ်းသာအားရနှင့် သဇင်ဝင်းတင့်၏ စကားမဆုံးခင်မှာပင်

"ဟာ…ဒါဆိုရင် နှင်မင်းသမီးဖြစ်ပြီပေါ့နော်…"

"အေး ငါပထမဆုံးရိုက်ရမဲ့ကားက ဖြိုးငွေစိုးနဲ့ စရိုက်ရမှာဟ…"

ထိုစဉ်…ဖြိုးမောင်မောင်က သူတို့စားပွဲဆီသို့ ရောက်လာပြီး နားစွန်နားဖျားကြားလိုက်ရသည့် သဇင်ဝင်းတင့်၏ စကားကို

"ကောင်းတာပေါ့ဟာ…နှင် မင်းသမီးဖြစ်ပြီဆိုတော့ ငါတို့လဲ အခုထဲ့ နှင်နဲ့ ဓာတ်ပုံတွဲပြီး ရိုက်ထားရမယ်…ဒါမှ ငါ မြူးကိုပြန်ရင် နှင်နဲ့တွဲရိုက်ထားတဲ့ ဓာတ်ပုံကို မြို့မှာပြန်ကြွားလို့ရမှာ…"

ဖြိုးမောင်မောင်က နယ်မြို့တွေက ကျောင်းလာတက်တဲ့သူပီပီ မင်းသမီးဖြစ်မဲ့ သဇင်ဝင်းတင့်နှင့် ဓာတ်ပုံတွဲပြီး ရိုက်ချင်နေ၏။

"အေးလေ…ဟုတ်သားပဲ ငါတို့တွေ အမှတ်တရ ဓာတ်ပုံ ရိုက်ထားကြရအောင်…"

သဇင်ဝင်းတင့်က ဓာတ်ပုံရိုက်ရမည်ဆိုပါက ဘယ်နှစ်ခါမှ အဖော်



…ရာမလို အချိန်တိုင်း အဆင်သင့် ဖြစ်နေ၏။ ထို့နောက် မိုးကျော်တို့ …ထူးဝါးတို့ကလဲ

"အေးလေ…နှင်ရိုက်ချင်ရင်လဲ ရိုက်ပေါ့…ဒါပေမယ့် ခင်မာဝေ …နေရင် ဒီကိုရောက်လာတော့မှာဟ… သူလာမှပဲ သွားကြမယ်လေ… …တော့ ပိုကောင်းတာပေါ့ဟာ…"

ထိုစကားကို ပြောပြီးပြီးချင်း မိုးကျော်က ဖြိုးမောင်မောင်၏ …တ်နှာကို လှမ်းပြီး အကဲခတ်လိုက်၏။ ဖြိုးမောင်မောင်၏ မျက်နှာမှာ …တ်ချင်းပင် ဝင်းလက်သွားပြီး ကလေးတစ်ကောင်လို ကျေနပ်သွား၏။

သိပ်မကြာလိုက် သူတို့ဆုံနေကြ အအေးဆိုင်သို့ ခင်မာဝေ ရောက်လာသည်။ ပြီးခဲ့သည့် နှစ်ရက်သုံးရက်က မတွေ့လိုက်ရသည့် ခင်မာဝေ၏ …တ်နှာက အနည်းငယ်ပင် ချောင်ကျနေသယောင် ဖြစ်နေ၏။

ဒါကို မိုးကျော်၏ အတွေးတွေက တစ်ဖက်သတ်ပင် ဆန့်လွန်းနေ၏။

"ဟင်…သူ့မျက်နှာလေးက နည်းနည်းချောင်ကျသွားပါသား…သူနဲ့ငါ မတွေ့ရတဲ့ရက်တွေမှာ…ငါ့ကို သတိရတဲ့စိတ်နဲ့ပဲ သူခံစားနေရတာလား…ဘာပဲဖြစ်ဖြစ် အခုဓာတ်ပုံရိုက်ရင်း သူနဲ့ငါတစ်တွဲ …လောက်တွဲပြီး ရိုက်ထားရမယ်…ဒါမှ ဟိုကောင်…"

"ကဲ…လူစုံပြီဟေ့…သွားကြစို့…"

ရုတ်တရက် လှမ်းအော်လိုက်သည့် စောထူးဝါး၏ စကားကြောင့် မိုးကျော်၏ အတွေးစတွေ ပျက်ပျယ်လွင့်စင်ကုန်၏။ တစ်ချိန်တည်းမှာ… အခုမှရောက်လာသည့် ခင်မာဝေမှာလဲ စောထူးဝါးပြောလိုက်သည့် … ကြောင့် နားမလည်သည့် မျက်လုံးတွေနှင့် သူတို့အား … …

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်၏။ ပြီးမှ…

"နင်…နင်တို့က ဘယ်ကိုသွားကြမှာလဲ…"

သဇင်ဝင်းတင့်က ကျောပိုးအိတ်ကို ကောက်လွယ်ရင်း

"ငါတို့တွေ…အမှတ်တရဓာတ်ပုံသွားရိုက်ကြမယ်လေ…"

ဖြိုးမောင်မောင်ကလဲ

"ဟုတ်တယ်ဟ…သဇင်ဝင်းတင့်က နောက်ဆိုရင် တို့သူငယ်ချင်းတွေနဲ့တွဲပြီး ဓာတ်ပုံရိုက်ဖို့ လွယ်မှာမဟုတ်တော့ဘူး သူကအခု မင်းသမီးဖြစ်ဖို့ စာချုပ်မှာ မနေ့က လက်မှတ်ထိုးခဲ့ပြီးပြီ…"

"ဟင်…ဒါဆိုရင်…"

ခင်မာဝေ၏ နှုတ်ဖျားမှ အံ့ဩထိတ်လန့်သွားသည့် စကားလုံးတွေက အပြင်သို့ပင် ဖွင့်ဟမလာကြတော့…။

အရာရာတိုင်းက ပုံမှန်အတိုင်း တဖြည်းဖြည်း တရွေ့ရွေ့ လှုပ်ရှားနေကြတုန်းပင်…။ သူတို့အားလုံး၏ ခြေလှမ်းတွေက တက္ကသိုလ်ကျောင်းပရဝုဏ်၏အပြင်ဖက်မှ လယ်ကွင်းတွေဆီသို့ သွားနေကြသည်။ ထိုလယ်ကွင်းများ၏ တစ်ဖက်တွင် အရှေ့ပိုင်းတက္ကသိုလ်ကြီးက စိမ်းစိုလန်းဆန်းနေသည့် နောက်ခံ ပန်းချီကားချပ်တစ်ခုလို ဖြစ်နေ၏။

"ကဲ…ငါတို့ ဒီနေရာလေးမှာပဲ ရိုက်လိုက်မယ် နောက်ခံက ကျောင်းကြီးနဲ့ဆိုတော့ ပိုကောင်းတာပေါ့…"

သဇင်ဝင်းတင့်က ရိတ်သိမ်းပြီစ ရိုးပြတ်တွေကြားတွင် လျှောက်



သောင်း မိုးကျော်တို့ အုပ်စုကို လှမ်းပြောလိုက်၏။ စောထူးဝါးနှင့် ဖြိုးမောင်မောင်သော့ ဟိုနေရာလှနိုးနိုး ဒီနေရာကောင်းနိုးနိုး နှင့် ဓာတ်ပုံရိုက်မည့် နေရာတို့ကို ရှာဖွေနေကြသည်။ သူတို့၏ နောက်မှ လေးလံတုန့်ဆိုင်းနေသည့် ခြေလှမ်းများနှင့် လိုက်ပါလာသည့် ခင်မာဝေ ကတော့ နှုတ်ဆိတ်ငြိမ်သက်လျက်ဝင်…။

ဖြိုးမောင်မောင်က

"ကဲ သဇင်ဝင်းတင့်…၊ အဓိကကတော့ နင်နဲ့ငါ့အတွက် အမှတ်တရဖြစ်ရင် တော်ပါပြီ…ဘယ်နေရာမှာပဲ ရိုက်ရရိုက်ရပါ…"

ဖြိုးမောင်မောင်က လေးလံသော သူ့ခန္ဓာကိုယ်ကြီးကို သိပ်ပြီး ဆေးဆေးလံလံ သယ်ချင်ပုံမရ…။ လောလောလတ်လတ် ရုပ်ရှင်မင်းသမီးဖြစ်သွားပြီဖြစ်သည် သူငယ်ချင်းဖြစ်သူ သဇင်ဝင်းတင့်နှင့်အတူ ဓာတ်ပုံတွဲရလျှင်ပင် ကျေနပ်နေသူဖြစ်သည်။

မိုးကျော်ကတော့ တကယ့်ဝါရင့် ကင်မရာသမားကြီးတစ်ယောက်လို ဟိုနေရာလက်ညှိုးထိုးလိုက် ဒီနေရာလက်ညှိုးထိုးလိုက်နှင့် ကင်မရာကိုင်ရင်း ညွှန်ကြားနေ၏။ ထို့နောက် ဓာတ်ပုံအရိုက်ခံရန် အသင့်ဖြစ်နေကြသည့် ဖြိုးမောင်မောင်နှင့် သဇင်ဝင်းတင့်တို့ကို

"သဇင်ဝင်းတင့်ဖက်ကို နဲနဲကပ်လိုက်အုံး…ဖြိုးမောင်မောင် မင်းပါစပ်ကြီးက အဲဒီလောက်ကြီးဖြဲမထားနဲ့…"

ဖြိုးမောင်မောင်နှင့် သဇင်ဝင်းတင့်တို့နှစ်ယောက်မှာ ပုံသဏ္ဌာန် အမျိုးမျိုးတွေနှင့် အိုက်တင်တွေ လုပ်နေကြသည်။ သဇင်ဝင်းတင့်[illegible] သူ့ကိုချစ်သည့် ပရိသတ်တစ်ယောက်နှင့်တွဲပြီး ဓာတ်ပုံအရိုက်ခံ[illegible] မင်းသမီးတစ်ယောက်လို မိန့်မိန့်ကြီးပြုံးနေ၏။ ဖြိုးမောင်မောင်နှင့် သဇင်

www.burmeseclassic.com

www.burmeseclassic.com



ဝင်းတင့်တို့နှစ်ယောက် စိတ်ကြိုက်ဓာတ်ပုံရိုက်ပြီး ခဏအကြာ… စောထူးဝါးကို မိုးကျော်က

"ကဲ…စောကြီး…မင်းပါ သူတို့နှစ်ယောက်ဘေးမှာ ဝင်ရပ်လိုက်… ပြီးရင်၊ ငါရယ် ခင်မာဝေရယ် သဇင်ဝင်းတင့်ရယ်ကိုလဲ မင်းတို့ တလှည့်ပြန် ရိုက်ပေးအုံး…"

ကင်မရာထဲမှ ရိုက်ပြီးသားပုံတွေကို ပြန်ကြည့်ရင်း ကျေနပ်နေသည့် မိုးကျော်က သူ့နောက်ကျောမှာ မတ်တပ်ရပ်နေသည့် ခင်မာဝေကို စောင်းငဲ့ပြီး ကြည့်လိုက်သည်။ ခင်မာဝေကတော့ သူမ၏ ကျောပိုးအိတ်ကို ရင်ဘတ်ထဲတွင် ပွေ့ပိုက်ထားရင်း တစ်စုံတစ်ရာကို မမိတ်မသုန်စိုက်ကြည့်နေသည့် မျက်လုံးများဖြင့် ကြောင်တောင် ငေးရီနေ လျက်ရှိသည်။

စောထူးဝါးနှင့် ဖြိုးမောင်မောင်တို့က သဇင်ဝင်းတင့်၏ ဘေးတစ်ဖက်တစ်ချက်တွင် ဝင်ရပ်လိုက်ရင်း စောထူးဝါးက ပွယောင်း ယောင်းဖြစ်နေသည့် သူ၏ဆံပင်များကို လက်ဖြင့်သတ်ပြီး တင်နေ၏။ ဖြိုးမောင်မောင်ကတော့ သဇင်ဝင်းတင့်၏ ဘေးနှင့်ကပ်လျက် ထိနေသော သူ့လက်တစ်ဖက်ကို အထားရခက်နေဟန်ဖြင့် လက်ပဲ ပိုက်လိုက်ရမလို ခါးပဲထောက်ရတော့မလိုနှင့် မနေတတ်မထိုင်တတ်တွေ ဖြစ်နေသည်။

ဒါကို မိုးကျော်က ကင်မရာချောင်းကြည့်ပေါက်မှနေ၍ တွေ့လိုက်ရပြီး…

"ဟေ့ကောင် ဖြိုးမောင်မောင် မင်းအင်္ကျီကြယ်သီးအောက်က ဆူထွက်နေတဲ့ ဗိုက်ကြီးကို နည်းနည်းရှုံ့လိုက်အုံး…ပြီးရင် သဇင်ဝင်းတင့်ဖက်ကို ကိုယ်ကိုနည်းနည်းလှည့်ပြီး တစောင်းနေလိုက်…"



သူတို့အားလုံးက ကင်မရာမြင်ကွင်းထဲတွင် ပြုံးပျော်ကြည့်နေကြသည်။ သဇင်ဝင်းတင့်မှာလဲ စောထူးဝါးနှင့် ဖြိုးမောင်မောင်တို့ နှစ်ယောက်၏ ခေါင်းပေါ်မှ သူ့လက်နှစ်ဖက်ကို ကျော်ပြီး အုပ်မိုးထားကာ လက်ချောင်းနှစ်ချောင်းကို ထောင်ပြထားပြီး အိုက်တင်တွေ လုပ်ထား၏။

"ကဲ…Ready …ရိုက်မယ်နော်· မျက်တောင်မခတ်နဲ့…"

ကင်မရာထဲတွင် မိုးကျော် Focus ချိန်ထားသည့် မြင်ကွင်းက သူတို့သုံးယောက်သလုံး၏ ခါးလည်မှ ဖြတ်ပြီး ရိုက်ထားသဖြင့် မျက်နှာတွေက ပိုကြီးနေပြီး ကြည်လင်ပြတ်သားနေ၏။

မိုးကျော်၏ လက်ညှိုးက ကင်မရာခလုပ်ပေါ်သို့ အသာတင်လိုက်ပြီး ဖိချလိုက်၏။ ထိုသို့ ကင်မရာမှ ဖလက်ရှ်ရှိန်းက ဝင်းကနဲလင်းထက်သွားသည်နှင့် တပြိုင်နက်…

"ဖလပ်…"

"အား…."

ရုတ်တရက် ကျယ်လောင်သော အသံကြီးနှင့်အတူ သဇင်ဝင်းတင့်မှာ ဖြိုးမောင်မောင်နှင့် စောထူးဝါးတို့နှစ်ယောက်ကြားမှ မြေပြင်တွင် ဝုံးလျက်သားလဲကျသွားသည်ကို တွေ့လိုက်ရသည်။ တစ်ချိန်ထဲမှာပင် သူတို့အားလုံး၏ အံ့သြထိတ်လန့်သည့် မျက်လုံးတွေက ပြာကနဲ ဖြစ်သွားကြ၏။

"ဟင်…"

မိုးကျော်က လက်ထဲမှ ကင်မရာကို လွှတ်ချပြီး သဇင်ဝင်းတင့် လဲကျရာနေရာသို့ ပြေးသွားကာ ဆွဲပွေ့ထူလိုက်၏။ သဇင်ဝင်းတင့်၏ ဘေးတစ်ဖက်တစ်ချက်မှ စောထူးဝါးနှင့် ဖြိုးမောင်မောင်တို့မှာလည်း

www.burmeseclassic.com

www.burmeseclassic.com



သေနေကြကာ…ဘာလုပ်လို့လုပ်ရမှန်းပင်မသိကြတော့…”

“ငါ့…ငါ့ခြေထောက်ကို ဘာ…ဘာကောင်ကိုက်လိုက်မှန်း မသိဘူး…လုပ် လုပ်ပါအုံး…”

တုန်ရင်နေသော သဇင်ဝင်းတင့်၏အသံက အားဖျော့တိုးလျှော့လျက် ဖြစ်နေပြီး သူ့လက်တစ်ဖက်က တဆတ်ဆတ်တုန်နေသော ခြေကျင်းဝတ်ကို ဆုတ်ကိုင်ဖြစ်ညှစ်ထား၏။ ထိုခြေကျင်းဝတ်ကို ဆုတ်ကိုင်ထားသည့် လက်အောက်တွင်တော့…သွေးတို့က ယိုစီးကျနေသည်။

“ဟာ…သွေး…သွေးတွေ…”

စောထူးဝါး၏ ကြောက်ကြောက်လန့်လန့်အော်လိုက်သည့် အသံကြောင့် မိုးကျော်က သဇင်ဝင်းတင့် ဆုတ်ကိုင်ထားသော လက်ကို တွန်းဖယ်ပြီး ကြည့်လိုက်သည်။

ထိုလက်၏ အောက်တွင်တော့…မြွေစွယ်ရာ အပေါက်နှစ်ပေါက် သွေးတို့က တစိမ့်စိမ့်စီးကျလျက်ရှိနေသည်။

“ဟာ…ဒါ…ဒါ မြွေကိုက်သွားတာကွ လုပ်…လုပ်ကြပါအုံး… ဆေးရုံမြန်မြန်ပို့မှရမယ်…”

မိုးကျော်၏ လက်တွေက ထိုခြေထောက်မှ ဒဏ်ရာကို ကိုင်ထားရင်း တဆတ်ဆတ်ပင်တုန်ယင်နေသည်။ စောထူးဝါးကလဲ ကမူးရှူးထိုးနှင့်

“ဒဏ်ရာက သွေးတွေကို ငါ့ပါးစပ်နဲ့ စုတ်ထုတ်လိုက်မယ် …ဖယ်…ဖယ်…”

“မဟုတ်သေးဘူး ယောကောင် စောထူးဝါး…၊ ခြေထောက်ကို စည်းစရာအဝတ်စတစ်ခု မြန်မြန်ရှာစမ်းပါ…”



သူတို့အားလုံး၏ အသံတွေက တစ်ယောက်တစ်ပေါက်နှင့် သွေးရူးသွေးတမ်းတွေ ဖြစ်နေကြ၏။ တစ်ချိန်ထဲမှာပင် သူတို့ မျက်လုံးတွေက သဇင်ဝင်းတင့်ကို ကိုက်လိုက်သည့် မြွေကို အနီးအနားတဝိုက်တွင် ရှာဖွေကြည့်နေကြ၏။ သို့သော်…မြွေကို အရိပ်အယောင်မျှပင် မတွေ့ရ…။ ကွဲအက်နေသော ပတ်ကြားအက်တွေကလဲ ထိုနေရာတဝိုက်တွင် လက်နှစ်လုံးသာသာလောက် မြေကြီးတွေကွဲဟနေ၏။

ထိုစဉ်မှာပင် သဇင်ဝင်းတင့်၏ ခြေထောက်တစ်ခုလုံး ညို့ပုတ်ပုတ်ဖြစ်လာသည်။

“သဇင်…သဇင်”

“ဟဲ့ သဇင်”

တစ်ယောက်တစ်ခွန်း ဝိုင်းခေါ်နေကြသည့် အသံတွေကြားတွင်တော့ မေးစင်းနေသော သူမ၏ မျက်လုံးကို အားယူပြီး ဖွင့်ကာ… သဇင်ဝင်းတင့်က တိုးလျလျလေသံနှင့်

“ငါ…ငါသေရတော့မယ်…ငါ့ဆုတောင်းထားတဲ့ ကိစ္စ…တွေ …ပြည့်…ပြည့်…”

ထိုအသံမဆုံးခင်မှာပင် သဇင်ဝင်းတင့်၏ လည်ပင်းက ဇက်ကြိုးကျသွားပြီး ခေါင်းငိုက်စိုက်ကျသွား၏။

“ဟင်…ဟင်”

“သဇင်…လုပ်ပါအုံး သဇင် အသက်မှရှိသေးရဲ့လားကွ…”

သူတို့အားလုံး၏ မျက်လုံးတွေက တစ်ယောက်မျက်[illegible] တစ်ယောက် ကြည့်လိုက်ကြ၏။ ထိုအကြည့်တွေက အဓိ[illegible] သည့် ပုစ္ဆာတစ်ပုဒ်ကို ဖြေဆိုရန် လက်လျှော့လိုက်[illegible]

www.burmeseclassic.com

www.burmeseclassic.com



တွေ ဖြစ်နေသည်။

သူတို့အားလုံးနှင့် မလှမ်းမကမ်းတွင် အခုအချိန်အထိ မတုန်မလှုပ်နှင့် ရပ်နေသည့် ခင်မာဝေ၏ မျက်လုံးတွေကတော့ သူတို့ဖြေ ဆိုရန် ခက်ခဲနေသည့် ပုစ္ဆာတစ်ပုဒ်ကို ဖြေဆိုရန် အသင့်ဖြစ်နေသလို အေးဆေး တည်ငြိမ်နေ၏။ ထို့နောက် ခင်မာဝေက သူ့ခေါင်းကို ဖြည်းညှင်းစွာနှင့် တညိမ့်ညိမ့်လုပ်လိုက်ရင်း

"ဟုတ်တယ်…ဒီအချိန်ဟာ သူ့ဆုတောင်းတွေပြည့်ပြီလို့ နှစ်ဆယ့်လေးနာရီ ပြည့်သွားတဲ့အချိန်ဆိုတော့ သူသေရှာပြီပေါ့…"

"ဘာ…နင်ဘာပြောလိုက်တယ် ခင်မာဝေ…"

မိုးကျော်၏ အမေးတွေက သူ့နှုတ်ဖျားတွင် ဗလုံးဗထွေးတွေ ဖြစ်နေ၏။ ခင်မာဝေက သူ့ခေါင်းကို ဖြည်းညှင်းစွာ ခါရမ်းလိုက်ပြီး…

"မင်းသမီး အရမ်းဖြစ်ချင်တဲ့ သဇင်ဝင်းတင့်ဟာ…မနေ့က စာချုပ်မှာ လက်မှတ်ထိုးလိုက်ပြီးကတည်းက သူ့ဆုတောင်းတွေ ပြည့်သွားပြီပဲ…သေရတော့တာပေါ့…"

ထိုစကားကြောင့် သူတို့အားလုံး၏ အသက်ဝိညာဉ်တွေ လွင့်ပါသွားသလို ခံစားလိုက်ရသည်။ နောက်ပြီး ဖြိုးမောင်မောင်နှင့် စော ထူးဝါးတို့ နှစ်ယောက်ကြားတွင် ရပ်နေသော သဇင်ဝင်းတင့်၏ အသက်ကိုမှ ရွေးပြီး ကြမ္မာဆိုးက ဆွဲထုတ်ယူငင်သွားပေပြီ…။

ဒီလိုသာဆိုရင်တော့…ခင်မာဝေ၏ ဒဏ္ဍာရီဆန်ဆန် ပုံပြင်ဆန်ဆန် ဆုတောင်းစကားတွေကိုတော့ သူတို့ လက်ခံရတော့မလိုလို…။

ံ ံ ံ

အခန်း(၁၁)

ရေဝေးသုသာန်ကြီးထဲတွင် သဇင်ဝင်းတင့်၏ အသုဘကို လိုက်ပို့ ကြသည့်ကားများအားလုံး အသီးသီးပြန်သွားကြပေပြီ…။ လေထဲတွင် ဘလွင့်လွင့် တလူလူဝေ့ဝဲလွင့်နေသော သူမ၏ အခိုးအငွေ့တွေက မီးသဂြိုလ် စက်ခေါင်းတိုင်ထိပ်မှ လက်ပြနှုတ်ဆက်နေသလို တဖြည်းဖြည်းနှင့် မှုန်ဝါး ပျောက်ကွယ်စပြုနေပြီဖြစ်သည်။

လူ့ဘဝဆိုသည်မှာ ဇာတိ‥ဇရာ‥မရဏာဆိုပေမယ့် အချိန်မတိုင် ခင်မှာပင် မှားယွင်းသည့်ဆုတောင်းတစ်ခုကြောင့် ကြွေလွင့်ခွဲခွါသွားကြ သည့် သဇင်ဝင်းတင့်နှင့် ဝဏ္ဏအောင်တို့အတွက် သူတို့သူငယ်ချင်းတွေ အကုန်လုံးက ကြေကွဲမဆုံးဖြစ်နေသည်။

သဇင်ဝင်းတင့်၏ အသုဘကို လိုက်ပို့သည့် ဘကြီးစောကလည်း ကားပေါ်ပြန်တက်ခါနီးတွင် အခုလို ရှေ့ဆင့်နောက်ဆင့် ကြမ္မာဆိုးတွေနှင့် ရင်ဆိုင်လိုက်ရသည့် သဇင်ဝင်းတင့်နှင့် ဝဏ္ဏအောင်တို့၏ အဖြစ်အပျက်[illegible] တစ်စုံတစ်ရာ ပြောချင်နေပုံရသည်။

ရေဝေးသုသာန်ကြီး၏ ရှေ့မှ ကွက်လပ်ကျယ်ကြီး[illegible] ဖြိုးမောင်မောင်နှင့်အတူ ကျောင်းမှ သူငယ်ချင်းတွေ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဘဲ အခုအချိန်အထိ ရောက်မလာသေးသည့် စောထူးဝါးကို စောင့်နေကြ၏။ စောထူးဝါးကတော့ ဘာအရေးတကြီးကိစ္စရှိနေသည်မသိ သဇင်ဝင်းတင့်၏ အသုဘချချိန်ကိုပင် မမီလိုက်တော့။

မိုးကျော်က သဇင်ဝင်းတင့် အခုလိုဖြစ်ရသည့်အကြောင်းတွေကိုသာ တနုံ့နုံ့ပြန်ပြီး တွေးကြည့်နေ၏။ နောက်ပြီး ဒီအဖြစ်အပျက်ဆိုးကြီးတွေကို ခင်မာဝေကကော ဘာဖြစ်လို့ အတိအကျကြီး သိနေရသည်လဲဆိုသည်ကို ထပ်တလဲလဲပြန်ပြီး စဉ်းစားကြည့်နေမိ၏။

"ဖြိုးမောင်မောင်နဲ့ ခင်မာဝေက သူငယ်ချင်း တစ်မြို့ထဲသားတွေသာဆိုတယ်။ ခင်မာဝေ ခါးခါးသီးသီးဖြစ်နေသလောက် ဖြိုးမောင်မောင်က သဇင်ဝင်းတင့် ဆုတောင်းတဲ့ကိစ္စကိုတော့ ဘာဖြစ်လို့ ဘာမှမဖြစ်ပါဘူးလို့ ပြောရတာလဲ...နောက်ပြီး ခင်မာဝေပြောတဲ့အကြောင်းတွေကိုလဲ လက်ကျတ်ဓာတ်ကြီးပါလို့ ပြောရတာလဲ..ဒီကောင် ရိုးမှရိုးသားရဲ့လား...နောက်ပြီး သူတကယ်မြွေရှေ့မှာ ဆုတောင်းဘူးတယ်ဆိုတဲ့ ကိစ္စကရော တကယ်ဟုတ်ချင်မှဟုတ်မှာ...ဒီကောင် လိမ်ပြောတာပဲဖြစ်မယ်..."

တွေးရင်းနှင့် မိုးကျော်၏ မျက်လုံးတွေက ဒေါသအခိုးအငွေ့တွေ အလျှံညီးညီးတောက်လောင်လာ၏။ ထို့နောက်တွင် ရပ်နေသည့် ဖြိုးမောင်မောင်၏ လည်ပင်းမှ အကျီကော်လာစကို ဖျတ်ကနဲ လှမ်းဆွဲလိုက်ပြီး။

"ဟေ့ကောင် ဖြိုးမောင်မောင်...မင်း..မင်း ဒီဆုတောင်းပြည့်တယ်ဆိုတဲ့ ကိစ္စတွေကို သိထားရက်သားနဲ့ တမင် ငါတို့ကို မပြောဘဲနေတာ မဟုတ်လား...အခုတော့ မင်းကဘာမှ မဖြစ်ဘူးဆိုလို့ သဇင်ဝင်းတင့်က စာချုပ်မှာ လက်မှတ်သွားထိုးလိုက်လို့သေရတာ...တရားခံက မင်းပဲ..."

ရုတ်တရက် လည်ပင်းမှ ကော်လာစကို ဆောင့်အဆွဲခံလိုက်ရ



သည့် ဖြိုးမောင်မောင်မှာ ဘာပြန်ပြောလို့ ပြောရမှန်းမသိတော့ဘဲ ကြောင်အအနှင့် ဖြစ်သွားပြီ....

"မ...မဟုတ်ပါဘူး...ငါနဲ့ဘာဆိုင်လို့လဲ...မင်းငါ့ကိုမ တရားရှာပြီးနဲ့ မိုးကျော်..."

"ဘာ..."

ပြောပြောဆိုဆို မိုးကျော်၏ လက်သီးတစ်ချက်က ဖြိုးမောင်မောင်၏ မေးရိုးဆီသို့ ကျရောက်သွား၏။

"ခွပ်"

"အား"

မိုးကျော်ထိုးလိုက်သော လက်သီးက လတ်တကာကာတပြင်ပြင်နှင့် အကြောက်အကန်ပြန်ပြီး ငြင်းနေသည့် ဖြိုးမောင်မောင်၏ မေးရိုးကို ခွမ်းကနဲထိသွားပြီး ဖြိုးမောင်မောင်မှာ မြေကြီးပေါ်သို့ လဲကျသွား၏။

ထိုအချိန်မှ ဘေးမှရပ်နေသော အခြားသူငယ်ချင်းများက သူတို့ရှိရာသို့ ပြေးလာပြီး ဝင်ဆွဲကြသည်။

"ဟာ...ဟေ့ကောင် လွှတ်မယ်...လွှတ်မယ်မိုးကျော်..."

အချိန်မီးကလေး သူငယ်ချင်းများမှာလဲ ရုတ်ရုတ်သဲသဲဖြစ် ကုန်ပြီး အသံကုန်ဟစ်ကာ အော်လိုက်ကြ၏။

"လုပ်ကြပါအုံးဟယ်...ဆွဲကြပါအုံး...အချင်းချင်းတွေက ဘာထပြီးဖြစ်ကြတာလဲ..."

မိုးကျော်က

"မဟုတ်ဘူး...ဒီကောင်လူယုတ်မာ...၊ မင်းတို့ဘာသိမှာလဲ—"

မိုးကျော်က ဝိုင်းဆွဲနေသည့်ကြားမှ မြေကြီးပေါ် [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကျနေသော ဖြိုးမောင်မောင်၏ အပေါ်မှ ခွစီးကာ ဒေါသတကြီးနှင့် နေထိုင်သော လက်သီးတစ်ချက်ကို ထပ်ထိုးရန် ဟန်ပြင်လိုက်၏။ ထို့နောက် မိုးကျော်က

"ဟောကောင် မင်း မှန်မှန်ပြော...၊ မင်းမြွေရှေ့မှာ ဆုတောင်းခဲ့တယ်ဆိုတာ တကယ်လား"

မိုးကျော်၏ ဒေါသတကြီး မေးနေသည့် အသံတွေကြောင့် ဖြိုးမောင်မောင်မှာ မျက်လုံးကလည်ကလည်နှင့် ယက်ကန်ယက်ကန် ဖြစ်နေ၏။

သူတို့နှစ်ယောက်ကို ဘေးမှ ဝိုင်းပြီးဖြန်ဖြေနေကြသည့် အခြားသူငယ်ချင်းများမှာတော့...မြွေတွေအကြောင်းကော ဆုတောင်းပြည့် သည့် အကြောင်းတွေကိုပါ ဘာတစ်ခုမှ သိမထားကသဖြင့် ကြောင်တက်တက်တွေနှင့် နားမလည်နိုင်အောင် ဖြစ်နေကြသည်။

ဖြိုးမောင်မောင်ကလဲ..အထစ်ထစ်ငေါ့ငေါ့လေသံတွေနှင့်

"မ မဟုတ်ပါဘူး...ငါအဲဒီတုန်းက သဖင်ဝင်းတင့်ကြောက်နေမှန်းသိလို့ သူစိတ်သက်သာအောင်တမင် ပြောလိုက်တာပါ။နောက်ပြီး...ငါ..ဆု..ဆုတောင်းတာလဲ တကယ်ပြောတာပါ...မလိမ်ပါဘူး..."

"မင်းကို ငါမယုံဘူး...ဟောကောင်..."

ပြောပြောဆိုဆို မိုးကျော်က ဖြိုးမောင်မောင်၏ လည်ပင်းကို သူ့လက်နှစ်ဖက်နှင့် အတင်းညှစ်ရန် ကြိုးစားနေ၏။ ဘေးမှ ဝိုင်းဆွဲနေကြသော သူငယ်ချင်းများမှာလဲ မိုးကျော်နှင့် ဖြိုးမောင်မောင်တို့ ပြောဆိုနေကြသည်ကို ဘာတစ်ခုမှ နားမလည်နိုင်ကြ...။



ဖြိုးမောင်မောင်က သူ့လည်ပင်းကို ညှစ်ဖို့ ဟန်ပြင်နေသည့် ...၏ လက်တွေကို တွန်းဖယ်နေရင်း

"မင်းမယုံရင်...ငါ ငါ မင်းကျေနပ်အောင် ဘာလုပ်ပေးရမ...ပြော၊ မင်း...မင်းလက်တွေကို ဖယ်လိုက်..."

အကြောက်အကန် ငြင်းဆန်ရုန်းကန်နေသော ဖြိုးမောင်မောင် ...ကြည့်ရင်း မိုးကျော်က အနည်းငယ်တွေဝေသွား၏။ နောက်ပြီး သူ့အောက် ...တွင် လဲကျနေသော ဖြိုးမောင်မောင်ကို သူရဲဘောကြောင်သူ တစ်ယောက် ...မှန်းသိပြီး ဘယ်လိုအပြစ်ဒဏ်ပေးရမည်လဲဆိုသည်ကို တွေးကြည့်လိုက် ...။ ထို့နောက် မိုးကျော်က သူခွစီးထားသော ဖြိုးမောင်မောင်၏ အပေါ်မှ ...လိုက်သည်။

တစ်ချိန်ထဲမှာပင်..

"မင်း ဒါဆိုရင် မြွေရှေ့မှာ ငါကြားရတဲ့အထိ ဆုတောင်းပြရ ...ယ်..."

မိုးကျော်က ပြောပြောဆိုဆို သူ့ရှေ့မှ မြေပြင်တွင် သစ်ကိုင်း ...ခြောက်တစ်ခုနှင့် မြွေတစ်ကောင်ပါးပြင်းထောင်နေသည့် ပုံတစ်ပုံကို ...ရေးခြစ်ပြီး ဆွဲလိုက်၏။ ထိုပါးပြင်းထောင်နေသည့် မြွေ၏လည်ပင်းတွင် လည်း ပစောက်ပုံသဏ္ဍာန်အရစ်တစ်ခုပါ ထည့်သွင်းရေးဆွဲလိုက်သည်။

ဘေးမှရပ်ပြီး ကြည့်နေကြသည့် အခြားသူငယ်ချင်းများမှာလဲ မိုးကျော် ရုတ်တရက်ကြီးထပြီး မြေပြင်တွင်ရေးခြစ်လိုက်သည့် မြွေ တစ်ကောင်၏ ပုံကိုကြည့်ကာ အံ့အားသင့်နေကြသည်။

ရေဆေးသုသာန်၏ ကွင်းပြင်ပြောင်ပြောင်ပေါ်တွင် ... ရေးဆွဲထားသော ပါးပြင်းထောင်နေသည့် မြွေတစ်ကောင် ...

www.burmeseclassic.com

www.burmeseclassic.com



ပီပြင်လွန်းနေ၏ နောက်ပြီး ရှုးရှုတောက်ပသည့် မြွေ၏ မျက်လုံးတွေက တစ်ဝုံတစ်ယောက်၏ ကံကြမ္မာကို ပြောင်းလဲပစ်လိုက်ရန် အသင့်ဖြစ်နေသည့် ပုံမျိုး…''

''လုပ်လေကွာ…ဘာရပ်ကြည့်နေတာလဲ…''

ကြက်သေသေကာ ငေးကြောင်ကြည့်နေသော ဖြိုးမောင်မောင်၏ မျက်လုံးတွေက မိုးကျော်၏ အမိန့်ပေးနေသည့်အသံအောက်တွင် ဆောက်တည်ရာကင်းမဲ့နေသည်။ တဒိတ်ဒိတ်တိုးဆောင့်နေသော နှလုံးခုန်သံတွေကြောင့် သူ့နှားထင်ရင်းဆီမှ ချွေးသီးချွေးပေါက်တွေပင် တဒီးဒီးစီးကျလာနေ၏။

ထို့နောက် ဖြိုးမောင်မောင်က မိုးကျော်၏ မျက်နှာကို မဝံ့မရဲ လှမ်းကြည့်ကာ တောင်းပန်းတိုးလျှိုးသည့် လေသံဖြင့်…

''မလုပ်ပါနဲ့ကွာ…ငါ ငါတောင်းပန်ပါတယ်…''

''မရဘူး…တစ်ခါက မင်းဆုတောင်းပါတယ်ဆိုတဲ့ စကားအတိုင်း ဒီမြွေရှေ့မှာ မင်းဆုတောင်းပြရမယ်…''

ပြတ်သားတင်းမာနေသော မိုးကျော်၏ အသံကြောင့် ဖြိုးမောင်မောင်မှာ သူ့လက်နှစ်ဖက်ကို အချင်းချင်း ပူးယှက်လိုက်ပြီး မြေပြင်ပေါ်တွင် ရေးဆွဲထားသော ပါးပြင်းထောင်နေသည့် မြွေရုပ်ပုံကို ကြည့်ကာ တုန်ရင်ထစ်ငေါ့နေသော လေသံတွေဖြင့် ဆုတောင်းလိုက်၏

''အမှန်တကယ် ဆုတောင်းပြည့်မယ်ဆိုခဲ့ရင်…ကျွန်တော်ရဲ့ ဝဖြိုးနေတဲ့ ခန္ဓာကိုယ်အလေးချိန်ကြီး အမြန်ဆုံးကျပါစေ…''

ထိုဆုတောင်းစကားဆုံးသည်နှင့် ဖြိုးမောင်မောင်မှာ မျက်စေ့မျက်နှာပျက်နှင့် သူ့ပါးစပ်ကို သူ့လက်နှင့် ယောင်ယမ်းဖုံးဖိလိုက်ပြီး…



ဘွန်းဆုတ်ထိတ်လန့်လျက်ရှိသည်။ သူ့ပုံစံက မိုးကျော်၏ မာထန်ပြတ်သားသည့် အမိန့်ပေးသံကြောင့်ပဲလား…၊ အမှန်တကယ် ဆုတောင်းပြည့်မည်စိုး၍လားမသိ။ သူ့တစ်ကိုယ်လုံး တစ်ဆတ်ဆတ်တုန်ယင်နေ။

ဖြိုးမောင်မောင်၏ ဆုတောင်းစကားဆုံးသောအခါ မိုးကျော်က ကျေနပ်အားရသွားသည့်ပုံဖြင့် ဖြိုးမောင်မောင်၏ ပခုံးကိုဆောင့်တွန်း လိုက်ပြီး

''ရပြီ…မင်းသွားလို့ရပြီ…''

ထိုစဉ်…ရေဝေးသုဿန်၏ မီးသဂြိုလ်စက်ရှေ့သို့ အလောတကြီး မောင်းဝင်လာသော တက္ကစီတစ်စီးကို အားလုံးက လှည့်ပြီးကြည့်လိုက်သည်။

ထိုကားပေါ်မှ သုတ်သီးသုတ်ပြာ ပြေးဆင်းလာသူမှာ စောထူးဝါးပင်ဖြစ်၏။ စောထူးဝါးကို တွေ့လိုက်သည်နှင့် သူငယ်ချင်း များအားလုံးကလည်း…သဇင်ဝင်းတင့်၏ အသုဘကို အချိန်မီရောက်မလာသည်ကို ဝိုင်းပြီး အပြစ်တင်ကြသည်။

စောထူးဝါးကတော့ ဘာတစ်ခွန်းမှ ပြန်မပြော…။ သူ့မျက်နှာတစ်ခုလုံးမှာ ကြေကွဲဝမ်းနည်းနေသည့် အမူအရာတွေနှင့်အတူ စိတ် ရှုပ်…ခေါင်းရှုပ်တွေ ဖြစ်နေပုံရ၏. ထို့နောက် မျက်စေ့မျက်နှာတွေ ပျက်နေကြသော မိုးကျော်နှင့် ဖြိုးမောင်မောင်တို့ကို တစ်လှည့်စီ လှမ်းကြည့်လိုက်သည်။

မိုးကျော်ကလဲ စောစောက အဖြစ်အပျက်တွေ အကုန်လုံးကို စောထူးဝါးသိအောင် ရှင်းပြဖို့ အခက်တွေ့နေမိ၏။ တကယ်တော့ ဒီကိစ္စ ကို ရှင်းပြလိုက်လျှင် သူ့ကိုစောထူးဝါးက အယူသည်းသူ တစ်ယောက်ထင်သွားမှာစိုးရိမ်နေမိသည်။

ဖြိုးမောင်မောင်မှာလဲ…မိုးကျော်ထိုးလိုက်သော

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ဖြင့် ပွတ်နေကာ မျက်နှာက ရှုံ့မဲ့မဲ့ဖြစ်နေ၏။

ထို့နောက် စောထူးဝါးက မိုးကျော်ကို တစ်စုံတစ်ရာမေးမည်ပြု ပြီးမှ သူတို့ရှေ့မှ မြေကွက်လပ်တွင် ရေးဆွဲထားသည့် ပါးပြင်းထောင်နေ သည့် မြွေရုပ်ပုံကို မြင်သွားပြီး ထိုပုံကို တွေတွေကြီး စိုက်ကြည့်နေ၏။ သူစိုက်ကြည့်နေသည့် မျက်လုံးတွေက လေးလေးနက်နက်နှင့် အဓိပ္ပါယ်ပါပါ ပင် ဖြစ်နေ၏။

မိုးကျော်က

"ဟော့ကောင်…စောထူးဝါး၊ မင်း…မင်း အခုဘာဖြစ်လာ တာလဲ…"

ထိုစဉ်…စောထူးဝါး၏ မျက်ဝန်းတွေထဲမှာ…မျက်ရည်စတွေ တွဲခိုနေသည်ကို တအံ့တသြနှင့် တွေ့လိုက်ရသည်။

စောထူးဝါးက မိုးကျော်၏ ပခုံးကို လှမ်းဖက်လိုက်ပြီး ငိုသံပါပါ နှင့် ပြောလိုက်၏။

"ငါ. ငါ့အမေ တောင်ငူမှာ အသည်းအသန်ဖြစ်နေတယ် မိုးကျော်…အခြေအနေက ဆရာဝန်ကတောင် လက်လျှော့ သွားပြီတဲ့…"

"ဟင်"

ကြားလိုက်ရသည့် စောထူးဝါး၏ စကားကြောင့် မိုးကျော်မှာ ချက်ချင်းပင် ငိုင်ကျသွားပြီး ဘာပြောလို့ပြောရမှန်းမသိ…။ ဒီကောင် အခု သဖင်ဝင်းတင့်၏ အသုဘကို အချိန်မှီရောက်မလာနိုင်သည်မှာလဲ ဒီကိစ္စတွေကြောင့်ပဲ ဖြစ်လိမ့်မည်ဟု မိုးကျော်က တွေးကြည့်နေမိ၏။

စောထူးဝါးက မြေကြီးပေါ်မှ မြွေရုပ်ကို တွေတွေကြီး စိုက်



ကြည့်နေရာမှ ဘာမပြောညာမပြောနှင့် ပြုန်းကနဲ ဒူးထောက်ထိုင်ချ လိုက်ပြီး…

"ကျွန်တော့် အမေ ပြန်နေကောင်းလာပါစေ…ဒါကို ကျွန် တော်လေးလေးနက်နက် ဆုတောင်းပါတယ်… ဒီဆုတောင်းပြည့်လို့ နှစ်ဆယ့်လေးနာရီအတွင်းမှာ ကျွန်တော်သေရမယ်ဆိုရင် သေဖို့အဆင်သင့် ပါပဲ…"

စောထူးဝါး၏နှုတ်မှ ထွက်ကျလာသော စကားလုံးများ ကြောင့် မိုးကျော်၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ ဆတ်ကနဲပင် တုန်ခါသွား၏။ ခေါင်း တစ်ခုလုံးမှာလဲ မိုက်ကနဲပင် မူးနောက်ရီဝေသွား၏။ ထို့နောက် အံ့သြ ထိတ်လန့်နေသည့် အသံကြီးဖြင့်

"ဟော့ကောင် စော…စောကြီး…မင်း…မင်း ဘာလုပ် လိုက်တာလဲ…"

သူပြောလိုက်တဲ့ အချိန်မှာပဲ သူ့တားမြစ်စကားက အများကြီး နောက်ကျသွားခဲ့လေပြီ…။

စောထူးဝါးကတော့ မြေပြင်မှ ပါးပြင်းထောင်နေသည့် မြွေရုပ် ပုံကို တွေတွေကြီး စိုက်ကြည့်ကာ…မျက်ရည်စတွေ ပိုးပိုးပေါက်ပေါက် နှင့်ပင် ကျနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

တစ်ကိုယ်လုံးအားအင်ချိနဲ့နေပြီး ဒူးတွေက ကြမ်းပြင်ပေါ်သို့ ပျော့ခွေညွတ်ကျမသွားအောင် မနဲထိန်းနေရသည့် ဖြိုးမောင်မောင်မှာ ယခုတစ်ခါ ရေအိမ်သို့ဝင်ရသည်မှာ ဘယ်နှစ်ကြိမ်မြောက်တွေ ဖြစ်နေမှန်းမသိတော့…။

ယိမ်းထိုးလှုပ်ရမ်းနေသည့် သူ့ခန္ဓာကိုယ်ပျော့ဖတ်ဖတ်က ရေအိမ်တံခါးကို မှီထားရင်း လက်တစ်ဖက်ကလဲ လက်ကိုင်ဖုန်းပေါ်မှ ခလုတ်တွေကို တရစပ်နှိပ်ခေါ်နေ၏။ သူခေါ်နေသည့် ဖုန်းက ဧရိယာပြင်ပသို့သာ ရောက်နေသည်။

“တောက်….”

နှမ်းလျပျော့ခွေနေပြီဖြစ်သည့် ဖြိုးမောင်မောင်၏ တောက်ခေါက်သံက မပီမသနှင့် တိုးညှင်းညှင်းသာ ထွက်တော့၏။ ခါတိုင်းလှည့်ဖွင့်နေကျ ရေအိမ်တံခါးမှ လက်ကိုင်ဘုကိုပင် အခုတော့ အားစိုက်ပြီး လှည့်ဖွင့်နေရသည်။ ထို့နောက် ရေအိမ်ပေါ်ထိုင်လိုက်သည်နှင့်



ဘုံဘိုင်ခေါင်းမှ ရေတွေချလိုက်သလို ဝမ်းတွေကတဝေါဝေါသွားတော့၏။ ထိုသို့ အကြိမ်ကြိမ်အလီလီ…သွားနေရသော ဝမ်းတွေကြောင့် သူ့ဗိုက်ထဲက တလီစာတွေပင် တစ်စစီပြုတ်ထွက်တော့မည်လားဟု ထင်ရသည်။

“ဗွီ…”

“ဝေါ…ဖရော…”

ပုတ်လောင်နံစော်နေသည့် အနံ့ဆိုးကြီးက သူ့တစ်ကိုယ်လုံး နံစော်နေသည်။ ထိုစဉ် သူမရမကခေါ်နေသည့် တစ်ဖက်မှ ဖုန်းက ပြန်ထူးသံကိုကြားလိုက်ရသည်။

“ဟဲလို…”

“ဟလို..မိုး မိုးကျော်လား…ငါ…ပါ…”

ဖြိုးမောင်မောင်၏ အသံတွေက လေသံလောက်သာထွက်နေ ပြီး သူ့လက်ထဲမှ ဖုန်းကိုပင် ကြမ်းပြင်ပေါ်သို့ လွတ်မကျသွားအောင် လက်နှစ်ဖက်ဖြင့် ဆုတ်ကိုင်ထားရသည်။ မျက်တွင်းမျက်ချောင်တွေက တစ်ခဏအတွင်းမှာပင် ကျဆင်းသွားကာ သူ့ရုပ်ကိုသူပင် ပြန်မမှတ်မိလောက်အောင် ငါးရိုးနားရိုးတွေ ကျသွားသည်။

ဟိုအရင်တုန်းက ဖြိုးမောင်မောင်ပါဟု ပြောလျှင်ပင် ဘယ်သူမှ ယုံမှာမဟုတ်တော့ ဆူထွက်နေသည့် သူ့ဗိုက်ပူပူကြီးမှာလဲ ချက်ချင်းပင် ပြားချပ်ချပ်ဖြစ်သွားကာ နံရိုးတွေက အစီအရီပင် မြင်နေရသည်။

“ဝေါ…ဖရော…ဘုရှုး…”

သူ့မျက်လုံးတွေက ဝေဝါးလာ၏။ တရစပ်သွားနေသော ဝမ်းတွေက အူတွေအသဲတွေပါ ဆွဲယူချနေသလို အလိတ်လိုက်အလိပ်လိုက် ကျဆင်းနေ၏။ ဖြိုးမောင်မောင်က ကြွေဇလားထဲသို့ ငုံ့ကြည့်ပြီး…

www.burmeseclassic.com

www.burmeseclassic.com



ချိန့်နေသည့် လေသံဖြင့်…

"မိုး…မိုးကျော်…ငါမနေရတော့ဘူး…အခု ငါဝမ်းတွေသွားနေတာ ဝမ်းတွေမဟုတ်တော့ဘူး….မြွေ…မြွေတွေ…ငါ့ဆုတောင်းတွေ ပြည့်…ပြည့်…"

ထိုအသံမဆုံးခင်မှာပင်…၊ ဖြိုးမောင်မောင်၏ ခန္ဓာကိုယ် တစ်ခုလုံးမှာ ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားတော့သည်။

"ဟင်…"

တစ်ဖက်မှ အံ့သြရေရွတ်လိုက်သည့် မိုးကျော်၏ အသံကိုတော့ ဖြိုးမောင်မောင်တစ်ယောက် ဘယ်တော့မှ မကြားနိုင်တော့…။ သူ့ဆုတောင်းတွေက အမှန်တကယ်ပင် ပြည့်သွားခဲ့ပြီ ဖြစ်သည်။

၆

ဖြိုးမောင်မောင်နေထိုင်သည့် သူ့အဒေါ်အိမ်က အင်းစိန်လမ်းမကြီးပေါ်မှာပင်ရှိသဖြင့် မိုးကျော် ပင်ပင်ပန်းပန်းမရှာဖွေရ…။ ထိုအိမ်အတွင်းသို့ မိုးကျော်ရောက်သွားသောအခါ…တစ်အိမ်လုံး မီးခိုးငွေ့တွေ မှုန်နေပြီး သက်ဆိုင်ရာ ကျန်းမာရေးအဖွဲ့တွေ ရောက်နေ၏။ နှာခေါင်းထဲတွင်လဲ ပိုးသတ်ဆေးတွေ ဖျန်းထားသည့် အနံ့တွေရနေသည်။

ဖြိုးမောင်မောင်၏ အလောင်းကိုတော့ အအေးတိုက်သို့ပင် ပို့လိုက်ကြပြီဖြစ်သည်။ မိုးကျော်နှင့်အတူ အခြားသူငယ်ချင်းများမှာလဲ… ဖြိုးမောင်မောင်၏ အဒေါ်ဖြစ်သူကို အကျိုးအကြောင်း သတင်းမေး ကြည့်နေကြသည်။

"အဒေါ်တို့လဲ အဲဒီအချိန်က အပြင်သွားနေကြတော့…ဘယ်



ထနေဘယ်လို စဖြစ်မှန်းမသိပါဘူး ကလေးတို့ရယ်… အပြင်ကပြန်လာတော့ အိမ်ရှေ့တံခါးမကြီးကလဲ ပွင့်နေ… နောက်ပြီး တစ်အိမ်လုံးလဲ သူသွားထားတဲ့ ဝမ်းတွေကြောင့် အနံ့အသက်တွေရနေတာပေါ့…အဲဒါနဲ့ နောက်တော့ အိမ်သာထဲမှာ သူခွေခွေလေး လဲနေတာ တွေ့ရတာပဲ…၊ ဦးဦးတာက အဒေါ်တို့က သူ့ကိုတွေ့တွေ့လိုက်ချင်း မမှတ်မိလောက်အောင် ပိန်ချုံးကျသွားလိုက်တာလေ…"

ဖြိုးမောင်မောင်၏ အဒေါ်ဖြစ်သူက သူမြင်တွေ့လိုက်ရသည့် အထူးအဆန်းအဖြစ်တွေကို ပြန်ပြောပြနေ၏။ ထိုစဉ် မိုးကျော်က သူဖုန်းထဲတွင် နောက်ဆုံးကြားလိုက်ရသည့် ဖြိုးမောင်မောင်ပြောခဲ့သော စကားတွေကို သိချင်ဇောဖြင့် မေးလိုက်၏။

"ဟို…ဟိုလေ အဒေါ်…၊ ဖြိုးမောင်မောင် သွားတဲ့ဝမ်းတွေက မြွေတွေဆို…"

"ဘယ်ကလာ မြွေတွေရမှာလဲ ကလေးရယ်…အဲဒီအချိန်မှာ သူ့ဖာသာသူ ကယောင်ကတမ်းတွေနဲ့ ထင်ရာကို လျှောက်ပြောနေတာနေမှာပေါ့…"

မိုးကျော်၏ ရင်ထဲတွင်တော့ ဘယ်သူမှမသိအောင်ပင် သက်ပြင်းတွေအခါခါ ခိုးပြီးချနေမိ၏။ နောက်ပြီး…သူ၏စိတ်လိုက်မာန်ပါ နှင့် နှုတ်တရွတ်တွေ ဆုတောင်းနိုင်းလိုက်မိသည့် အဖြစ်တွေကြောင့် ဖြိုးမောင် မောင် ယခုကဲ့သို့ အဖြစ်ဆိုးနှင့် ကြုံလိုက်ရသည်ကိုလဲ အခုမှ ဖြစ်ခြင်း စိတ်မကောင်းဖြစ်နေမိ၏။

"အိမ်အနီးအနားပတ်ဝန်းကျင်က လူတွေအကုန်လုံးသိ ဖြိုးမောင် မောင် အခုလိုဖြစ်တာ…ဝမ်းရောဂါလို့ ပြောကြတယ်… အဲဒါနဲ့ အခု

www.burmeseclassic.com

www.burmeseclassic.com



ကလေးတို့မြင်ကြတဲ့အတိုင်း ကျွန်းမာရေးအဖွဲ့တွေ ရောက်လာပြီး တစ်အိမ်လုံးဆေးတွေ ဖြန်းထားတာ…''

ဖြိုးမောင်မောင်၏ အဒေါ်က ပိုးသတ်ဆေးနံ့တွေကြောင့် သူ့နှာခေါင်းကို လက်ဖြင့်ဖွဖွအုပ်ရင် မိုးကျော်တို့ကို ထပ်ရှင်းပြနေပြန်သည်။

မိုးကျော်၏ အတွေးတွေကတော့ မြွေတစ်ရာဘုရားက အကောင်တစ်ရာမြောက် မြွေတစ်ကောင်၏ ဂမ္ဘီရဆန်ဆန် ကျိန်စာတွေကြောင့် တုန်လှုပ်ချောက်ချားနေပြီ ဖြစ်သည်။

ထိုအတွေးတွေနှင့်အတူ…

သဇင်ဝင်းတင့်၏ အသုဘချသည့်နေ့က…သူနှင့် ခဏလေးဆုံလိုက်မိသည့် ဘကြီးစောကိုလဲ ဖျတ်ခနဲ သတိရသွား၏။

''ဘကြီးစောက အဲဒီနေ့က ဒီအကြောင်းတွေနဲ့ ပတ်သက်ပြီး ငါ့ကို တစ်ခုခုပြောချင်နေပုံပဲ…၊ ဟုတ်တယ်…၊ ဘာပဲပြောပြော ဘကြီးစောကဖြူးမှာ နေတာဆိုတော့ မြွေတစ်ရာဘုရားနဲ့ ပတ်သက်ပြီး အနည်းအကျဉ်းတော့သိမှာပဲ…မဖြစ်ဘူး…ငါ ဘကြီးစောနဲ့ အမြန်ဆုံး သွားတွေ့မှဖြစ်မယ်…''

ထိုသို့…

ဖျတ်ကနဲ သတိရသွားသည့် စိတ်ကူးတစ်ခုကြောင့် မိုးကျော်က ဖြူးမြို့သို့သွားရန် ချက်ချင်းဆုံးဖြတ်လိုက်သည်။

၈

ရန်ကုန်မန္တလေးလမ်းမကြီး၏ ဘေးတစ်ဖက်တစ်ချက်တွင် ကြံခင်းကြီးတွေက လူတစ်ရပ်လောက် ရှည်ထွက်နေကြသည်။ သူတို့



ခြင်း ခကြာသေးခင်အချိန်က ဒီလမ်းမကြီးပေါ်က ဖြတ်လာခဲ့စဉ်…အမြင်နေရသော ကြံခင်းတွေက ဒီလောက်မရှည်ကြသေး…။ ဘာပဲပြောပြော…အချိန်တာခဏလေးအတွင်းမှာ လမ်းဘေးဝဲယာမှကြံပင်တွေသာမကချောင်းသူငယ်ချင်းတွေ၏ ဘဝတွေကပင် ပြောင်းလဲ ကြီးပြောင်းလဲကုန်ကြပြီ…၊ အခုလည်းကြည့် ဒီလမ်း ဒီခရီးတွေကို တစ်ချိန်က သူငယ်ချင်းတွေနှင့် ပေါ်လားဝါးလားတွေ ဖြတ်သွားခဲ့ရဘူးသော်လည်း အခုမူ…သူတစ်ယောက်တည်းပင်…။

ထိုကြံခင်းများ၏ အနောက်ဖက်တွင် ညိုမှောင်ပြာလဲ့နေသော ရိုးမတောင်စဉ်တောင်တန်းကြီးကတော့ ဘာတစ်ခုမှမပြောင်းလဲ…၊ သူ့ရင်ဘတ်ထဲတွင် လျှို့ဝှက်နက်နဲသည့် အထူးအဆန်းထိတ်လန့်ဖွယ်တွေကို ဖုံးကွယ်ထားသလိုဖြစ်နေ၏။

အဝေးပြေးကားကြီးပေါ်ကဆင်းတော့ မိုးကျော်၏ ခြေလှမ်းတွေ ကနေးကွေးလေးလံနေသည်။ သူ့မျက်လုံးတွေထဲတွင် တစ်ချိန်က ဝဏ္ဏအောင်တို့ သဇင်ဝင်းတင့်တို့၏ ပုံရိပ်တွေက ရုပ်ရှင်အနေးပြကွက်တွေလို တဖြည်းဖြည်းပြန်ပြီး မြင်နေရ၏။

ဘကြီးစော၏ ထမင်းဆိုင်ရှေ့ရောက်သောအခါ သူ့ခြေလှမ်းတွေကတုန့်ကနဲပင်ရပ်တန့်သွားမိသည်။ တစ်ချိန်က ပေါ်လားဝါးလား နှင့် သူငယ်ချင်းပေါင်း,ပေါင်းခဲ့သော ဘကြီးစော၏ မျက်ဝန်းတွေက မိုးကျော်ကို မြင်လိုက်ပြီး…ဆို့ဆို့နင့်နင့်ကြီး ဖြစ်သွားပုံရ၏။

ဘကြီးစောက

''ကဲ…ကိုယ့်လူ…ရေမိုးချိုးပြီး…ထမင်းစားလိုက်ဦး…တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့ချေသားဟင်းချက်တယ်ကွ…'' ဦးစော

www.burmeseclassic.com

www.burmeseclassic.com



စကားအေးအေးသာလေး ပြောကြတာပေါ့ ...''

ဘကြီးစောက ချေသားဟင်းဟုဆိုလိုက်သည်နှင့် တစ်ချိန်က အရသာနှင့် ချေသားကိုမြည်းချင်ပါသည်ဟု ဆိုသော ဝဏ္ဏအောင်ကို ချက်ချင်း သတိရသွားမိသည်။

ထို့နောက် မိုးကျော်က ကျောပိုးအိတ်ကို ပခုံးပေါ်မှ ချလိုက်ပြီး စားပွဲအလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

အရာရာတိုင်းက မိုးကျော်အတွက် ခြောက်ကပ်ကပ်နှင့် ဖြစ်နေပြီး ဘကြီးစောချကျွေးသည့် ချေသားဟင်းနှင့် ငပိထောင်းက အရင် တစ်ခါကလောက်ပင် စားမကောင်းတော့ချေ ...။

ထိုနေ့ညတွင် ဘကြီးစောနှင့် မိုးကျော်တို့ စကားတွေအများကြီး ပြောဖြစ်ခဲ့သည်။ ဘကြီးစောပြောပုံအရ ... နောက်တစ်နေ့ နံနက်စော စောတွင် မြွေတစ်ရာဘုရားနှင့် ပတ်သက်ဖူးသည်တိုသည့် ရွာတစ်ရွာသို့ မိုးကျော်တစ်ယောက်ထဲ ခြေလျင်လျှောက်လာခဲ့မိသည်။ သူ့အတွေးတွေ ကလဲ တစ်လမ်းလုံးရှုပ်ထွေး နောက်ကျိလျက်ရှိနေ၏။

ချွေးသံလူသံတွေ တိတ်နေသည့် ထိုရွာကလေးက အုံ့ဆိုင်းနေ သည့် သစ်ပင်ဝါးပင်များအောက်တွင် ခပ်ကုတ်ကုတ်ကလေး ဖြစ်နေ သည်။ တစ်ခါတစ်ခါ ကြဲစည်းကြီးတွေကို တင်ဆောင်သွားကြသည့် နွားလှည်းတွေ တစ်စီးစနှစ်စီးစကို မြင်နေရသည်။ ထိုလှည်းတွေက တိတ်တဆိတ်နေသော ရွာလမ်းကလေးအတိုင်း တဟဲ့ဟဲ့နှင့် မောင်းပြီး ဝင်သွားကြသည်။

ဖြူးမြို့နှင့် အလှမ်းမဝေးသော်လဲ ဒီရွာကလေးက သီးသီးခြား ခြားနှင့် ရှိနေသဖြင့် မိုးကျော်အဖို့ မြင်ကွင်းတွေက အထူးအဆန်းတွေ ဖြစ်နေသည်။



ကြောာမီ ဘကြီးစောပြောလိုက်သည့် ဒေါ်စံပုဆိုသည့် မိန်းမ ကြီးတစ်ယောက်၏ အိမ်သို့ မိုးကျော် ဆိုက်ဆိုက်မြိုက်မြိုက်ကြီးပင် ရောက်သွား၏။ ထိုဒေါ်စံပုဆိုသော မိန်းမကြီးကို မိုးကျော်က တွေ့လျှင် တွေ့လိုက်ချင်း

''ကျွန်တော်က ထမင်းဆိုင်က ဘကြီးစောပြောပြလို့ ... အဒေါ်သမီးကိစ္စကို စိတ်ဝင်စားပြီး ဒီကိုလာကြည့်တာပါ ခင်ဗျ ...''

ဒေါ်စံပုက မိုးကျော် ပြောလိုက်သော ထမင်းဆိုင်မှ ဘကြီးစော ထို သိသွားပုံရကာ သူ့ကို ခြေဆုံးခေါင်းဖျားကြည့်ရင်း

''သြော် ... အေး ... အိမ်ထဲကို လာပါကွယ် ... အဒေါ်မှာလဲ တစ်ယောက်ထဲဆိုတော့ အလုပ်ကလဲ ခပ်များများရယ် ...''

ဖျင်ကြမ်းတဘက်အကွက်ကြဲကြီးတစ်ထည်ကို ဒေါ်စံပုက သူ့ခေါင်းပေါ်တွင် တစ်ပတ်နှစ်ပတ်ရစ်ခွေလိုက်ပြီး မြေစိုက်အိမ်လေး ထဲသို့ မိုးကျော်ကို ဖိတ်ခေါ်လိုက်သည်။ သက်ကယ်များမိုးထားသော မြေစိုက်အိမ် ပုပုလေးများအေးမှ ထရံများကာထားပြီး အပြင်ဘက်မှ နေရောင်ခြည်က ထိုထရံပေါက်တွေကြားသို့ ကျိုးတို့ကျဲတဲနှင့် ဖြာကျနေ၏။

ထိုတဲအိမ်ပုပုလေးအတွင်း ဝါးကွပ်ပစ်လေးတစ်လုံးအပြင် ယက်လုပ်လက်စ ဝါးခမောက်တွေက လေးငါးဆယ်လုံးလောက်တွေ့ရ သည်။ မိုးကျော်က ဝါးကွပ်ပစ်ပေါ်ဝင်ထိုင်ရင်း

''အဒေါ်က ဝါးခမောက်တွေ ရက်တာလား ...''

''အေးကွယ် ... ဒီလိုပဲပေါ့။ တစ်ယောက်ထဲဆိုတော့ ... ခမောက် တစ်လုံးကို လက်ခသုံးလေးဆယ်လောက်ရလဲ မနည်းပါဘူး ... သမီးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ယက်ရတာပေါ့…''

ပြောပြောဆိုဆို ဒေါ်စံပုက မီးဖိုချောင်အတွင်းသို့ ဝင်သွားပြီး ရေနွေးကြမ်းအိုးနှင့် ကြံသကာတို့ကို ယူလာပြီး မိုးကျော်ကို ဧည့်ခံလိုက်သည်။

''ဒါက တို့ဖြူးက ထွက်တဲ့ ကြံသကာပဲ ကလေးရဲ့…စား…''

မိုးကျော်မှာ မရှိသည့်ကြားက စေတနာပရှုပွနှင့် ကျွေးနေရှာသော ဒေါ်စံပုကို ကြည့်ကာ စိတ်ထဲမှ သနားနေမိသည်။ နောက်ပြီး အချိန်မတန်ခင် သူ့ကိုခွဲခွာသွားသည့် သူ့သမီး၏အကြောင်းစုံကိုလဲ မေးကြည့်ချင်နေမိ၏။ ထို့နောက် မိုးကျော်က-

''ဒီလိုပါပဲ အဒေါ် ကျွန်တော်အခုလာရတဲ့ကိစ္စ…အဒေါ့် သမီးက မြေကိုက်ခံရပြီး ကိုက်တဲ့မြွေကို မတွေ့လိုက်ရပဲ ဆုံးသွားတာဆို…''

ဒေါ်စံပု၏ မျက်နှာမှာ ချက်ချင်းဆိုသလို ညှိုးညှိုးငယ်ငယ်နှင့် ဖြစ်သွားပြီး…

''အဲဒီ အဖြစ်ဆိုးကြီးအကြောင်းကိုတော့ အစဖော်ပြီး ပြန်မပြောပါရစေနဲ့ ငါ့တူရယ်…အဒေါ်ရင်တွေ နာလွန်းလို့ပါ…''

မိုးကျော်က သူ့စကားကြောင့် မျက်စိမျက်နှာပျက်သွားသော ဒေါ်စံပုကို ကြည့်ကာ အားတုံ့အားနာ ဖြစ်သွားပြီ…

''ဟို…ဟို ဒီကိစ္စကို မေးရတာကလဲ… အဒေါ့်သမီးရဲ့ အဖြစ်နဲ့ ကျွန်တော့်သူငယ်ချင်း သဇင်ဝင်းတင့်ရဲ့ အဖြစ်တွေက တူနေလို့ မေးရတာပါ ခင်ဗျာ…စိတ်မရှိပါနဲ့နော်…''

ဒေါ်စံပုက သက်ပြင်းတစ်ချက်ကို လေးလေးကန်ကန်ချရင်း…

''အေးကွယ်…ပြောဆိုတော့လဲ ရင်နာနာနဲ့ ပြောရတော့မှာပေါ့…၊



အဲဒီနှစ်က အဒေါ့်သမီးနဲ့ တပြိုင်ထဲလိုလို ဆုံးသွားရှာတဲ့ ကျောင်းသူ သုံးယောက်ရှိတယ်ကွယ်…''

''ဗျာ…သုံးယောက်တောင်…ဟုတ်လား…''

မိုးကျော်၏ အံ့သြရေရွတ်လိုက်သံက အနည်းငယ်ပင် ကျယ်လောင်သွား၏။ ထို့နောက် ဒေါ်စံပုက

''ဟုတ်တယ် အဒေါ်သမီးအပါအဝင် သူတို့ အမြဲတတွဲတွဲနဲ့ ခင်ခင်မင်မင်ပေါင်းသင်းနေကြတာတော့ မိန်းကလေးစုစုပေါင်း ငါးယောက် ပေါ့ကွယ်…အဲဒီထဲကမှ တိုက်တိုက်ဆိုင်ဆိုင် ကျန်တဲ့သုံးယောက်ဟာလဲ အကြောင်းအမျိုးမျိုးနဲ့ အဒေါ်သမီးလို ရှေ့ဆင့်နောက်ဆင့်တွေ သေဆုံးသွားကြတယ်…အဲ့…မသေပဲ လွတ်ပြီးကျန်ခဲ့တာဆိုလို့ တစ်ယောက် ပဲရှိတယ်ကွယ့် အဒေါ်ကတော့ အခုအချိန်မှာ…အရာရာကို ကံအကြောင်း တရားလို့ပဲ နားလည်လက်ခံလိုက်ရမှာပါပဲလေ…''

ဒေါ်စံပု၏ အဆုံးသတ်စကားကြောင့် မိုးကျော် ဆက်မေးဖို့ စကားတွေက ဆွံ့အသွားမိသည်။ ဒေါ်စံပု၏ ပုံစံက တက်တက်ကြွကြွနှင့် ဆက်ပြီး ပြောပြချင်စိတ်တွေ ရှိပုံမရတော့…။ ထို့နောက် မိုးကျော်က တစ်ချက် စဉ်းစားသလိုနှင့် လုပ်လိုက်ပြီး…

''ဒါဆိုရင်…အဒေါ့်သမီးရဲ့ ဓာတ်ပုံလေးရှိရင် ကြည့်ပါရစေလား ခင်ဗျာ…''

''အေး…အေး ရပါတယ်ကွယ်…''

ဒေါ်စံပုက သူ့လက်မောင်းရင်းက အင်္ကျီစနှင့် မျက်[illegible] ညီသုတ်လိုက်ပြီး…မိုးကျော်အနားမှ တလှုပ်လှုပ်နှင့် [illegible] ခေါင်းရင်းထရံစကြားတွင် ညှပ်ထားသော ဓာတ်ပုံတစ်ပုံ [illegible]

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ထို့နောက် မိုးကျော်ရှိရာသို့လာကာ ဓာတ်ပုံကို လှမ်းပြီး မေးလိုက်၏။

"ဒါ...သူတို့သူငယ်ချင်း ငါးယောက်စပြီး ကျောင်းမှာရိုက်ထားတဲ့ဓာတ်ပုံပေါ့..."

ဒေါ်စံပုပေးလိုက်သည့် ဓာတ်ပုံကို မိုးကျော်က လက်နှစ်ဖက်ဖြင့် တရိုတသေလှမ်းယူလိုက်ပြီး ကြည့်လိုက်၏။ အားလုံးက ဓာတ်ပုံထဲတွင် အဖြူနှင့်အစိမ်း ကျောင်းဝတ်စုံတွေ ဝတ်ထားကြပြီး မျက်နှာတွင် သနပ်ခါး ပါးကွက်ကြားတွေနှင့် ဖြစ်၏။

ထို့နောက် ဒေါ်စံပုက မိုးကျော်၏ ဘေးတွင် ဒူးထောက်ထိုင်လိုက်ပြီး...

"ဒြော်...သူတို့ထဲက မသေပဲ တစ်ယောက်ထဲလွတ်သွားတဲ့ မိန်းကလေးကတော့ ဟောဒီ ညာဖက်အစွန်က ကလေးမလေးပဲကွဲ့..."

ဒေါ်စံပု လက်ညှိုးထောက်ပြလိုက်သော ညာဖက်အစွန်က မိန်းကလေး၏ မျက်နှာကို မိုးကျော်က သေသေချာချာ ကြည့်လိုက်၏။

"ဟင်..."

ထိုညာဖက်အစွန်မှ

သနပ်ခါးပါးကွက်ကြားနှင့် ပြုံးပြုံးလေးရပ်နေသူမှာ...ခင်မာဝေပင် ဖြစ်တော့သည်။

◉ ◉ ◉

အခန်း(၁၃)

မှုန်နောက်ရီဝေနေသည့် ခေါင်းတွေက ရှေ့သို့ဦးစိုက်ကျမသွား အောင် မနည်းတည့်မတ်ထားရင်း လျှောက်နေရသည်။ ခေါင်းပေါ်မှာ တည့်တည့်ကြီးထိုးကျနေ အပူရှိန်ပြင်းသည့် နေရောင်ကြောင့် မိုးကျော်၏ မျက်လုံးတွေက တစ်ချက်တစ်ချက် ပြာကနဲပြာကနဲပင် ဖြစ်နေ၏။ မျက်လုံးတွေထဲတွင်လဲ ဒေါ်စံပုထုတ်ပြလိုက်သည့် ဓာတ်ပုံထဲမှ ခင်မာဝေ ၏ ပြုံးရယ်နေသည့် မျက်နှာက ကပ်ညိပြီးပါလာ၏။

"ဘယ်လိုဖြစ်တာပါလိမ့်။ ငါထင်ထားတာထက်တောင် ခင်မာဝေ က ပိုပြီးလျှို့လျှို့ဝှက်ဝှက်နေနိုင်ခဲ့ပါလား...၊ တကယ်ဆိုရင် ဒီအကြောင်း တွေသာ ငါတို့ကို ပြောမပြခဲ့ရင် သူငယ်ချင်းတွေအကုန်လုံး ဒီအဖြစ်ဆိုးကြီးနဲ့ ကြုံရမှာမဟုတ်ဘူး အခုတော့....သူစခဲ့တဲ့ပါးစပ်ရာဇဝင်တစ်ခုကြောင့် အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရပြီ..."

မိုးကျော်တွေးရင်းနှင့် လျှောက်နေသည့် ခြေလှမ်းတွေက မြို့ ဆေးလေးအတွင်းမှာပင် လယ်ကွင်းတွေကို ဖြတ်ကျော်ပြီး အသေ လမ်းမကြီးအနီးသို့ ရောက်လာခဲ့သည်။ ထိုလမ်းမကြီးအနီးသို့ ရောက်—

www.burmeseclassic.com

www.burmeseclassic.com



စောထူးဝါး၏ အမေဆေးရုံတင်ထားသည့် ကိစ္စနှင့် စောထူးဝါး ဆုတောင်းထားသည့် အကြောင်းတွေကို ဖြန်းကနဲ သတိရသွားမိသည်။ ထို့နောက် မိုးကျော်က ဖြူးမှ တစ်နာရီခန့်သာ ဆက်ပြီး သွားရတော့မည့် တောင်ငူမြို့သို့ သွားရန် ချက်ချင်းဆုံးဖြတ်လိုက်၏။

"ဟိုကောင်…စောထူးဝါးလဲ…ဒီရက်ပိုင်းပဲ သူ့အမေဆီပြန်မယ်လို့ ပြောသွားတယ်…သူကော ဘယ်လိုလဲ…အခုအချိန်မှာ မပြောကောင်း မဆိုကောင်း သူ့ဆုတောင်းစကားကြောင့်…"

ထိုစဉ်…တောင်ငူဖက်သို့သွားမည့် အဝေးပြေးကားကြီးတစ်စီး က သူရပ်နေရာရှေ့တွင် ရပ်လိုက်၏။ မိုးကျော်က ကားပေါ်သို့ ကပျာကယာ လှမ်းတက်လိုက်ရင်း ကားစပယ်ယာကိုလဲ တောင်ငူ ဆေးရုံကြီးနားရောက်လျှင် သူ့ကိုပြောဖို့ လှမ်းမှာလိုက်၏။

တစ်လမ်းလုံးလဲ မိုးကျော်၏စိတ်တွေက ဆေးရုံမှာ အသည်းအသန်ဖြစ်နေသည့် စောထူးဝါး၏ မိခင်ဒေါ်ဒိုးဝါးနှင့် သူငယ်ချင်းဖြစ်သူ စောထူးဝါးတို့ ကံကြမ္မာတွေကိုသာ မျက်စိစုံမှိတ်ရင်း ဖြစ်လာမည့် ကံတရား၏ အဆုံးအဖြတ်ကို တုန်လှုပ်ချောက်ချားနေမိ၏။

☯

ပိုးသတ်ဆေးရည် ဖြန်းထားသည့်အနံ့တွေက ဆေးရုံတစ်ခုလုံးရနေ၏။ လူနာကုတင်တွေက အခန်းတိုင်းလိုလို သူ့အစောင့်နှင့်သူ ပြည့်နှက်နေ၏။ မိုးကျော်၏ မျက်လုံးတွေက တစ်ကြိမ်တစ်ခါမှ မမြင်ဘူးသည့် လူနာဆက်…၊ သူငယ်ချင်းဖြစ်သူ စောထူးဝါးကိုသာ ရှာဖွေနေမိ၏။



တစ်ခါတစ်ရံ သူ့မျက်လုံးတွေက စကြံန်တစ်လျှောက် ပုလင်းကြီး [illegible]ယ်တွေချိတ်ဆွဲပြီး အရေးတကြီးတွန်းသွားကြသည့် ဘီးတပ် တွန်း[illegible]ပေါ်သို့ ယောင်ယမ်းကာ လိုက်ကြည့်နေမိ၏။

မြင်နေရသည့် မြင်ကွင်းတွေက အားလုံးအပူအပင်သောက[illegible] ဖြစ်နေသည်။

"ဘုရား…ဘုရား…ဘယ်သူမှ ဘာမှမဖြစ်ကြပါစေနဲ့…"

ရင်ထဲမှာ ကျိတ်ပြီးဆုတောင်းနေမိသည့်စကားက ဘယ်သူ့ကို [illegible]နေမှန်း မိုးကျော်ကိုယ်တိုင်ပင် မသိတော့…။

ထိုစဉ်…အခန်းထောင့်ချိုးတစ်ခုမှ ချိုးကွေ့လာသော နပ်စ်မ တစ်ယောက်ကို မိုးကျော်က-

"သြော်…ဒီမှာ ခင်ဗျ…ဒီဆေးရုံမှာ လာတက်နေတဲ့ ဒေါ်ဒိုးဝါး ဆိုတဲ့ ကရင်အဒေါ်ကြီးတစ်ယောက် ဘယ် ward မှာလဲဆိုတာသိချင်လို့ ပါ…"

"ရှင်…ဘယ်သူ ဒေါ်ဒိုးဝါးဟုတ်လား…"

လုံချည်အနီဝတ်ထားသော သူနာပြုဆရာမက မိုးကျော်၏ မျက်နှာကို စေ့စေ့ကြည့်ရင်း ထပ်မေးလိုက်ပြန်သည်။

"ဟုတ်…ဟုတ်ပါတယ်ခင်ဗျာ…"

သူနာပြုဆရာမက ခဏစဉ်းစားသလို လုပ်လိုက်ရင်း

"သြော်…သိပြီ…သိပြီ ငှက်ဖျားကြောင့် ဒီဆေးရုံ[illegible] လာတဲ့ Parient ထင်တယ်…၊ သူ့ကုတင်ကတော့ ဒီကုတင်ပဲ-"

ထိုစဉ် အနီးရှိ လူနာကုတင်လွတ်တစ်လုံးကို [illegible] ညွှန်ပြလိုက်၏။ ထိုကုတင်မှာတော့ လူနာတစ်ဦး [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဘဲ…ကုတင်ဘေးမှ ပစ္စည်းပစ္စယာတင်သည့် စားပွဲအသေးလေး တစ်လုံး ပေါ်မှာလဲ ဘာပစ္စည်းမှရှိမနေတော့သည်ကို တွေ့လိုက်ရသည်။

"ဟင်…"

ရုတ်တရက် ကြောင်တောင်တောင်ပင် ဖြစ်သွားသော မိုးကျော်မှာ ဘာပြန်ပြောရမှန်းပင်မသိတော့။ ရင်ထဲတွင် ဆို့နင့်နင့်ကြီး ဖြစ်သွား၏။ ထို့နောက် ထမီအနီဝတ်ဆရာမလေးက သူ့စကားကို ဆက်ပြန်သည်။

"လူနာက မရတော့ဘူးလို့ အားလုံးက ထင်ထားကြတာလေ။ ကံကောင်းချင်တော့ ခွဲစိတ်လိုက်ရတဲ့ ဗိုက်ထဲက သူ့အောလုံးကြောင့် လိုတဲ့သွေးကိုလည်း ဘုရားဖူးလာတဲ့ အဖွဲ့တစ်ဖွဲ့က ကုသိုလ်ဖြစ် လာလှူ သွားတယ်လေ…အဲဒါနဲ့ပဲ ဒီမနက်လေးတင် သူ့ဘာသာသူပဲ ဆေးရုံက ဆင်းသွားပြီး…"

"ဗျာ"

မိုးကျော်၏ အသံက အနည်းငယ်ပင် ကျယ်လောင်သွား၏။ ဘာပဲပြောပြော အခုလဲ…စောထူးဝါး၏ ဆုတောင်းတွေ ပြည့်သွားပြီလို့ ပြောရမလိုပင်..။ သူ့ရင်တွေက ချက်ချင်းပင် ဗလောင်ဆူသွားသည်။ ရှေ့မှာ မတ်တပ်ရပ်ပြီး ကြည့်နေသည့် နပ်(စ်)မက မိုးကျော်၏ အမူအရာကို ကြည့်ကာ…

"လူနာက ဟိုအရင်ရက်တွေကတော့ ရန်ကုန်က သူ့သားကို မျှော်နေတာပဲ…ဒါနဲ့ရှင်က လူနာနဲ့ ဘာတော်လို့ အခုမှရောက်လာရတာ လဲ…"

အရေးထဲမှာ မိုးကျော်ကို လူနာ၏သားထင်ပြီးစပ်စပ်စုစုတွေ မေးနေပြန်သည်။



"ခ…မတော်ပါဘူး ခင်ဗျ…အဲဒီလူနာရဲ့သားနဲ့ သူငယ်ချင်း —"

မိုးကျော် ရှင်းပြလိုက်သည့်စကားကြောင့် သူနာပြုဆရာမက စောင်းတစ်ချက်လှမ်းထိုးပြီး ဒေါက်ဖိနပ်သံ တစ်ဒေါက်ဒေါက် ဆေးရုံကော်ရစ်တာတွင် ဆက်လျှောက်သွား၏။ ထိုစဉ်မှ…မိုး ကျော်၏ တွေက သူငယ်ချင်းဖြစ်သူ စောထူးဝါးအတွက်ပိုပြီး စိုးရိမ်ကြောင့် စိတ်တွေ ဖြစ်လာမိသည်။

"ဒါ…ဒါဆိုရင် ဒီဆေးရုံကို စောထူးဝါးရောက်မလာသေးတာ သေချာတယ်…ဒီကောင် ဒီကောင် ဘယ်ရောက်နေလဲ"

ယောက်ယက်ခတ်နေသည့် အတွေးတွေနှင့် မိုးကျော်၏ ခြေ လှမ်းတွေက ဆေးရုံအပြင်သို့ ပြန်လှည့်ထွက်ရန် ပြင်လိုက်၏။

ထိုစဉ်…

"တီ…တော်…တီ…တော်…"

ဆေးရုံအတွင်းသို့ အပြင်းမောင်းနှင်ဝင်ရောက်လာသည့် လူနာတင်ယာဉ်တစ်စီးကို လှမ်းတွေ့လိုက်ရ၏။ ထိုလူနာတင်ယာဉ်က အရေး ပေါ်ဌာနဆိုင်းဘုတ်အောက်တွင် ရပ်သွား၏။

ဆေးရုံအတွင်းမှ ပြေးထွက်လာကြသည့် သူနာပြုအကူများ နှင့် လူနာတင်ယာဉ်ပေါ်တွင် ပါလာကြသည့် လူနှစ်ယောက်သုံးယောက်တ လူနာတင်ယာဉ်၏ နောက်တံခါးပေါက်ကို ဆွဲဖွင့်ပြီး အထဲမှလူနာကို ဘီးတပ် လှည်းပေါ်ဆွဲမတင်လိုက်ကြသည်။

မိုးကျော်၏ မျက်လုံးတွေက ဘီးတပ်တွန်းလှည်းပေါ် အလိမ်းလိမ်းနှင့် လူနာကို လှမ်းကြည့်မိလိုက်စဉ်မှာပင်…

www.burmeseclassic.com

www.burmeseclassic.com



"ဟင်…စောထူးဝါး…"

မိုးကျော်၏ ရေရွတ်လိုက်သံက နောက်ထပ်လည်ချောင်းထဲက ထွက်မလာတော့…။ တဂျိုင်းဂျိုင်းနှင့် တွန်းသွားသော တွန်းလှည်း ဘေး အပြေးတပိုင်းလိုက်သွားကာ…လူနာ၏မျက်နှာကို သေချာအောင်ပင် ထပ်ပြီး ကြည့်လိုက်၏။

ထိုတွန်းလှည်းပေါ်တွင် ဘာတစ်ခုမှမသိတော့ဘဲ ပက်လက်ကြီး လိုက်ပါသွားရသူကတော့ စောထူးဝါးမှ စောထူးဝါးအစစ်ပင်…။

မိုးကျော်က တွန်းလှည်းဘေးတွင် လိုက်ပါလာသော လူတစ်ယောက် ကို…သိချင်စိတ်ဖြင့် ဗလုံးဗထွေးလှမ်းမေးလိုက်၏။

"ဒီ…ဒီ လူနာက ဘာဖြစ်တာလဲ…"

"ကားမှောက်တာလေ…ရန်ကုန်ကလာတဲ့ မှန်လုံမှောက်တာ ကားတစ်စီးလုံး သူတစ်ယောက်ပဲ အခြေအနေက တော်တော်ဆိုးတယ်…"

"ဟင်"

နံဘေးမှ လူတစ်ယောက်ကလည်း ဝင်၍

"ဒီကလေးက သနားစရာပါ။ သူ့အမေ အသည်းအသန်ဖြစ် နေလို့ ရန်ကုန်မှာကျောင်းတက်နေရာက ကမန်းကတန်းပြန်လာတာတဲ့"

ပြေးလိုက်နေသည့် မိုးကျော်၏ ခြေလှမ်းတွေက…တစ်စုံတစ်ရာ ကို အပ်ကျမတ်ကျကြီး တွက်လိုမိသူလို တဖြည်းဖြည်း နှေးကွေးလေး လာပြီး တွန်းလှည်း၏နောက်တွင် ကျန်ခဲ့၏။ သူ့မျက်လုံးတွေကလဲ အံ့သြကြေကွဲ သည့်အကြည့်တွေနှင့် ဘီးတပ်တွန်းလှည်းကြီးနောက်သို့ မျက်စေ့တစ်ဆုံး ငေး်ကြည့်နေမိကာ တစ်ကိုယ်ထဲ တီးတိုး ပြောဆိုနေမိသည်။

"မင်းရဲ့ ဆုတောင်းတွေပြည့်ပြီလို့…ငါ့ကို ပြောမယ်ဆိုတာ…



…ဘယ် စောထူးဝါး၊ အခု…ငါမင်းအသက်ကို မမျှော်လင့်ရဲတော့ …ငါတို့တွေ အကုန်လုံးဟာ…ဘာမဟုတ်တဲ့ နေရာလေးတစ်ခုကို …ပြီး…အပြောင်အပျက်သဘော မိုးတွေ ဆုတောင်းရာက… တဖြည်း …ကိုယ်ဖြစ်ချင်တဲ့ အတ္တစိတ်တွေနဲ့ ဆုတောင်းလာကြတယ်…၊ …တွေအကုန်လုံးဟာ ဘယ်သူ့အပြစ်လို့ ပြောရမှာလဲ…"

ထိုစဉ်…စောထူးဝါးကို သွင်းယူသွားသည့် အရေးပေါ်အခန်း …မှ လူတစ်ယောက်ပြန်ထွက်လာ၏။ ထိုသူက စောထူးဝါး၏ တွန်းလှည်းကို …တွန်းပေးသည့်လူပင်…

မိုးကျော်အနားသို့ သူရောက်လာသောအခါ…ဦးဦးဖျားဖျား …တင်းပေးသူလို…လေသံဖြင့်…

"ဟိုလူတော့ အခုလေးတင်ပဲ ဆုံးသွားရှာပြီ…"

"ဗျာ…"

မိုးကျော်၏ အသံက တိုးဖျော့ဖျော့သာ…ထွက်သွားတော့သည်။ တိုက်ဆိုင်မှုတွေက တိုက်ဆိုင်မှုထက်မက များလွန်းလှပြီ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

ရန်ကုန်သို့ မိုးကျော်ပြန်ရောက်သောအခါ…သူ့ရင်တစ်ခုလုံး လစ်ဟာနေလျက်ရှိသည်။ တစ်ချိန်က တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင်နေကြသည့် သူငယ်ချင်းအရင်းတွေက တစ်ယောက်မှမရှိတော့…။ နောက်ပြီး ဒီကိစ္စတွေကိုအစဖော်ပြီးမှ ခြေရာဖျောက်နေသော ခင်မာဝေ့ကိုလဲ အခုအချိန်တွင် သူအရမ်းတွေ့ချင်နေမိ၏။

ထိုနေ့က ကျောင်းကိုလဲ သွားချင်စိတ်မရှိ…၊ ဘယ်နဲ့မှလဲ စကားပြောချင်စိတ်တွေမရှိပဲ…အိမ်ထဲတွင် လူးလားခေါက်တုန့် လမ်းလျှောက်ရင်း အတွေးတွေနှင့် ရှုပ်ထွေးနေသည်။ မိုးကျော်၏ မိဘတွေကတော့ မိုးကျော်ဖြစ်ပျက်ခံစားနေရသည့် အခြေအနေကို နည်းနည်းမှပင် မရိပ်မိဘဲ။ သူတို့၏ စီးပွားရေးကိုသာ…အာရုံစိုက်နေကြ၏။ အခုလည်း မိုးကျော်၏ မိဘနှစ်ယောက်စလုံး သူတို့ဖွင့်ထားရာ မြေနီကုန်းမှ ရွှေဆိုင်သို့ အစောကြီးထဲက ထွက်သွားကြပြီဖြစ်သည်။

"တောက်"



ညည့်ခန်းမှ နံရံကို ကျောမှီထားရင်း ဘယ်နှစ်ကြိမ်မြောက် တောက်ခေါက်မိနေမှန်းမသိတော့…၊ သူ့မျက်ဝန်းတွေထဲမှာလဲ…ဆုံးရှုံးလိုက်ရသည့် သူငယ်ချင်းတွေ၏ အဖြစ်ကြောင့် မျက်ရည်စတွေ ဝေ့ဝဲနေ၏။ တစ်ချိန်ထဲမှာပင် သူကိုတ်ပြီးသံယောဇဉ်ရှိနေသည့် ခင်မာဝေ ကိုယ်တိုင်ကလည်း ဒီအဖြစ်အပျက်တွေ၏ အဓိကတရားခံပင်ဖြစ်နေသည်။

ထိုစဉ်

"ဒေါက်…ဒေါက်"

"ဒေါက်…ဒေါက်…ဒေါက်…"

အိမ်ရှေ့တံခါးမကြီးကို လူတစ်ယောက်လာခေါက်နေသည့် အသံကို ကြားလိုက်ရ၏။

မိုးကျော်၏ မျက်လုံးတွေက စေ့ပိတ်ထားသော တံခါးမကြီးကို စိုက်ကြည့်ရင်း ဆွံ့အငေးကြောင်လျက်ရှိနေသည်။

"မိုးကျော်…မိုးကျော်…"

ထိုအပြင်ဘက်မှ အသံက သူနှင့် ရင်းရင်းနှီးနှီး ရှိသောအသံပင်…

မိုးကျော်၏ ခြေလှမ်းတွေက ပိတ်ထားသော တံခါးမကြီးဆီသို့ ဖွင့်ကြည့်လိုက်၏။

"ဟင်…ခင်မာဝေ"

သူ့မျက်လုံးတွေကို သူမယုံနိုင်လောက်အောင် ဖြစ်သွားသည်။ ထို့နောက် မိုးကျော်က-

"နင်…နင်…ငါ့ဆီကို ဘာလာလုပ်တာလဲ…ခင်မာဝေ…"

သူ့စကားကြောင့် ခင်မာဝေ၏ မျက်နှာက [illegible] ယောက်လို သွေးဆုတ်ဖြူရော်နေ၏။ ပြီးမှ…မပွင့်တပွင့် [illegible]

www.burmeseclassic.com

www.burmeseclassic.com



''ငါ…နင့်ဆီကို အခုအချိန်မှာ လာသင့်တယ်ထင်လို့…''

''ဘာ…နင်ငါ့ကို ဘာတွေ ထပ်ပြီး လှည့်စားအုံးမလို့လဲ… နင့်ကြောင့် ငါ့သူငယ်ချင်းတွေရော တခြားဘာမှမသိတဲ့ လူတွေရဲ့ အသက်တွေကော အများကြီး ဆုံးရှုံးခဲ့ရပြီ…၊ ဒီမှာ ခင်မာဝေ နင်ကိုယ်တိုင် တစ်ချိန်က သေတွင်းထဲက လွတ်ထွက်လာရတဲ့ကိစ္စကို သိသိကြီးနဲ့… ငါတို့တွေ အကုန်လုံးကို မြွေတစ်ရာဘုရားဆီ ဘာဖြစ်လို့ခေါ်သွားခဲ့ရတာလဲ…''

မိုးကျော်၏ စကားတွေကို ခင်မာဝေက အေးစက်စက်ပင် နားထောင်နေ၏။ ထို့နောက် ခင်မာဝေက

''မဟုတ်သေးဘူး မိုးကျော်…''

''ဘာမဟုတ်ရမှာလဲ…နင်တစ်ချိန်က နင့်သူငယ်ချင်းတွေနဲ့အတူ ဖြူးမှာ ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေ အကုန်လုံး ငါသိထားပြီးပြီ…၊ အဲဒီတုန်းကလဲ နင်ဒီလိုအဖြစ်အပျက်ဆိုးကြီးတွေ ဖြစ်မယ်ဆိုတာ သိသိကြီးနဲ့ ရှောင်ထွက်သွားခဲ့တာမဟုတ်လား…၊ အခုလဲ ဒီမြွေတွေဆီမှာ ဆုတောင်းရင် ပြည့်တယ်ဆိုတဲ့ စကားကိုသိပြီး ဆုတောင်းကြလို့ အားလုံးသေရတဲ့ အဖြစ်တွေ ဖြစ်ကုန်ကြတာ…''

မိုးကျော်၏ အသံတွေက ပြောရင်းနှင့် တုန်ရင်လှိုက်မောနေ၏။ တကယ်တော့ ဒီစကားတွေကို ပြောလိုက်ရမှ မိုးကျော်၏ ရင်ထဲတွင် နည်းငယ် ပေါ့ပါးသွားသည်ဟု ထင်ရသည်။ သူ့ရှေ့တွင် ရပ်နေသည့် ခင်မာဝေမှာလဲ…စွပ်စွဲပြောဆိုနေသည့် မိုးကျော်၏ စကားတွေကြောင့် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာ၏။

ထိုသို့ ခင်မာဝေ မျက်ရည်ကျရသည့် မြင်ကွင်းမျိုးကို မိုးကျော်က တစ်ကြိမ်တစ်ခါမှ မမြင်ဘူးခဲ့…။ သူတို့နှင့် စပြီးတွေ့ခဲ့အချိန် မှ အခုအချိန်အထိ စကားအပိုတွေမပြောဘဲ…မျက်နှာတည်မျက်နှာထားနှင့် နေခဲ့သူ ခင်မာဝေမှာ ဝမ်းနည်းပက်လက်နှင့် ငိုရှိုက်နေသဖြင့် မိုးကျော် အတွက် အထူးအဆန်းတစ်ခုလို အံ့သြနေမိ၏။

ထို့နောက် ခင်မာဝေက ရှိုက်သံတွေကြားမှ

''ငါ့အခင်ဆုံး…သံယောဇဉ်အရှိဆုံးလူက အခုလို ငါ့ကို စွပ်စွပ် စွဲစွဲ ပြောနေတာ တကယ်စိတ်မကောင်းပါဘူး…''

ခင်မာဝေ၏ စကားကြောင့် မိုးကျော်၏ ရင်ထဲတွင် လှပ်ကနဲ ဝင် ဖြစ်သွား၏။ နောက်ပြီး ခင်မာဝေ နှုတ်ဖျားမှ အခုလိုပျော့ပြောင်း နူးညံ့သည့်လေသံမျိုးတွေ ကြားလိုက်ရသဖြင့် သူ့နားကိုပင် သူမယုံ နိုင် လောက်အောင် ဖြစ်သွားသည်။ ထို့နောက် ခင်မာဝေက ပါးပြင်ပေါ် စီးကျလာနေသည့် မျက်ရည်စတွေကို လက်ဖြင့် သပ်ချလိုက်ရင်း … မိုးကျော်၏ မျက်နှာကို ကြည့်ကာ…

''တကယ်တော့…ငါ့အပေါ် ချစ်နေတဲ့ နင်ဟာ အခုလို ရန်သူ တစ်ယောက်လို ဆက်ဆံခဲ့လိမ့်မယ်လို့ ငါမထင်ထားမိပါဘူး မိုးကျော်…''

''ဟင်…သူ…သူက ငါချစ်နေတယ်ဆိုတဲ့ အကြောင်းတွေကို သိထားပါလား…''

မိုးကျော်၏ မျက်လုံးတွေက ထိုစကားကြောင့်ပင် ပါးစပ်အဟောင်း သားနှင့် ဖြစ်သွားမိ၏။

ထို့နောက် ခင်မာဝေက မိုးကျော်၏ မျက်နှာကို စိတ်

ရာမှ တစ်စုံတစ်ရာကို ဆုံးဖြတ်ချက်ချလိုက်သလိုနှင့်

''နင် အခုလို ငါ့အပေါ်ယုံမှားနေတဲ့ သံ



www.burmeseclassic.com

www.burmeseclassic.com



အောင် လုပ်ပြစရာတစ်နည်းပဲ ရှိတော့တယ်…ငါ့အသက်ကို ရင်းပြီး ငါ ဆုတောင်းပြမယ် မိုးကျော်…၊ ဒါမှ ငါဟာ ကျန်တဲ့သူတွေကိုသေတွင်းကို တွန်းပို့ခဲ့တာ မဟုတ်ဘူးဆိုတာ နင်နားလည်မှာ…၊ ငါကိုယ်တိုင် သေမှ နင်ယုံမှာ…၊ နောက်ပြီး နင့်ကို ပြောခဲ့ချင်တာက…ငါသေသွားပြီးမှ ဘယ်တော့မှ ကြေကွဲ အထီးကျန်နောင်တရမနေဖို့ပဲ…''

ပြောပြောဆိုဆို ခင်မာဝေက သူ့လည်ပင်းတွင် ဆွဲထားသော ပိုးကြိုးမျှင်အနက်ရောင်နှင့် လုပ်ထားသည့် ဆွဲကြိုးလေးတစ်ကုံးကို အင်္ကျီအောက်မှ ဆွဲထုတ်လုက်၏။ ထိုဆွဲကြိုး၏ ထိပ်ဖျားတွင် သေးငယ်သော ဘဲဥပုံ လော့ကတ်သီးလေးတစ်လုံးက တလှုပ်လှုပ်နှင့် သူ့လက်ထဲတွင် ပါလာ၏။

ခင်မာဝေ အမြဲလိုလို ရင်စေ့အင်္ကျီတွေကိုသာ ဝတ်တတ်သော ကြောင့် သူမ၏ အင်္ကျီအောက်တွင် ထိုဘဲဥပုံလော့ကတ်သီးလေးရှိနေ မှန်း အခုမှပင် မိုးကျော်သိလိုက်ရသည်။

ခင်မာဝေက လော့ကတ်သီးလေးကို မိုးကျော်၏ မျက်နှာရှေ့ သို့ တိုးကပ်ပြီး ပြလိုက်၏။

''ဒီမှာ…ကြည့်…''

''ဟင်…''

ခင်မာဝေလက်ထဲမှ လော့ကတ်သီးလေးအတွင်း တစ်ဖိတ်ဖိတ် လက်နေသော မျက်လုံးအစုံနှင့်အတူ ပါးပြင်းထောင်နေသည့် မြွေတစ် ကောင်၏ပုံကို တွေ့လိုက်ရသည်။

ထို့နောက် ခင်မာဝေက ထိုလော့ကတ်သီးကို သူမ၏မျက်နှာ ရှေ့သို့ ချက်ချင်းလှည့်လိုက်ပြီး…စူးစူးစိုက်စိုက် ကြည့်ကာ….



''နင် ငါ့အပေါ်မှာ…အထင်လွဲနေတာတွေ အမြန်ဆုံး ပျောက် ပါစေလို့…ဟောဒီမြွေရှေ့မှာ ငါဆုတောင်းပါတယ်''

သူမ၏ အသံတွေက ငိုသံတွေကော ရှိုက်သံတွေပါ ရောယှက် နေ၏။ ထိုအခါမှ မိုးကျော်က ပြူးပြူးပြာပြာနှင့် ဖြစ်သွားပြီး…

''ဟာ…အဲဒီလိုမလုပ်..ပါနဲ့ ခင်မာဝေ နင် နင်သေသွားမှာ ပေါ့၊ နင်..နင်သေရမှာမကြောက်ဘူးလား…''

''နင်အထင်လွဲနေတာထက်စာရင် ငါသေရမယ်ဆိုလည်း သေပါစေ တော့ မိုးကျော်ရယ်…''

မိုးကျော်၏ ခန္ဓာကိုယ်တစ်ခုလုံး အဝေးသို့ လွင့်စင်ထွက်သွား သလို ဖြစ်သွား၏။ သူ့မျက်ဝန်းတွေထဲမှာလဲ…မထင်မှတ်သည့် ခင်မာဝေ၏ ဆုတောင်းစကားကြောင့် ထိတ်ထိတ်ပြာပြာ ဖြစ်သွား၏။ နောက်ပြီး ခင်မာဝေ ကိုယ်တိုင်က သူ့အပေါ် အသက်နဲ့လဲပြီး ချစ်နေသူဖြစ်မှန်း အခုမှပင် သိ လိုက်မိသည်။

''မဟုတ်ဘူး…၊ မဟုတ်ဘူး…မလုပ်ရဘူး…''

ပြောပြောဆိုဆို မိုးကျော်က ခင်မာဝေ ဆုတ်ကိုင်ထားသော လက်ထဲ မှ လော့ကတ်သီးကို လှမ်းပြီး ဆွဲယူလိုက်၏။ ထို့နောက် မိုးကျော်က·

''နင် ဆုမတောင်းရဘူး…ငါနင့်ကို ချစ်တယ် နင့်ကို အဆုံးအရှုံး မခံနိုင်ဘူး ခင်မာဝေ…''

အချိန်နှင့်အမျှ ပြောချင်နေခဲ့သည့် မိုးကျော်၏ ရင်ထဲက စကားများ တွေက အခုမှပင်ပွင့်အံထွက်လာသည်။ တစ်ချိန်ထဲမှာပင် သူ့လက်ထဲ တွင် ဆုတ်ကိုင်ထားမိနေသော အသည်းပုံလော့ကတ်သီးကို ကြည့်ရင်း အခုချိန်တွင် သူဘာလုပ်သင့်သလဲဆိုတာကို ဖျတ်ကနဲ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်…မိုးကျော်က လော့ကတ်သီးအတွင်းမှ မြေပုံတို စေ့စေ့စိုက်စိုက်ကြည့်ကာ

"ခင်မာဝေအတွက် အသက်အန္တရာယ်မကျရောက်အောင် ကာကွယ်ပေးနိုင်တဲ့ သူဖြစ်ရပါလို၏…"

ခင်မာဝေက မမှိမကမ်းနှင့် မိုးကျော်၏ ပါးစပ်ကို သူ့လက်ဖျား နှင့် လှမ်းပြီးပိတ်လိုက်သော်လည်း မမှီလိုက်တော့ ထိုဆုတောင်းစကား ကတော့ အဆုံးသတ်သွားခဲ့ပြီ…။

"ဟင်..နင်..နင်…မိုးကျော်.."

ကြေကွဲဆို့နင့်နေသည့် ခင်မာဝေ၏ အသံတွေက တိတ်ဆိတ် နေသည် ညှို့ခန်းထဲတွင် နွမ်းလျလျနှင့် ဖြစ်နေ၏။ သူတို့ဆုတောင်း တွေကြောင့် မကြာခင် အချိန်မှာ ရောက်တော့မည့် အန္တရာယ်ဆိုးကြီးကို နှစ်ယောက်အတူပင် ရင်ဆိုင်ကြရန်…အသင့်ဖြစ်နေကြ၏။

နာကျင်ပြီး ပြုံးပြနေသည့် မိုးကျော်၏ မျက်ဝန်းတွေထဲမှာလဲ ခင်မာဝေလိုပင် မျက်ရည်စတွေ ဝေ့ဝဲနေ၏။

ထိုစဉ် ခင်မာဝေ၏ ခန္ဓာကိုယ်က နွဲ့ပြောင်းပြီး မိုးကျော်၏ ပခုံးပေါ်သို့ မှီနွဲ့ကာ ကျလာသည်။ မိုးကျော်၏ လက်တွေကလဲ ခင်မာဝေ၏ တစ်ကိုယ်လုံးကို အလိုက်သင့် တင်းတင်းကျပ်ကျပ်ပင် ပြန်ပြီး ဖက်ထား လိုက်မိသည်။

သူတို့အတွက် တန်ဘိုးရှိသည့် အချိန်တွေက တစ်ရွေ့ရွေ့ကုန် ဆုံးလာနေပြီဖြစ်သည်။



နာရီလက်တံတွေက မိုးကျော်၏ အိပ်ခန်းနံရံပေါ်တွင် တစ်ချောက် ချောက်မြည်ရင်း ရွေ့လျားနေကြ၏။ ကျရောက်လာမည့် အန္တရာယ်တွေ ကြောင့် ရှိုသမျှ အခန်းတံခါးတွေကို အသေပိတ်ထားသဖြင့် အသက်ရှူရသည် မှာလဲ မွန်းကြပ်ကြပ်ကြီးဖြစ်နေကာ တစ်ခန်းလုံး မှောင်မိုက်မိုက် ဖြစ်နေ သည်။

အချင်းချင်းဖက်တွယ်ထားကြသော မိုးကျော်နှင့် ခင်မာဝေတို့ မှာ ချွေးစေးတွေနှင့် စေးကပ်နေကြသည်။ စိုးရိမ်ထိတ်လန့်နေသည့် မျက်လုံး တွေကလဲ ရွေ့လျားနေသည် နာရီမှ စက္ကန့်တံကိုသာ မမှိတ်မသုန် စိုက်ကြည့် နေကြပြီး သူတို့ ဆုတောင်းခဲ့သည့်အချိန်တွေ ဘယ်လောက်ကြာခဲ့ပြီလဲ ဆိုသည်ကိုသာ ရေတွက်နေမိကြသည်။

"ဒင်…ဒင်…ဒင်…"

ရုတ်တရက် ထိုးခတ်လိုက်သည့် သံစုံနာရီသံကြီးကြောင့် သူတို့ ရင်တွေ ဝုန်းဒိုင်းကျဲတုန်ခါသွားကြသည်။ ထိုစဉ် မိုးကျော်က ခင်မာဝေ၏ ကိုယ်ကိုပွေ့ဖက်ထားရာမှ-

"ဝေ့အပေါ်မှာ ကို အထင်လွဲခဲ့တာတွေအားလုံး ပြေပျောက် သွားပြီဆိုတော့ ဝေ့ဆုတောင်းတွေ ပြည့်သွားပြီပေါ့နော်…ကို ကတော့ ဝေ့ကိုကို ပြန်ချစ်နေတာကို သိလိုက်ရကတည်းက နှစ်ဆယ့်လေးနာရီအတွင်း ဘယ်အန္တရာယ်တွေပဲဖြစ်လာ ဖြစ်လာ…သေရဲပါတယ်…"

ခင်မာဝေ၏ တစ်စိမ့်စိမ့်စီးကျနေသော ပါးပြင်ပေါ်မှ မျက်ရည် စတွေက ဖွဖွလေးနမ်းရှိုက်လိုက်သည့် မိုးကျော်၏ ပါးပြင်ပေါ်သို့ ဆက်ပြီး စီးကျသွား၏။

www.burmeseclassic.com

www.burmeseclassic.com



အချိန်မရွေးကျရောက်လာနိုင်သည့် အသက်အန္တရာယ်ကြောင့် သူတို့နှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက်ပင် မျက်ခြေမပြတ် ကြတော့..။

ထိုစဉ်..

"ကလင်..ကလင်...ကလင်..."

အိမ်ရှေ့ဧည့်ခန်းထဲမှ ဖုန်းမြည်လာသံကြောင့် မိုးကျော်၏ စိတ်တွေယောက်ယက်ခတ်သွား၏။

"ကလင်...ကလင်..."

ဖုန်းသံတွေက ဆက်တိုက်ပင် မြည်နေ၏။ သူဒီအခန်းထဲမှ ထွက်ပြီး ဖုန်းသွားကိုင်ဖို့ကိုပင် မိုးကျော် တွန့်ဆုတ်နေမိ၏။

"ငါ ဒီဖုန်းကို သွားကိုင်ရင်..အခန်းရဲ့ အပြင်ဖက်မှာ... အသင့်စောင့်နေတဲ့ မြွေတစ်ကောင်ကောင်ကများ..."

မိုးကျော်၏ အတွေးတွေက စိတ်နောက်ရူးသွပ်သူ တစ်ယောက်လိုပင် ဖြစ်သွား၏။ တချိန်ထဲမှာပင်...သူ့အတွေးတွေက

"ဒီဖုန်းသံဟာ...ငါ့အဖေနဲ့အမေ ဆက်တာကော မဖြစ်နိုင်ဘူးလား...တော်ကြာအရေးတကြီးအကြောင်း ကိစ္စရှိလို့ဆက်တာဆိုရင်... ဘယ်လိုလုပ်မလဲ...မဖြစ်ဘူး သွားကိုင်လိုက်ရင်..."

နဖူးပေါ်စီးကျလာသည့် ချွေးတွေကို လက်ဖြင့်သပ်ချလိုက်ပြီး ခင်မာဝေ၏ မျက်နှာကို မိုးကျော်က တစ်ချက်လှမ်းပြီး အကဲခတ်လိုက်၏။ ခင်မာဝေ၏ မျက်နှာပေါ်မှာလဲ မိုးကျော် ထိုဖုန်းကိုသွားကိုင်လိုက်ချိန်တွင် အခန်းအတွင်း သူတစ်ယောက်ထဲကျန်ခဲ့ရမည့် အဖြစ်ကို တွေးပြီး ငိုးငိုက်နေပုံရ၏။



ထိုစဉ် အဆက်မပြတ်မြည်နေသော ဧည့်ခန်းအတွင်းမှ ဖုန်းမြည်နေသော ဧည့်ခန်းအတွင်းမှ ဖုန်းသံက တိတ်သွား၏။

"ဂူး...တော်ပါသေးရဲ့..."

သက်ပြင်းချသံနှင့်အတူ မိုးကျော်၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ အေးစက်တောင့်တင်းနေ၏။ သူ့သေးမှာ တစ်ချိန်လုံး ကြောက်လန့်သည့် စိတ်တွေနှင့် ငြိမ်ကုတ်နေသည့် ခင်မာဝေ၏ အသက်ရှူသံတွေက တဖြည်းဖြည်း မြန်သထက်မြန်လာနေသည်ကို သတိထားလိုက်မိသည်။

"ဝေ...မကြောက်နဲ့နော်...ကိုရှိတယ်...ဝေဘာမှ မဖြစ်စေရဘူး...."

ပြောသာပြောနေရသော်လည်း မိုးကျော်၏ စိတ်တွေက ဒီအခန်းဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ဝင်ရောက်လာမည့် အန္တရာယ်တစ်စုံတစ်ရာကို ထိတ်လန့်နေမိသည်။ သူ့ကိုယ်သူလဲ...ငါမကြောက်ဘူး... ငါမကြောက်ဘူးဟု စိတ်ထဲမှ ဆီမန်းမန်းသလို တတွတ်တွတ် ရွတ်နေမိသည်။

ထိုအချိန်မှာပင် မိုးကျော်၏ ခြေသလုံးကို အေးစက်စက်တစ်စုံတစ်ရာက တွားတက်လာနေသည်ကို သတိပြုမိလိုက်၏။

သူနဖူးပြင်ပေါ်မှ ဇောချွေးတွေက မျက်နှာပေါ်သို့ ဝေါကနဲပင် ပြိုကျသလို စီးလာ၏။ တုန်ရင်နေသော သူ့လက်ချောင်းများက ခင်မာဝေ့ကို ထွေးပိုက်ထားရာမှ တဖြည်းဖြည်းချင်းလွှတ်လိုက်သည်။ ခင်မာဝေကတော့ ဘာမှ သတိမပြုမိသလိုပင် ရှိနေ၏။ ထိုစဉ်မှာပင် သူ့လက်တစ်ဖက်က ခြေသလုံးပေါ်မှ အေးစက်စက်အရာကို အားကုန် လွဲပြီး ရိုက်ချလိုက်သည်။

"ဖျောင်း..."

www.burmeseclassic.com

www.burmeseclassic.com



ထိုအသံနှင့်အတူ ခင်မာဝေမှာလဲ အလန့်တကြားဖြင့် ကုန်းအော်လိုက်၏။

"အမလေး…ဘာ…ဘာကြီးလဲ…"

သူတို့နှစ်ယောက်စလုံး အထိတ်တလန့်ဖြင့် ထိုအရာကိုကြည့်လိုက်မိသည်။

မိုးကျော်၏ ခြေသလုံးပေါ်တွင်တော့ ကျိုးကျနေသော အပိုင်းအစများနှင့် ပြားချပ်ပြီး သေဆုံးသွားသည့် အမွေးဖွားဖွားနှင့် ပင့်ကူတစ်ကောင်…။

ထိုအချိန်မှာပင်

"ဒင်…ဒင်…ဒင်…"

နံရံပေါ်မှ နာရီကလဲ အချိန်တွေကို ဆွဲဆွဲပြီး ကျူ့ပစ်နေပြန်၏။ သူတို့နှစ်ယောက်၏ ခြောက်ခြားနေကြသော မျက်လုံးများက ထိုနံရံ ပေါ်မှ နာရီကြီးကို ပြိုင်တူလှမ်းပြီးကြည့်လိုက်ကြသည်။

"ဒုန်း….ဒုန်း…ဒုန်း၊ ဒုန်းဒုန်း…ဒုန်း"

ဒီတစ်ခါကြားလိုက်ရသည့် အသံက အိမ်ရှေ့အိမ်မှ တံခါးမကြီးကို ထုနေသည့်အသံ…။ မိုးကျော်က

"ဟင် အိမ်ရှေ့တံခါးကို ထုနေတဲ့အသံပဲ…၊ ဖေဖေတို့ မေမေတို့တွေ ပြန်လာကြပြီလားမသိဘူး…ဝေ…၊"

"ဟင် ဒါဆိုရင်ဘယ်လိုလုပ်မလဲ…ဝေကလဲ ဒီအခန်းထဲ ရောက်နေတော့ ကိုအဖေနဲ့အမေတွေ့သွားရင် သင့်တော်မှာမဟုတ်ဘူးကို…"

ခင်မာဝေကလဲ မျက်စိပျက်မျက်နှာပျက်နှင့် ဖြစ်သွား၏။ မိုးကျော်က တစ်ချက်စဉ်းစားသလိုလုပ်ပြီး ပိတ်ထားသော အခန်းတံခါး



[illegible] သွားကာ တံခါးရွက်ကို နားနှင့်ကပ်ပြီး နားထောင်ကြည့်လိုက်၏။

"ဒုန်း…ဒုန်း…ဒုန်း…ဒုန်း…"

အပြင်ဖက်မှ တံခါးမကြီးကို ထုနေသည့် အသံကလဲ အဆက်မပြတ်ကြားနေရသည်။ မိုးကျော်က ခင်မာဝေ့ကို စိတ်မချဖြစ်နေရသည့် [illegible]တစ်ဖက်…အပြင်ဖက်မှ ကြားနေရသည့် အသံကတစ်ဖက်နှင့် ပြာယာခတ်နေ၏။ ထို့နောက် မိုးကျော်က

"ဝေ…အပြင်ဖက်က တံခါးခေါက်နေတဲ့ အသံကတော့ သေချာတယ်…ကို သွားဖွင့်မှရတော့မယ်…၊ ကို ဒီအခန်းထဲက ထွက်သွားတာနဲ့ ဝေအထဲက တစ်ခါတည်း Lock ချထား လိုက်တော့…ကြားလား…"

ခင်မာဝေကလဲ မိုးကျော်၏ စကားကို သဘောပေါက်သလို အမူအရာနှင့် သူ့ခေါင်းကို တဆတ်ဆတ်ညိမ့်ပြလိုက်သည်။

ပြောပြောဆိုဆို မိုးကျော်က ပိတ်ထားသော အခန်းတံခါးကို ရဲရဲတရဲနှင့် ဖွင့်ဟကြည့်လိုက်၏။ သူ့မျက်လုံးတွေကလဲ တံခါးအပြင်ဖက်မှ အိမ်အတွင်းပိုင်းတစ်ခုလုံးကို ဝေ့ပြီး ကြည့်လိုက်၏။ ထို့နောက် အခန်းတံခါးကို နောက်ပြန်တွန်းပိတ်လိုက်ပြီး အိမ်ရှေ့တံခါးမကြီးဆီသို့ ပြေးသွားပြီး ဖွင့်လိုက်သည်။ ခင်မာဝေမှာလဲ မိုးကျော် အခန်းထဲမှ ထွက်သွားသည်နှင့် အခန်းတံခါးကို အတွင်းမှ Lock ချပြီး ပိတ်လိုက်၏။

မိုးကျော် အိမ်ရှေ့မှ တံခါးမကြီးကို ဆွဲဖွင့်လိုက်သောအခါ…

"ဟင်…"

အပြင်ဖက်တွင်တော့ တစ်စုံတစ်ယောက်ကိုမှ မတွေ့ရ…။ မိုးကျော်၏ ခေါင်းနပန်းတွေက ချက်ချင်းပင်ကြီးသွား[illegible]။

www.burmeseclassic.com

www.burmeseclassic.com



''ဒါ…ဒါ ရိုးမှရိုးသားရဲ့လား…ငါတို့ဆီကို အန္တရာယ်ပေးဖို့ တစ်စုံတစ်ယောက်များရောက်လာနေပြီလား…မဖြစ်ဘူး အခန်းထဲကို အမြန်ပြန်ဝင်နေမှ ဖြစ်မယ်…''

ထိုအတွေးနှင့်အတူ အိမ်ရှေ့တံခါးမကြီးကို ကပျာကယာနှင့် ပြန်ပိတ်လိုက်ပြီး ခင်မာဝေရှိရာ အခန်းဆီသို့ ပြန်ပြေးလာမိ၏။

''ဒေါက်…ဒေါက်''

''ဝေ…ဝေ…ကိုပါ…တံခါးဖွင့်ပါအုံး…''

မိုးကျော်က အသံခပ်အုပ်အုပ်ဖြင့် ခင်မာဝေ့ကို အခန်းအပြင်မှ တံခါးခေါက်ရင်း ခေါ်လိုက်၏။ ထို့နောက် တံခါးလက်ကိုင်ဘုကို အပြင်မှနေ၍ လှည့်ကြည့်သည်။ တံခါးကတော့ အသေအချာပင် အတွင်းမှ Lock ချထား၏။ ထို့နောက် မိုးကျော်က လေသံကို အနည်းငယ်မြှင့်ပြီး ခေါ်လိုက်ပြန်၏။

''ဒေါက်…ဒေါက်…ဒေါက်…''

''ဝေ…၊ ဝေ…၊ ကိုပါ တံခါးဖွင့်ပါအုံး…''

အထဲမှ ခင်မာဝေ၏ ပြန်ထူးသံကတော့ လုံးဝတိတ်ဆိတ်နေသည်။

''ဝေ…၊ ဝေရေ ခင်မာဝေ…''

တိတ်ဆိတ်မြဲတိတ်ဆိတ်နေသည့် အခြေအနေကြောင့် မိုးကျော်၏ စိတ်တွေဗလောင်ဆူလာ၏။ တစ်ခဏအတွင်းမှာ မိုးကျော်၏ ရင်တွေက တလှပ်လှပ်ခုန်လာပြီး အာခေါင်တွေကလဲ ခြောက်ကပ်ကပ်ဖြစ်လာသည်။ ထို့နောက် လက်သီးနှစ်ဖက်ကိုဆုတ်ပြီး တံခါးကို တဒုန်းဒုန်းနှင့်ဆက်ပြီး ထုကြည့်နေပြန်သည်။

''ဒုန်း…ဒုန်း…ဒုန်း…''



''ခင်မာဝေ…ခင်မာဝေ…''

အခန်းထဲမှ တုန့်ပြန်သံကတော့ ဘာတစ်ခုမှ ထူးခြားမလာပေ…။

ထို့နောက် မိုးကျော်က အခန်းတံခါးကို သူ့ပခုံးအားနှင့် ပြေးပြီး …ဖွင့်လိုက်သည်။ မရ…နောက်တစ်ကြိမ်အရှိန်နှင့် ပြေးတိုက်လိုက်ပြန်သည်။

''ဝုန်း…''

တံခါးက ဝုန်းကနဲ ပွင့်ထွက်သွားပြီး သောမှန်ရုံနှင့် တံခါးရွက် …ရိုက်မိသံကြီးက ကျယ်ကျယ်လောင်လောင် ထွက်သွား၏။ မိုးကျော်က …တံခါးပွင့်လျှင်ပွင့်းသွားချင်း အခန်းအတွင်းသို့ ကြည့်လိုက်ရာ…

''ဟင်…''

အခန်းအတွင်းလုံခြုံအောင် သူတို့ပိတ်ထားခဲ့သည့် ပြူတင်း …ပေါက်က ဟောင်းလောင်းပွင့်နေလျက် ထိုပြူတင်းပေါက်ဘောင်ပေါ်မှ …အပြင်သို့ လျှောချဆင်းသွားသော မြွေတစ်ကောင်၏အမြီးကို တအံ့တဩနှင့် …တွေ့လိုက်ရသည်။ ထိုထက်ပိုဆိုးသည်က…

ထိုအခန်းထဲတွင် ခင်မာဝေ ရှိမနေတော့ခြင်းပင်…။

''ဟင်''

''ခင်မာဝေ…ခင်မာဝေ…''

မိုးကျော် အော်ဟစ်ခေါ်နေသံက ပါးစပ်ဖျားတွင်ပင် တစ်ဆို့ နေ၏။ အခန်းတစ်ခန်းလုံး လှည့်ပတ်ကြည့်ရင်းနှင့် အရူးတစ်ယောက် လို ဖြစ်နေ၏။ ထို့နောက် စောစောက မြွေအမြီးကို လှမ်းမြင်လိုက်… ပွင့်နေသော တံခါးပေါက်ဆီသို့ သွားကာ အပြင်ဖက်သို့ ကြည့်… အိမ်အပြင်ဖက်ခြံဝင်းထဲတွင်တော့ မြက်ရိုင်းပင်များ၊ ပန်းပင်…

www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမှ မတွေ့ရချေ…။

မိုးကျော်က ချက်ချင်းပင် ထိုအခန်းထဲမှ လှည့်ထွက်သွားပြီး အိမ်ရှေ့တံခါးမကြီးမှနေ၍ အိမ်အပြင်ဖက်ကို ထွက်ကြည့်လိုက်သည်။ ခင်မာဝေကိုတော့ အရိပ်အယောင်ပင်မမြင်ရ…။

ထို့နောက်…သူ့အခန်းရှိရာသို့ အိမ်အပြင်ဖက်မှပတ်ပြီး သွား ကြည့်မိပြန်သည်။ စောစောက ပွင့်နေသည့် ပြူတင်းပေါက်တံခါး၏ အောက် တွင်လဲ ခြေရာလက်ရာပျက်ပြီး သစ်ပင်ခြုံနွယ်တွေ လဲပြိုနေကြသည်ကို မတွေ့ရ…။ အားလုံးက နဂိုအတိုင်းပင်…။

''ဟင်…ဒါဆို…ခင်မာဝေ…ဘယ်ရောက်သွားပြီလဲ… စောစော က ငါမြင်လိုက်ရတဲ့ မြွေကရော ဘယ်ရောက်သွားပြီလဲ…''

မိုးကျော်က အိမ်ဘေးပတ်ဝန်းကျင်တစ်ခုလုံးကို လှည့်ပတ်ပြီး ရှာဖွေနေမိသည်။ အိမ်ခြံဘေးပတ်ပတ်လည်မှာ မြက်ပင်ပေါင်းပင်တို့က ရှင်းလင်းမထားသဖြင့် အတော်အသင့်ပင် ရှည်လျားနေကြသည်။

ရှေ့သို့ တစ်လှမ်းနှစ်လှမ်းတိုးမိရုံနှင့် သူ့ခြေထောက်ကို တစ်စုံ တစ်ရာက ရစ်ပတ်လိုက်သည်ကို ခံစားလိုက်ရသည်။

''အမလေး…''

ခြေထောက်ကို သေချာပြန်ငုံ့ကြည့်လိုက်တော့ အဝတ်လှန်းသည့် ကြိုးတန်းတစ်ခုက မြေကြီးပေါ်ပြုတ်ကျပြီး လာပတ်နေခြင်းပင်…။ ထိုခြေထောက်မှာ ရစ်ပတ်နေသည့် ကြိုးစကို ခါထုတ်လိုက်သော်လည်း ကြိုးက လွယ်လွယ်နှင့် ပြုတ်ထွက်မသွား…။

ထို့နောက် မိုးကျော်က ထိုကြိုးစကိုငုံ့ပြီး ဖြည်လိုက်သည့်အချိန် တွင် သူ့မျက်နှာရှေ့မှာ ဘွားကနဲတွေ့လိုက်ရသည့် မြွေတစ်ကောင်ကြောင့်



…လုံးခုန်သံတွေပင် ရပ်သွားတော့မတတ် ဖြစ်သွား၏။ ထိုမြွေက …မျက်နှာနှင့်တစ်ထွာသာသာလောက်သာ ကွာဝေးနေပြီး ပါးပြင်းကို …နေအောင် ထောင်ထား၏။

''အမလေး…''

မျက်စိစုံမှိတ်ကာ လန့်ပြီးအော်လိုက်သည့် မိုးကျော်၏ အသံ ကြောင့် မြွေက သူ့ပခုံးပေါ်မှ ကျော်သွားပြီး လည်ပင်းကို ရစ်ပတ်ထား …၏။ ဒါကိုတော့ သူမသိလိုက်…။

သူ့မျက်စေ့ပြန်ဖွင့်ကြည့်လိုက်သောအခါ စောစောက မြွေကို မတွေ့ ရတော့ဘဲ အေးစက်စက်အထိအတွေ့တစ်ခုက သူ့လည်ပင်းနေရာ …စ်ဝိုက်တွင် ပွတ်သတ်နေသလိုခံစားလိုက်ရသည်။

''ဟင်''

သူ့အထင်ကတော့ ခင်မာဝေ၏ လက်ချောင်းများက သူ့နောက် ကျောမှ လည်ပင်းကို သိုင်းဖက်ထားသည်ဟုပင် ထင်နေမိသည်။

မိုးကျော်က လည်ပင်းပေါ်တွင် လှုပ်ရှားနေသည့် အေးစက်စက် အရာကို ခင်မာဝေ၏ လက်အထင်ဖြင့် လှမ်းဆုတ်ကိုင်မိလိုက်စဉ်မှာပင်…

''အား…''

ဆတ်ကနဲ လှမ်းပေါက်လိုက်သည့် မြွေစွယ်နှစ်ချောင်းက မိုးကျော်၏ နဖူးပြင်ပေါ်တွင် တန်းလန်းကြီးစိုက်ဝင်နေ၏။

ထိုအချိန်မှာပင် မိုးကျော်၏ အသိတွေက များစွာနောက်ကျ သွားလေပြီ…။

www.burmeseclassic.com

www.burmeseclassic.com



## နိဂုံး

နယ်မြို့လေးတစ်မြို့…

ယောကျ်ားလေးသုံးယောက်နှင့် မိန်းကလေးငါးယောက်ပါတဲ့ အဖွဲ့တစ်ဖွဲ့က လွတ်လပ်စွာ ရယ်မောပျော်ရွှင်စွာဖြင့် ပျော်ပွဲစားထွက်လာကြသည်။ ထိုအဖွဲ့ထဲတွင်ပါသည့် မျက်မှန်နှင့် ပိန်ရှည်ရှည်ယောကျ်ားလေးတစ်ယောက်က ရေစိုနေသော ကြိုးတစ်ချောင်းကို ကောက်ယူကာ သူတို့အဖွဲ့ထဲမှ နီနီဟုခေါ်သော မိန်းကလေးတစ်ယောက်၏ ပခုံးပေါ်သို့ ပစ်တင်ရင်းလှမ်းပြီး နောက်ပြောင်လိုက်၏။

"မြွေ…မြွေ"

"အမလေး…"

ရုတ်တရက် လန့်ပြီးအော်လိုက်သည့် ထိုမိန်းကလေး၏အသံကြောင့် ကျန်သူများကပါ အော်ဟစ်ရယ်မောလိုက်ကြသည်။

"ဟဲ့ သေနာ ဇော်ဗလထင်…၊ နင့်ကို အဲဒီလိုတွေ မနောက်ပါနဲ့လို့ ငါဘယ်နှစ်ခါရမလဲ…"



ထိတ်ထိတ်ပြာပြာနှင့် ပုံပျက်ပန်းပျက်ကြီးလန့်သွားသည့် နီနီ ဆိုသော မိန်းကလေးက ဇော်ဗလထင်ကို သူ့ပါးစပ်ထဲရှိရာတွေ ပြောဆို[illegible]ခေါက်ပစ်လိုက်သည်။

တခြားသူငယ်ချင်းတွေအားလုံးကတော့ ဇော်ဗလထင်နှင့် နီနီ[illegible]အဖြစ်ကိုကြည့်ကာ တဝါးဝါးတဟားဟား ရယ်မောနေကြ၏။

အားလုံးနည်းတူ…မရယ်မောဘဲ…အေးစက်စက် စိုက်ကြည့်နေသည့် သူတို့အဖွဲ့ထဲမှ မိန်းကလေးတစ်ယောက်က ထူးဆန်းသော စကားကို ထုတ်ပြောလိုက်၏။

"မြွေ ဆိုလို့ အခုမှ ပြောဖို့သတိရတယ်…ပဲခူးရိုးမထဲမှာ…[illegible]တစ်ရာဘုရားဆိုတာရှိတယ်…၊ အဲဒီဘုရားကို ရောက်ဖူးပြီးရင် အကောင်တစ်ရာမြောက်မြွေရဲ့ ရှေ့မှာ ဆုတောင်းတဲ့အခါ…၊ ဆုတောင်းတိုင်းပြည့်တယ်ဆိုပဲ…၊ နင်တို့အားလုံးသွားချင်ကြရင် ငါလိုက်ပို့ပေးမယ်လေ…"

ထိုစကားကို ပြောလိုက်သော မိန်းကလေးကတော့ ဒီမြို့ကလေးသို့ ယခုနှစ်မှပင် ပြောင်းရွှေ့ရောက်ရှိလာသည့် "ခင်မာဝေ"ဆိုသူ ဖြစ်လေသည်။

သင်တို့ကော…

ဆုတောင်းတိုင်းပြည့်မည်ဆိုလျှင်…

ဆုတောင်းချင်ကြပါသလား…

**သတိုးဝေ**

www.burmeseclassic.com